# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)


၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၄ ရက်၊ သောကြာနေ့။ Friday 18 May 2018 ၉၂၉၀






ကလေး-တီးတိန်-တွန်းဇံ လမ်းပေါ်ရှိ မြေထိန်းနံရံများ ကြံ့ခိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစဉ်။

# ကမ္ဘာ့အဆင့်မီကော်ဖီမျိုးအား ချင်းပြည်နယ်တွင် စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးရန် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မှာကြား

## ၂၀၂၁ ခုနှစ်တွင် စုစုပေါင်း ကော်ဖီစိုက်ဧက ၁၂၂၀ ရှိလာမည်

တွန်းဇံ မေ ၁၇

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၁၆ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ရောက်ရှိကြသည်။**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား နယ်မြေခံတပ်ရိပ်သာ၌ ကလေးခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### အကျိုးရှိထိရောက်အောင်စီမံ

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး သဘာဝဘေး ကြိုတင်ကာကွယ်ရေးအတွက် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကို နှစ်အလိုက် ဘတ်ဂျက်တွင်လည်းကောင်း၊ အရေးပေါ်အခြေအနေများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာရန်ပုံငွေမှလည်းကောင်း တင်ပြတောင်းခံ အသုံးပြုသွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ အသုံးပြုရာတွင် ပြည်သူများအတွက် အကျိုးရှိထိရောက်အောင် စနစ်တကျစီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

### နေရှဉ့်ရာချောင်း

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကလေးမြို့ ဖောင်ကူးတံတားအနီး နေရှဉ့်ရာချောင်း ကမ်းထိန်းနံရံ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ကလေးမြို့ ဖောင်ကူးတံတားအနီးတွင် အလျားပေ ၇၂၀ ရှိ နေရှဉ့်ရာချောင်းကမ်းထိန်းနံရံကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၂၆၇ သန်းဖြင့် ကျောက်စီမြေထိန်းတမံအဖြစ် တည်ဆောက်လျက်ရှိသည်။


**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪**



**နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝရရှိရေးအတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျ စိစစ်ကြပ်မတ်ကောက်ခံပေးရေး အဆိုတင်သွင်း**

ပြည်သူ့လွှတ်တော် စာမျက်နှာ - ၅

**ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ဝင်းရော်ချောင်းကူးတံတား တည်ဆောက်နိုင်ရန် ဆောင်ရွက်ပေးသွားမည်**

အမျိုးသားလွှတ်တော် စာမျက်နှာ - ၇

**သဘာဝဘေးအန္တရာယ်ကာကွယ်ရေးမှာ သတင်းမှားယွင်းမှုတွေက အနှောင့်အယှက်ဖြစ်စေ**

တွေ့ဆုံမေးမြန်း စာမျက်နှာ - ၁၇





ကြေးမုံ

# မိုးကြိုးပစ် ထန်းလက်နှင့်ကာ

မြန်မာတို့၏ဆိုရိုးစကားတွင် မိုးကြိုးပစ် ထန်းလက်နှင့်ကာဟူသည့် ဆင်ခြင်တုံတရားနည်းပါးသော ပြုလုပ်မှုမျိုးအတွက် ဥပမာပေးစကားရှိသည်။ အမှန်တကယ်တွင် မိုးကြိုးပစ်လျှင် ထန်းလက်နှင့်ကာ၍ မရနိုင်။ မိုးကြိုးပစ်လျှင် သတိတရားနှင့် ဆင်ခြင်ဉာဏ်ထားဖို့သာ လိုအပ်သည်။ မိုးကြိုးပစ်မှုမှာ သဘာဝဖြစ်စဉ်တစ်မျိုးသာဖြစ်ပြီး အထူးအဆန်းကြီးမဟုတ်သော်လည်း လူကိုသေစေနိုင်သည့် သဘာဝဘေးတစ်ခုအဖြစ် သိရှိနားလည်ထားသင့်သည်။

အိန္ဒိယနိုင်ငံတွင် ယခုနှစ် ဧပြီလအတွင်းက တစ်ရက်အတွင်း မိုးကြိုး ၃၆၇၄၉ ကြိမ်ပစ်ခဲ့ပြီး လူ ကိုးဦး သေဆုံးခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်များအတွင်း တစ်နှစ်လျှင် လူ ၂၀၀၀ ခန့် မိုးကြိုးထိ သေဆုံးခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယခုလ ပထမပတ်အတွင်း မိုးကြိုးပစ်ခံရသောကြောင့် လူ ၅၈ ဦး သေဆုံးခဲ့ကြောင်း ၎င်းတို့နိုင်ငံမှ ထုတ်ပြန်သော သတင်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် ယမန်နှစ် ဧပြီလမှ ယခုနှစ် မတ်လကုန်အတွင်း မိုးကြိုးပစ်မှုဖြစ်စဉ် ၁၀၉ ကြိမ် ဖြစ်ပွားခဲ့ရာ လူ ၁၁၁ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရသူ ၃၉ ဦးရှိခဲ့သဖြင့် နှစ်ရက်လျှင် လူတစ်ဦးနှုန်း မိုးကြိုးပစ်ခံရကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။ ထို့ကြောင့် မိုးကြိုးပစ်မှုဖြစ်စဉ်ကို လူအများ အသက်ဘေးအန္တရာယ်ဖြစ်စေသော သဘာဝဘေးဆိုးတစ်ခုအဖြစ် သတိမူရမည် ဖြစ်သည်။

မိုးကြိုးပစ်မှုကို နှစ်စဉ် ဧပြီလမှ မေလအတွင်း နွေနှောင်းရာသီ မိုးကြိုကာလတွင် သတိထားရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ၂၀၁၇ ခုနှစ် ယခုကဲ့သို့ကာလတွင် ကောက်ယူထားသောစာရင်းများအရ မိုးကြိုးပစ်ခံရ၍ လူ ၂၀ ဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ယခုနှစ် ဤရာသီတွင်လည်း နိုင်ငံတစ်ဝန်း၌ မိုးကြိုးပစ်၍ လူသေဆုံးမှုများရှိကြောင်း သတင်းများ ကြားသိနေရသည်။

မိုးကြိုးပစ်ခြင်းသည် မိုးတိမ်တောင်များမှ ဖြစ်ပေါ်လာသည်။ မိုးတိမ်တောင်များ ဖြစ်ပေါ်နေစဉ် ပူပြင်းသောလေပူများနှင့် မုတ်သုံလေအေးများ ထိတွေ့သောအခါ မိုးတိမ်တောင်များ အားကောင်းလာပြီး လေပြင်းတိုက်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်တတ်သည်။ နွေရာသီပြောင်း မိုးကြိုကာလ၌ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် မိုးကြိုးပစ်ခြင်း အဖြစ်များတတ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားသည်။

လက်ရှိကာလတွင် နေ့အပူချိန်များ မြင့်တက်နေကာ လေပူများ အထက်ကောင်းကင်သို့ တက်နေသည်။ မိုးကြိုရာသီလည်းဖြစ်၍ လေအေးများနှင့် တွေ့ဆုံသဖြင့် မိုးတိမ်တောင်များ ဖြစ်ပေါ်လာပြီး လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်နေသည်။ အထူးသဖြင့် မြင့်မားသောနေရာများ၊ လယ်ကွင်းကဲ့သို့ ကွင်းပြင်များရှိ လျှပ်စစ်ကွင်း မိနိုင်သောနေရာများသို့ မိုးကြိုးပစ်တတ်သည်ကို သတိထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ မိုးတိမ်တောင်ဖြစ်နေသောအချိန်၊ လျှပ်စီးလက်နေသောအချိန်များတွင် လျှပ်စီးကူးနိုင်သောနေရာများ၊ မြင့်မားသောနေရာများ၊ လဟာပြင်နေရာများတွင် မိုးကြိုးပစ်ပါက ထန်းလက်နှင့်ကာ၍ မရနိုင်သည်ကို အထူးသတိထားမိစေရန် ပြည်သူများအား အသိပေးအပ်ပါသည်။ ။

MYANMAR Digital News
Presented by MPE
www.mdn.gov.mm

## ❍ ဘင်္ဂလားဒေ့ရှ်မှ

နေရပ်စွန့်ခွာသူများနှင့် ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုများနှင့် လူမှုအသိုက်အဝန်းနှစ်ခုအကြား ယုံကြည်မှု တည်ဆောက်ရေးနှင့် ပြန်လည်ဝင်ရောက်လာမည့်သူများ အကြား ဘင်္ဂလားဒေ့ရှ်ဘက်မှ သတင်းအချက်အလက်များ ဖြန့်ဝေဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ပြန်လည်ခေါ်ယူရေးနှင့်ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ ပါဝင်နိုင်မှု အခြေအနေတို့နှင့် ပတ်သက်၍ နှစ်ဖက်အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့မှ UEHRD လုပ်ငန်းစဉ်များအပါအဝင် ပြန်လည်လက်ခံရေးအတွက် စီစဉ်ထားရှိမှုများ၊ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြောင်း စိစစ်ရေးလုပ်ငန်းစဉ်များ၊ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးမှု အခြေအနေနှင့် ပြန်လည်ခေါ်ယူရေး၊ နေရာချထားရေးနှင့် ပေါင်းစည်းရေးဆိုင်ရာလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ဆွေးနွေးနေမှု အခြေအနေများကို အသိပေးပြောကြားခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် စိစစ်ပြီးနေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရန် ကြိုးပမ်းဆောင်ရွက်ထားရှိမှုနှင့် အဆင်သင့်ဖြစ်နေမှုများကို ထပ်လောင်းပြောကြားခဲ့ပြီး ယခင်ပေးပို့ထားသည့် စိစစ်အတည်ပြုပြီး အစ္စလာမ်ဘာသာဝင် ၇၇၈ ဦးနှင့် ဟိန္ဒူဘာသာဝင် ၄၄၄ ဦးအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ လက်ခံရရှိခဲ့သည့် ၈၀၃၂ ဦး အနက် ၂၀၁၈ ခုနှစ် မေ ၂ ရက်အထိ စိစစ်ပြီး ၁၁၀၁ ဦးကို ဆောလျင်စွာ ပြန်လည် ပို့ဆောင်ရေးလုပ်ငန်းစဉ် စတင်ရန် ဘင်္ဂလားဒေ့ရှ်ဘက်ကို တိုက်တွန်း ပြောကြားခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား နတ်မြစ်မြောက်ပိုင်း ကုန်းနယ်နိမိတ် သတ်မှတ်ခြင်းဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၁၄ ပါအချက်ကို ချိုးဖောက်လျက် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး အဆောက်အအုံ မဆောက်လုပ်ရဇုန်အတွင်း ဆောက်လုပ်ထားသည့် အဆောက်အအုံများ ဖျက်သိမ်းပစ်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တောင်းဆိုခဲ့သည်။

ထို့အပြင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်လည်ခေါ်ယူရေး လုပ်ငန်းစဉ် စတင်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် နှစ်နိုင်ငံအကြား သဘောတူညီချက်များနှင့် စိစစ်ရေးပုံစံများနှင့် ပတ်သက်၍ ပြန်လည်ဝင်ရောက်မည့်သူများအကြား နားလည်သဘောပေါက်မှုမြှင့်တင်ရန် ဆောင်ရွက်သွားမည့် အစီအမံများ အပါအဝင် ဘင်္ဂလားဒေ့ရှ်ဘက်၌ ကြားစခန်းများ ဆောက်လုပ်ပြီးစီးမှု အခြေအနေတို့နှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်ဘက်သို့ မေးမြန်းခဲ့သည်။

ရခိုင်ပြည်နယ်ရှိ ပြည်သူအားလုံးအတွက် စဉ်ဆက်မပြတ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ အသိုက်အဝန်းများအကြား သဟဇာတဖြစ်မှု၊ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုပြန်လည်ရရှိစေရန် ပတ်ဝန်းကျင် ဖန်တီးရာတွင် နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် အတူတကွ လက်တွဲဆောင်ရွက်သွားရန် မြန်မာကိုယ်စားလှယ်အဖွဲ့က တိုက်တွန်းပြောကြားခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် နှစ်ဖက်အပြန်အလှန် နားလည်မှု၊ ခမ္မဓိဋ္ဌာန်ကျကျ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်လေးစားမှုနှင့် နှစ်နိုင်ငံသဘောတူညီချက်များကို လေးစားလိုက်နာရေးသည် ပြန်လည်ခေါ်ယူရေးလုပ်ငန်းစဉ်တွင် ကောင်းမွန်သော ရလဒ်များ ရရှိစေမည်ဖြစ်ကြောင်း အလေးထားပြောကြားသည်။

တတိယအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးကို နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ပြီး ကျင်းပမည့်နေ့ရက်နှင့်အချိန်တို့ကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**



**နေရပ်စွန့်ခွာသူများ ပြန်လည်ခေါ်ယူရေးဆိုင်ရာ ဒုတိယအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရဧည့်ဂေဟာ၌ ကျင်းပစဉ်။**

## လှော်ကားရေလှောင်ကန်ပတ် Mountain Bike စက်ဘီးပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး စက်ဘီးဆပ်ကော်မတီနှင့် Joy Trading ကုမ္ပဏီလီမိတက် GIANT Myanmar စက်ဘီးဆိုင်မှ အဓိကပံ့ပိုးကူညီပေးသည့် ဒုတိယအကြိမ် လှော်ကားရေလှောင်ကန်ပတ် Mountain Bike စက်ဘီးပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စက်ဘီးဆပ်ကော်မတီဥက္ကဌ ဦးကိုကြီးနှင့် ဒုတိယဥက္ကဌ ဦးကျော်ကျော်ထွန်းတို့က ပြိုင်ပွဲကျင်းပရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။

ယင်းပြိုင်ပွဲတွင် Pro တန်းပြိုင်ပွဲ လှော်ကားရေလှောင်ကန်ပတ် တာလမ်းကြောင်း သုံးပတ်၊ အသက် ၁၉ နှစ်နှင့်အထက် ၄၀ ကြားပြိုင်ပွဲ၊ တာလမ်းကြောင်း နှစ်ပတ်၊ အသက် ၁၉ နှစ်အောက်၊ အသက် ၅၀ နှစ်နှင့် အထက်၊ အသက် ၄၀ နှင့် ၅၀ ကြား အမျိုးသမီးအလွတ်တန်း တာလမ်းကြောင်း တစ်ပတ်တို့ ဖြစ်ကြပြီး စုစုပေါင်း ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးဖြင့် ပြိုင်ပွဲကို မေ ၂၇ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲအလိုက် ဦးစွာပန်းဝင်လာသော အားကစားသမား ၁၀ ဦးအား ထိုက်တန်စွာ ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၁၇**

ရန်ကုန်(ရွှေဈေး) ၉၃၂၀၀၀ - ၉၃၂၀၀၀   မန္တလေး(ရွှေဈေး) ၉၃၂၀၀၀ - ၉၃၂၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၈၆၀/၈၈၀ ကျပ်၊ | ၉၁၀/၉၄၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၈၇၀/၈၉၅ ကျပ်၊ | ၉၇၅/၉၉၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၂၅/၈၄၅ ကျပ်၊ | ၉၁၅/၉၃၅ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၇၅/၈၉၅ ကျပ်၊ | ၉၂၀/၉၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၇/၈၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၅/၉၀၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၃၅/၈၄၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၅.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၉၂.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀.၈၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁.၈၁၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉.၉၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉.၇၅၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၈.၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၄၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၅.၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၀.၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေးရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁) တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

## ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးစေချင်

ပြည်သူများက အစိုးရရဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးစေချင်ပါတယ်။ အထူးသဖြင့် ကျွန်မတို့ အနာဂတ်အကျိုးမျှော်ကိုးပြီး လူငယ်များ ပါဝင်စေချင်ပါတယ်။ ပါဝင်နေကြတာကိုလည်း တွေ့ရလို့ အင်မတန်မှ ဝမ်းသာပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှကောက်နုတ်ချက်)

## ချင်းပြည်နယ်ဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၁/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၃ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်)**

**ချင်းပြည်နယ်ဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ ချင်းပြည်နယ် အစိုးရအဖွဲ့၊ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်ကို ယင်း၏ သဘောဆန္ဒအလျောက် ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**✻ စက်သုံးဆီဈေးနှုန်းမှ**

မေ ၁၇ ရက် ဈေးနှုန်းများအရ သိရသည်။ ယင်းအပြင် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင် ဒေါ်လာ ၇၀ အထက်သို့ ရောက်ရှိလာခဲ့ပြီး ကမ္ဘာ့ဈေးနှုန်းမြင့်တက်မှုနှင့် ပြည်တွင်းရှိ ဒေါ်လာဈေး မြင့်တက်ခဲ့မှုတို့ကြောင့် ဈေးနှုန်းမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း စက်သုံးဆီရောင်းချသူများက ဆိုသည်။

"ဈေးတက်ရင် ချက်ချင်း တက်သွားတာ၊ ကျတဲ့အခါကျတော့ ငါးကျပ်၊ ၁၀ လောက်ပဲကျတာ၊ ဆီဈေးတက်ရင် အကုန်လိုက်တက်တာပဲ၊ သူက အခြေခံပဲဆိုတော့ သယ်ယူပို့ဆောင်စရိတ်တက်ရင် အကုန်တက်မှာပဲ၊ အစိုးရအနေနဲ့ ပြည်တွင်းဈေးကို လိုက်ထိန်းချုပ်တာမျိုးထက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ခွင့်ပြုသင့်တယ်၊ ပြည်တွင်းမှာပဲ လူနည်းစုက ဈေးကွက်လက်ဝါးကြီး အုပ်ထားတာထက် အများပြည်သူ အဆင်ပြေစေဖို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ခွင့်ပြုပေးသင့်တယ်" ဟု ရန်ကုန်မြို့ခံတစ်ဦးက ပြောသည်။

ယင်းသို့ စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာမှုကြောင့် တိုင်းဒေသကြီးအတွင်း စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကုန်ဈေးနှုန်း ကျဆင်းစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် သက်ဆိုင်သော စီမံချက်၊ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးလှဌေးက မေ ၈ ရက်က ပြုလုပ်ခဲ့သော တိုင်းဒေသကြီးလွှတ်တော်တွင် မေးမြန်းခဲ့ရာ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက စက်သုံးဆီအရောင်းဆိုင်များက ညှိနှိုင်းထားသော ဈေးနှုန်းထက် ကမ္ဘာ့ဈေးကွက် ပေါက်ဈေးနှင့်အညီ ဈေးနှုန်းဖြစ်ပေါ်စေရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က အစီအမံများ ချမှတ်ဆောင်ရွက်သွားရန်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

တိုင်းဒေသကြီးအစိုးရအနေဖြင့် စက်သုံးဆီဈေးနှုန်းနှင့် ရောင်းဝယ်မှုအခြေအနေများကို စီမံကိန်းရေးဆွဲရေး ဦးစီးဌာနက ပြုစုနေပြီး ဈေးနှုန်းကျဆင်းရေးအတွက် အစီအမံတစ်ရပ် ချမှတ်ဆောင်ရွက်ပေးရန်ရှိကြောင်း တိုင်းဒေသကြီးဝန်ကြီးက ထည့်သွင်းပြောကြားထားသည်။

ယခုလက်ရှိ ကျင်းပနေသော တိုင်းဒေသကြီး လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းမှုအပေါ် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက စက်သုံးဆီအရောင်းဆိုင်များက ညှိနှိုင်းထားသော ဈေးနှုန်းထက် ကမ္ဘာ့ဈေးကွက်ပေါက်ဈေးနှင့်အညီ ဈေးနှုန်းဖြစ်ပေါ်စေရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က အစီအမံများ ချမှတ်ဆောင်ရွက်သွားရန်ရှိကြောင်း ပြန်လည်ဖြေကြားသွားခဲ့ခြင်းဖြစ်သည်။

**ဝဝ၁**

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၇**

လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲအဖြစ် ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများ လောင်းလှူ

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့်တတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲအခမ်းအနားကို မေ ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ဂန္ဓကုဋိတိုက်အတွင်း၌ ဆွမ်းဆန်တော်များ၊ လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ပွဲ ကျင်းပသည်။



ရှေးဦးစွာ နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ရွှာမပရိယတ္တိစာသင်တိုက် မဟာပဓာနနာယက ဘဒ္ဒန္တတိလောကာဘိဝံသ ဆရာတော်ထံမှ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်ပရိသတ်များနှင့် အလှူရှင်များက ကိုးပါးသီလ ခံယူဆောက်တည်ကြ၍ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သော အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ညက်ဟိန်း**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ကာတွန်းနှင့် ပိုစတာရေးဆွဲပြိုင်ပွဲဝင်နိုင်

**နေပြည်တော် မေ ၁၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ယခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ပြီး ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ် (Theme)မှာ "ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့" "Beat Plastic Pollution" ဖြစ်ပြီး အဆိုပါခေါင်းစဉ်ဖြင့် အလွတ်တန်းကာတွန်းနှင့် ပိုစတာပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ ပင်လယ်သမုဒ္ဒရာများကို ညစ်ညမ်းစေသော၊ အဏ္ဏဝါသက်ရှိများအား ပျက်စီးစေသော၊ လူသားတို့၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသော တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ၏ အန္တရာယ်ကို အများပြည်သူ သိရှိနိုင်စေရန်နှင့် ပလတ်စတစ်ထုတ်လုပ်သုံးစွဲမှုကို လျှော့ချခြင်း (Reduce)၊ ပြန်လည်အသုံးပြုခြင်း (Reuse)၊ ပြန်လည်ထုတ်လုပ်ခြင်း (Recycle) တို့ အပါအဝင် ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်နိုင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အဆိုပါ ဆောင်ပုဒ်၏ ရည်ရွယ်ချက်နှင့် အသိပေးနှိုးဆော်ချက်များကို အများပြည်သူ သိရှိဆောင်ရွက်နိုင်ကြစေရန် ဆောင်ပုဒ်နှင့် ကိုက်ညီသော မိမိတို့ရေးသားသရုပ်ဖော်တင်ပြလိုသည့် အကြောင်းအရာများကို အလွတ်တန်းကာတွန်းနှင့် ပိုစတာများရေးဆွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Facebook Page ဖြစ်သည့် https://www.facebook.com/ECDMyanmar/တွင် Post တင်၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

Online စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကာတွန်းနှင့် ပိုစတာအရွယ်အစားမှာ အလျား နှစ်ပေ၊ အနံ ၂ ဒသမ ၅ ပေ ဖြစ်ရမည်။ ပြိုင်ပွဲကို မေ ၂၉ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရပ်နားမည်ဖြစ်ပြီး Like နှင့် Share အများဆုံးရရှိသော ပြိုင်ပွဲဝင်အား ချီးမြှင့်သွားမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဖုန်း ၀၆၇- ၄၃၁၃၂၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## စာအုပ်စာပေ လူ့မိတ်ဆွေ

ကြေးမုံ



# မလေးရှားဝန်ကြီးချုပ်ဟောင်း၏ နေအိမ်ကို ရဲတပ်ဖွဲ့ ဝင်ရောက်ရှာဖွေ

**ကွာလာလမ်ပူ မေ ၁၇**

မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်၏ နေအိမ်ကို ရဲတပ်ဖွဲ့က မေ ၁၇ ရက်တွင် ရှာဖွေခဲ့ကြောင်း၊ သမိုင်းဝင်ရွေးကောက်ပွဲအပြီး အောင်ပွဲခံခဲ့သော အစိုးရအဖွဲ့သစ်သည် ဝန်ကြီးချုပ်ဟောင်းနာဂျစ်ပါဝင်ပတ်သက်နေသော အဂတိလိုက်စားမှု အရှုပ်တော်ပုံနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

မြို့တော်ကွာလာလမ်ပူရှိ နာဂျစ် မိသားစုအိမ်ခြံဝင်းတည်ရှိရာသို့ မေ ၁၇ ရက် နံနက်အစောပိုင်းက ရဲကား ၁၂ စီးထက်မနည်း ရောက်ရှိလာခဲ့ကြပြီး နေအိမ်အတွင်းသို့ ရဲအရာရှိများ ဝင်ရောက်သွားကြသည်ကို တွေ့မြင်ရကြောင်း အေအက်ဖ်ပီ သတင်းထောက်က သတင်းပို့သည်။

နာဂျစ်၏ နေအိမ်နှင့် တိုက်ခန်းတွဲနေအိမ်ခန်းတစ်ခန်းတို့ကို ရဲတပ်ဖွဲ့ဝင်များက ခြောက်နာရီကျော်ကြာမျှ ရှာဖွေခဲ့ကြောင်း၊ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်နေသော စုံစမ်းစစ်ဆေးမှုတစ်ရပ်အရ ရှာဖွေခြင်းဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖမ်းဆီးခေါ်ဆောင်သွားခြင်းမရှိကြောင်း နာဂျစ်၏ ဥပဒေအကျိုးဆောင်က ပြောကြားသည်။

အသက် (၉၂)နှစ်ရှိ မဟာသီမိုဟာမက် ဦးဆောင်သော အစိုးရအဖွဲ့သစ်သည် နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံရေး ရန်ပုံငွေမှ ငွေကြေးများကို အလွဲသုံးမှုပြုလုပ်ခဲ့မှုဖြင့် စွပ်စွဲခံရသူ နာဂျစ်၏အမှုကို ဥပဒေနှင့်အညီ အရေးယူဖော်ထုတ်သွားရန် သန္နိဋ္ဌာန်ပြု ပြောကြားခဲ့သည်။

နာဂျစ်သည် ရဲအရာရှိများနှင့် ပူးပေါင်းဆောင်ရွက်ကြောင်း ၎င်း၏ ဥပဒေအကျိုးဆောင် ဟာပါးဆင်း ဂရေဝါးက ပြောကြားသည်။

**အေအက်ဖ်ပီ**



© Associated Press Photo

# လစ်ဗျားနိုင်ငံတောင်ပိုင်းလုံခြုံရေး တပ်မဟာဖွဲ့စည်းရန် ဝန်ကြီးချုပ် ညွှန်ကြား



**ထရီပိုလီ မေ ၁၇**

လစ်ဗျားနိုင်ငံတောင်ပိုင်းဒေသ လုံခြုံရေးအတွက် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့သစ်ကို ကုလသမဂ္ဂထောက်ခံသော လစ်ဗျားအစိုးရအဖွဲ့က ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း၊ နိုင်ငံတောင်ပိုင်း ဆာဘဟာမြို့၌ တိုင်းရင်းသားမျိုးနွယ်ချင်း အကြမ်းဖက်မှု ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့တစ်ဖွဲ့ကို ထူထောင်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

လစ်ဗျားနိုင်ငံအနောက်ပိုင်း၊ အလယ်ပိုင်းနှင့် မြို့တော်ထရီပိုလီတို့ရှိ စစ်ဇုန်များ၏ တပ်မှူးကြီးများအား ၎င်းတို့၏ စစ်ဇုန်တစ်ခုစီမှ တပ်ရင်းတစ်ခုစီကို တပ်မဟာဖွဲ့စည်းနိုင်ရေးအတွက် ထောက်ပံ့ပေးရန် ဝန်ကြီးချုပ်ဖေယက်ဆာရာက ညွှန်ကြားခဲ့သည်။

အသစ်ဖွဲ့စည်းမည့် တပ်မဟာသည် နိုင်ငံတောင်ပိုင်းဒေသကို ကာကွယ်စောင့်ရှောက်ပေးရေးဟူသော စစ်ရေးမစ်ရှင်အတွက် အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်၏ ညွှန်ကြားချက်တွင် ဖော်ပြထားသည်။

မြို့တော်ထရီပိုလီ အနောက်တောင်ဘက် ကီလိုမီတာ ၈၀၀ ခန့်အကွာ ဆာဘဟာမြို့၌ ယခုရက်သတ္တပတ် အစောပိုင်းက တိုင်းရင်းသားမျိုးနွယ် အချင်းချင်း အကြမ်းဖက်တိုက်ခိုက်ခဲ့ကြရာ ၄၅ ဦးထက်မနည်း သေဆုံးခြင်းနှင့် ဒဏ်ရာရရှိခြင်းတို့ ရှိခဲ့ကြောင်း လစ်ဗျားဆိုင်ရာ ကုလသမဂ္ဂရုံးက ပြောကြားသည်။

ပြိုင်ဘက်တိုင်းရင်းသားများအကြား ဖေဖော်ဝါရီလမှစ၍ တင်းမာမှုများရှိခဲ့ပြီး အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ရာ ဒေသခံမိသားစု ၂၀၀ ကျော် ဘေးလွတ်ရာသို့ ထွက်ပြေးခိုလှုံခဲ့ကြရသည်။

**ဆင်ဟွာ**

# ဂါဇာပဋိပက္ခမြင့်တက်နေချိန်အတွင်း အစ္စရေးသံအမတ်ကြီးအား တူရကီနှင်ထုတ်

**အစ္စတန်ဘူ မေ ၁၇**

ဂါဇာကမ်းမြောင်ဒေသနယ်စပ်တွင် ပါလက်စတိုင်းနှင့် အစ္စရေးတို့အကြား ပဋိပက္ခဖြစ်ပွားမှုများကြောင့် အစ္စရေးစစ်ဘက်မှ ပစ်ခတ်မှုများ ပြုလုပ်ခဲ့ပြီး ပါလက်စတိုင်းလူမျိုး ဒါဇင်နှင့်ချီ၍ သေဆုံးမှုများဖြစ်ပေါ်ခဲ့ရပြီးနောက် တူရကီနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးကို နိုင်ငံတွင်းမှ ထွက်ခွာသွားရန် အမိန့်ထုတ်လိုက်ရာ အစ္စရေးသံအမတ်ကြီးမှာ မေ ၁၆ ရက်တွင် တူရကီမှ ထွက်ခွာသွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

တူရကီနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး အီတန်နီရာ့ချ်သည် အစ္စတန်ဘူလေဆိပ်မှတစ်ဆင့် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့သို့ ထွက်ခွာသွားရာတွင် တူရကီသတင်းမီဒီယာများက သတင်းထုတ်ပြန်နိုင်ရန် သတင်းထောက်များအား အစိုးရက လေဆိပ်သို့ ဖိတ်ခေါ်ခဲ့သည်။

ကာလအကန့်အသတ်မရှိ တူရကီနိုင်ငံမှ ပြန်သွားရန် အစ္စရေးသံအမတ်အား တူရကီအစိုးရက ပြောဆိုခဲ့သည်ဆို၏။ တူရကီနိုင်ငံက တဲလ်အဗစ်မြို့ရှိ ၎င်း၏သံအမတ်အား ပြန်လည်ခေါ်ယူရေးအတွက် ညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်နေစဉ်မှာပင် ဂျေရုဆလင်မြို့ရှိ တူရကီကောင်စစ်ဝန်အား အစ္စရေးက နိုင်ငံတွင်းမှ အချိန်အကန့်အသတ်မရှိ ထွက်ခွာသွားရန် အမိန့်ထုတ်ပြန်ခဲ့သည်။

တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက အစ္စတန်ဘူမြို့ရှိ အစ္စရေးကောင်စစ်ဝန်ချုပ်အား နိုင်ငံတွင်းမှထွက်ခွာရန် ပြောကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

**အေအက်ဖ်ပီ**




© AFP

# နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝရရှိရေးအတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျ စိစစ်ကြပ်မတ်ကောက်ခံပေးရေး အဆိုတင်သွင်း

❖ ၂၀၁၈ ခုနှစ် မတ် ၃ ရက်တွင် နိုင်ငံတော်သမ္မတကိုယ်တိုင် သမ္မတအိမ်တော်၌ ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူ ၁၀ ဦး၊ ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သူ ၁၀ ဦးကိုလည်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့။

❖ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အဖွဲ့အစည်းအတွက်လည်းကောင်း၊ လူပုဂ္ဂိုလ်အတွက်လည်းကောင်း စံနမူနာပြသည့်အနေဖြင့် နိုင်ငံတော်အဆင့်မှ ဂုဏ်ပြုခြင်းဖြစ်ပြီး ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ ဂုဏ်သိက္ခာ မြင့်မားစေခြင်းနှင့်လုပ်ငန်းအတွက် အမည်ကောင်းဂုဏ်သတင်းရရှိ။



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း



ဝက်လက်မဲဆန္ဒနယ်မှ
ဦးမြင့်သိန်း



လှိုင်မဲဆန္ဒနယ်မှ
ဦးအောင်ကျော်ကျော်ဦး

**နေပြည်တော် မေ ၁၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်းက **နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝရရှိရေးအတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျ စိစစ်ကြပ်မတ်ကောက်ခံပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို** တင်သွင်းရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆုံးဖြတ်လိုက်သည်။

အစည်းအဝေးတွင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ရှေ့မှောက်တွင် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ တာဝန်ပေးအပ်ခြင်းနှင့် ကြယ်ပွင့်ပြမေးခွန်း(၆)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်ကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ တင်မြှောက်သည့်နေ့မှစ၍ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ထို့နောက် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ **အရက်ချက်စက်ရုံများတွင် Flow Meter များ တပ်ဆင်ရန်ကိစ္စ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ သိလိုခြင်း**နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အရက်ချက်စက်ရုံများမှ အဖျော်ယမကာများ ထုတ်လုပ်မှုအပေါ် အခွန်စည်းကြပ်ကောက်ခံရာတွင် ထုတ်လုပ်မှုပမာဏအမှန်ကို သိရှိနိုင်ရေး၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အခွန်ပေးဆောင်ရေးနှင့် နိုင်ငံတော်အတွက်ရသင့်ရထိုက်သော အခွန်များ အပြည့်အဝရရှိစေရန် ရည်ရွယ်၍ အရက်ချက်စက်ရုံများတွင် Flow Meter တပ်ဆင်ထုတ်လုပ်စေခြင်းကို ၂၀၁၆ ခုနှစ်မှစ၍ စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း။

စစ်ဆေးမှုများအရ စက်ရုံ ၇၂ ရုံအနက် လက်ရှိလုပ်ငန်းဆောင်ရွက်လျက်ရှိသော အရက်ချက်စက်ရုံ ၃၇ ရုံ၌ Flow Meter များအား သတ်မှတ်နေရာတွင် စနစ်တကျ တပ်ဆင်ထားမှု ရှိ၊ မရှိ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လများအတွင်းက သွားရောက်စစ်ဆေးခဲ့ပြီးဖြစ်ပါကြောင်း၊ လက်ရှိအနေအထားအရ လည်ပတ်လျက်ရှိသော စက်ရုံ ၃၃ ရုံတွင် Flow Meter များကို သတ်မှတ်စံနှုန်းများနှင့်အညီ တပ်ဆင်ထားရှိပြီးဖြစ်ပါကြောင်း၊ ကျန်စက်ရုံလေးရုံတွင်လည်း စစ်ဆေးတွေ့ရှိမှုအရ မကြာမီ တပ်ဆင်သွားမည်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ Online Monitoring System ကိုလည်း တပ်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Online Monitoring System တပ်ဆင်ခြင်း မပြုမီကာလအတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှ စစ်ဆေးခြင်းနှင့် ရုံးချုပ်စစ်ဆေးရေးအဖွဲ့များမှ စစ်ဆေးခြင်းများကို စီမံချက်ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အရက်ချက်စက်ရုံများ၏ အရက်ထုတ်လုပ်မှုများကို Online မှတစ်ဆင့် စောင့်ကြည့်ထိန်းကျောင်းနိုင်ရေးအတွက် Online Monitoring System ကို အကောင်အထည်ဖော်နိုင်ရန် Data Logger တပ်ဆင်ခြင်းကို စက်ရုံကြီး၊ စက်ရုံလတ်နှင့် စက်ရုံငယ်အဆင့်(က)(ခ)နှင့် (ဂ) ဟူ၍ ခွဲခြားပြီး စက်ရုံကြီးများတွင် ဦးစားပေးတပ်ဆင်ဆောင်ရွက်သည့်စနစ်ကို ၂၀၁၈ ခုနှစ် ဧပြီလမှ စတင်အကောင်အထည်ဖော်၍ တစ်ဆင့်ချင်း ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ **တောင်သူလယ်သမားများ ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် နှစ်ရှည်ချေးငွေကဲ့သို့သော အထောက်အပံ့ဖြစ်စေမည့် ကူညီစောင့်ရှောက်မှုများ ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံတော်ပိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာ့စီးပွားရေးဘဏ်ထံမှ ရရှိသော ရန်ပုံငွေများဖြင့် တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်နှစ်တိုင်း နွေ၊ မိုး၊ ဆောင်း သုံးရာသီအတွက် စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိပြီး သီးနှံပေါ်ချိန်တွင် ပြန်လည်ကောက်ခံပါကြောင်း၊ ယင်းသို့ကောက်ခံပြီးနောက် မြန်မာ့စီးပွားရေးဘဏ်သို့ နှစ်ချင်းပြန်လည်ပေးဆပ်ရပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်သို့ နှစ်ချင်းပြန်လည်ပေးဆပ်ရခြင်းမှာ တောင်သူလက်ဝယ် ငွေမရှိသည့်အချိန်တွင်မှ ကောက်ခံပါက တောင်သူများအတွက် ကြွေးဝန်ထုပ်ဝန်ပိုးများ ဖြစ်နိုင်ခြင်း၊ ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားခြင်းစသည်တို့ကြောင့် စိုက်ပျိုးစရိတ်ချေးငွေအား နှစ်ချင်း ပြန်လည်ပေးဆပ်စေသည့်စနစ်ကို ရှေးယခင်အစဉ်အဆက်ကပင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ယခင်ကဆိုလျှင် နှစ်ရှည်ချေးငွေနှင့်ပတ်သက်၍ သမိုင်းကို ပြန်ကြည့်သည့်အခါတွင်လည်း မရှိသလောက်ရှားပါကြောင်း၊ ယခုမှသာ နှစ်ရှည်ချေးငွေ၊ နှစ်လတ်ချေးငွေအဖြစ် သုံးနှစ်၊ ငါးနှစ် သတ်မှတ်ပြီး ချေးနိုင်သည့်အခြေအနေမျိုးကို ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ JICA မှ ရသည့်ငွေများကို သုံးနှစ်၊ ငါးနှစ်သတ်မှတ်ပြီး ချေးသော်လည်း ၎င်း၏ ရည်ရွယ်ချက်သည် စက်မှုလယ်ယာဖွံ့ဖြိုးရေးကို ဦးစားပေးသည့်အတွက်ကြောင့် ထွန်စက်၊ စပါးရိတ်သိမ်းခြွေလှေ့စက် စသည့်စက်ကိရိယာများ ဝယ်မည့်တောင်သူများကိုသာ ရွာအထိအရောက်သွားပြီး ချေးငွေထုတ်ပေးခဲ့ပါကြောင်း၊ ထို့ပြင် စက်ကိရိယာမဟုတ်ဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ပုံမှန်ထုတ်နေကျ စိုက်ပျိုးစရိတ်ငွေအပြင် အတိုးချေးငွေသဘောမျိုးဖြင့် သုံးနှစ်၊ ငါးနှစ် သတ်မှတ်ချေးရန်အတွက် မြန်မာ့စီးပွားရေးဘဏ်က ဆက်လက်ချေးပါကြောင်း၊ ယခုလောလောဆယ်တွင် ဘီလီယံ ၂၀၀ ခန့် သတ်မှတ်ထားပါကြောင်း၊ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် တောင်သူလယ်သမားများအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများကို ချေးငွေစည်းမျဉ်း၊ စည်းကမ်းများကို လေ့လာပြီး သက်ဆိုင်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် လိုအပ်သည်များကို ဖြည့်စွက်၍ သတ်မှတ်ထားသည့် ပုံစံ(၇)ကိုလည်း အာမခံပေးပြီး ချေးနိုင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **နိုင်ငံတော်အတွက် အခွန်ငွေအများဆုံးရှာဖွေ ထည့်ဝင်ပေးကြရမည့် အခွန်ထမ်းကြီးများနှင့် အလယ်အလတ်အခွန်ထမ်းများမှ အခွန်ရှောင်တိမ်းမှု လျော့ကျလာစေရေးအတွက် အခွန်ငွေကို လိုလိုလားလားနှင့် ပြည့်ပြည့်ဝဝထမ်းဆောင်လာမှုအပေါ် နိုင်ငံတော်မှ အသိအမှတ်ပြု ပြန်လည်ဂုဏ်ပြုသည့်သဘောဖြင့် မက်လုံးပေးဆွဲဆောင် အခွန်ထမ်းဆောင်စေသော စနစ် Incentive Payable Taxation System မျိုး ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အခွန်အပြည့်အဝ ကောက်ခံရရှိရန်အတွက် အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ပေးဆောင်သည့် အလေ့အကျင့်ရရှိစေရန်အတွက် အခွန်ပညာပေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခွန်တာဝန်ကျေပွန်သူများသို့ ချီးမြှင့်မှုအနေဖြင့် လတ်တလောအခြေအနေအရ အခွန်အများဆုံးထမ်းဆောင်ခဲ့ကြသည့်အခွန်ထမ်း ၁၀၀၀ စာရင်းကို ထုတ်ပြန်ကြေညာပေးခြင်း၊ အခွန်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အခွန်ထမ်းအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ကြေညာပေးခြင်းတို့ကို ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရကိုယ်စား ထုတ်ပြန်ပေးလျက် ရှိပါကြောင်း။

၂၀၁၈ ခုနှစ် မတ် ၃ ရက်တွင် နိုင်ငံတော်သမ္မတကိုယ်တိုင်သမ္မတအိမ်တော်၌ ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူ ၁၀ ဦး၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သူ ၁၀ ဦးကိုလည်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အဖွဲ့အစည်းအတွက်လည်းကောင်း၊ လူပုဂ္ဂိုလ်အတွက်လည်းကောင်း စံနမူနာပြသည့်အနေဖြင့် နိုင်ငံတော်အဆင့်မှ ဂုဏ်ပြုခြင်းဖြစ်ပြီး ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ ဂုဏ်သိက္ခာမြင့်မားစေခြင်းနှင့် လုပ်ငန်းအတွက် အမည်ကောင်းဂုဏ်သတင်း ရရှိစေပါကြောင်း၊ နိုင်ငံတော်အတွင်း အများနည်းတူအခွင့်အလမ်းများ ရယူခံစားနေပြီး အခွန်ပေးဆောင်ထိုက်သော ဝင်ငွေရှိပါလျက် အခွန်မပေးဆောင်လိုသူများကိုလည်း အခွန်ပေးဆောင်လိုစိတ် ဖြစ်ပေါ်လာစေရန်ကို ရည်ရွယ်ပါကြောင်း။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု မြင့်မားလာစေရန်နှင့် ကဏ္ဍအလိုက်တိုးတက်ဖွံ့ဖြိုးစေရန် အခွန်ဆိုင်ရာ မက်လုံးပေးမှုများဖြစ်သော အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ဒေသအလိုက်၊ အချိန်ကာလအလိုက် ခွင့်ပြုပေးထားပါကြောင်း၊ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝကောက်ခံရရှိနိုင်ရန်အတွက် အခွန်ဆိုင်ရာအသိပညာများ ကျယ်ပြန့်စွာပြုလုပ်ပြီး ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၈ တွင်လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၃၄ တွင် လည်းကောင်း ဆုပေး၊ ဒဏ်ပေးစနစ်ကို အခွန်ဆိုင်ရာ ဆွဲဆောင်မှုအနေဖြင့် ထည့်သွင်းပြဋ္ဌာန်းပေးခဲ့သည့်အပြင် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇၊ ပုဒ်မခွဲ(က)တွင် အခွန်ဆိုင်ရာတာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအားလုံးကို အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်ဟု ပြဋ္ဌာန်းထားခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင်လည်း အဆိုပါ ပြဋ္ဌာန်းချက်များကို ဆက်လက်ပြဋ္ဌာန်းထားပါကြောင်း၊ အဆိုပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ မဘိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန်နှင့် ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသည်။

ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်းက **နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝရရှိရေးအတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျ စိစစ်ကြပ်မတ်ကောက်ခံပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို တင်သွင်းရာတွင် အခွန်ဥပဒေနှင့် အခွန်ဆိုင်ရာ စီမံခန့်ခွဲမှု အားနည်းချက်များကြောင့် နိုင်ငံအတွက်အခွန်ငွေများ အပြည့်အဝမရရှိသည့်အတွက် ကောက်ခံသင့်ကောက်ခံထိုက်သော အခွန်များကို ထိထိရောက်ရောက် ကောက်ခံနိုင်ရေး၊ အခွန်တိမ်းရှောင်မှု အခွန်ငွေထိမ်ချန်မှု၊ တရားမဝင်ကုန်စည်တင်သွင်းမှု၊ ထုတ်လုပ်ရောင်းဝယ်ဖောက်ကားမှုများကို ထိထိရောက်ရောက် ကာကွယ်တားဆီးရေးအတွက် တင်သွင်းရခြင်းဖြစ်ပါကြောင်း၊ အခွန်နှုန်းထားနည်းနည်းဖြင့် အခွန်အခြေကို ချဲ့ထွင်ပြီး ရသင့်ရထိုက်သော အခွန်များ ပြည့်ဝစွာကောက်ခံရန် နိုင်ငံတော်အနေဖြင့် မဟာဗျူဟာအစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်သော်လည်း အခွန်တိမ်းရှောင်သူများနှင့် အခွန်ဌာနများရှိဝန်ထမ်းများ၏ မလျော်မကန်ဆောင်ရွက်နေမှုများကိုလည်း တွေ့ရှိရပါကြောင်း။

သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ဥပဒေအရ အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ အခွန်ပေးဆောင်လာကြစေရန် ပြည်သူများသို့ အခွန်ပေးဆောင်ခြင်းနှင့် ရရှိအခွန်အပေါ် နိုင်ငံတော်မှ မှန်မှန်ကန်ကန် သုံးစွဲရခြင်းစသည်များကို ပညာပေးခြင်း၊ စည်းရုံးခြင်း၊ အခွန်ပေးဆောင်သဖြင့် ပေးဆောင်သူတို့အား အခွန်ဆိုင်ရာ သက်သာခွင့်များ၊ အခြားကင်းလွတ်ခွင့်များကို ပြည်သူတို့အား အသိပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်ကြသည့် အခွန်ထမ်းပြည်သူများကို အသိအမှတ်ပြုပေးခြင်း၊ ထိုက်သင့်သည့် ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို နှစ်စဉ်ပို၍ ဂုဏ်ပြုပေးရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူတို့ အခွန်ဆောင်လိုစိတ်နှင့် လူတိုင်းလူတိုင်းအခွန်ဆောင်ရန် တာဝန်ရှိကြောင်း သိသာလာကြမည် ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်ဟု ဆိုထားခြင်းကြောင့် အခွန်များ ပြည့်ပြည့်ဝဝ ရရှိရေးသည်လည်း အစိုးရအဖွဲ့အစည်းများသာမက ပြည်သူများတွင်လည်း တာဝန်ရှိသည် ဖြစ်ပါကြောင်း၊ အခွန်ကိုတိုးမြှင့်ကောက်ခံရန် အဆိုပြုတင်ပြခြင်း မဟုတ်ဘဲ တည်ဆဲဥပဒေများအရ နိုင်ငံတော်က ရသင့်ရထိုက်ပြီး အားနည်းချက်အမျိုးမျိုးကြောင့် လစ်ဟင်းနေသည့် ကွက်လပ်များကို ပြန်လည်စိစစ်ပြီး စနစ်တကျ ပိုမိုဖြည့်တင်းဆောင်ရွက်သွားနိုင်ရန်တင်ပြရခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးလာသည်နှင့်အမျှ အခွန်ရရှိငွေများအပေါ် ပိုမိုစီမံခန့်ခွဲနိုင်ရေးအတွက် အစိုးရနှင့် ပြည်သူတို့ ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာထိရောက်လာမည် ဖြစ်ပါသဖြင့် တင်သွင်းရခြင်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူးက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်အတိုင်း သဘောတူပါကြောင်း တင်ပြသဖြင့် ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# နိုင်ငံတကာမြင်ကွင်း



## ရဲရင့်လင်းလက်

အသက် ၉၂ နှစ်ရှိပြီဖြစ်တဲ့ ဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်ဟာ အကျင့်ပျက်လာဘ်စားမှုတွေကြောင့် ဝေဖန်တိုက်ခိုက်ခံနေရတဲ့ ဝန်ကြီးချုပ် နာဂျစ်ရာဇတ်(စ်)ကို လျင်လျင်မြန်မြန်ပဲ နိုင်ငံရေးအရ ဖြိုချခဲ့ပြီး ရာထူးကနေ ဖယ်ရှားခဲ့ပါတယ်။ အခုတော့ တစ်ကျော့ပြန် ဝန်ကြီးချုပ် ပြန်ဖြစ်လာတဲ့ မဟာသီယာမိုဟာမက်ဟာ မလေးရှားနိုင်ငံရဲ့ နိုင်ငံရေးမြင်ကွင်းသစ်ကိုပုံဖော်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။

ပြောရရင် အမျိုးသားတပ်ပေါင်းစုလို့ အဓိပ္ပာယ်ရတဲ့ Barison Nasion (BN) ဟာ မလေးရှားနိုင်ငံကို နှစ်ပေါင်း ၆၁ နှစ်ကြာ ဆက်တိုက်အုပ်ချုပ်ခဲ့ပါတယ်။ မေ ၉ ရက်က ကျင်းပခဲ့တဲ့ အထွေထွေရွေးကောက်ပွဲမှာ အမျိုးသားတပ်ပေါင်းစု(BN)က လူထုဆန္ဒမဲရဲ့ သုံးပုံတစ်ပုံကိုပဲ ရရှိခဲ့တာဖြစ်လို့ အခုတော့ အတိုက်အခံအဖွဲ့ဖြစ်တဲ့ မျှော်လင့်ချက် မဟာမိတ်အဖွဲ့ (Pakatan Harapan)ကို အစိုးရအာဏာလွှဲပေးလိုက်ရပါပြီ။ တကယ်တော့ ဝန်ကြီးချုပ်ဖြစ်လာတဲ့ မဟာသီယာမိုဟာမက်ဟာ ဝန်ကြီးချုပ်ဟောင်းဖြစ်သလို အမျိုးသားတပ်ပေါင်းစု (BN)ကို ၂၂ နှစ်ကြာ ခေါင်းဆောင်ခဲ့တဲ့ ခေါင်းဆောင်တစ်ယောက်ပါ။

နှစ်ပေါင်း ၆၁ နှစ်ကြာ တိုင်းပြည်ကို အုပ်ချုပ်ခဲ့တဲ့ အမျိုးသားတပ်ပေါင်းစု (BN) ရဲ့ အုပ်ချုပ်မှုကို အဆုံးသတ်ပေးခဲ့တဲ့ မေလ ၉ ရက် ရွေးကောက်ပွဲရလဒ်ကို မလေးရှားပြည်သူတွေက ဝမ်းသာအားရ ကြိုဆိုခဲ့ပါတယ်။ လမ်းမပေါ်တွေမှာ မေလ ၉ ရက် ရွေးကောက်ပွဲရလဒ်အပေါ် အောင်ပွဲခံနေတဲ့ ပြည်သူတွေကို နေရာအနှံ့အပြားမှာ တွေ့နေရတာပါ။ မလေးရှားပြည်သူတွေဟာ မဟာသီယာ ဝန်ကြီးချုပ်ပြန်ဖြစ်လာမှာကို စိတ်လှုပ်ရှားရင်ခုန်ပြီး စောင့်ကြိုနေကြတာပါ။ တကယ်တော့ မဟာသီယာ လက်ရှိဦးဆောင်နေတဲ့ မျှော်လင့်ချက်မဟာမိတ်အဖွဲ့ (Pakatan Harapan)ဆိုတာက နိုင်ငံရေးပြိုင်ဘက်ဟောင်းတွေ၊ နိုင်ငံရေး ရန်သူဟောင်းတွေကို စုစည်းထားတာမို့လို့ တွေ့တောင့်တွေ့ခဲ မဟာမိတ်အဖွဲ့လို့ ပြောရမှာပါ။ မျှော်လင့်ချက်မဟာမိတ်အဖွဲ့ (Pakatan Harapan)ရဲ့ နိုင်ငံရေးဦးတည်ချက်က ပြည်သူလူထုကြား အကျင့်ပျက်လာဘ်စားမှုတွေနဲ့ နာမည်ပျက်နေတဲ့ အမျိုးသားတပ်ပေါင်းစု (BN)ရဲ့ အုပ်ချုပ်မှုကို အဆုံးသတ်ဖို့ပါ။ အခုတော့ ဒီရည်မှန်းချက်က အောင်မြင်သွားပါပြီ။

အသက် ၉၂ နှစ်အရွယ် သက်ကြီးရွယ်အို မဟာသီယာက ဝန်ကြီးချုပ်တာဝန်ကို ပြန်ရယူလိုက်တဲ့အတွက် နာဂျစ်ရာဇတ်(စ်)ဟာ ရွေးကောက်ပွဲမှာ ရှုံးနိမ့်ခဲ့တဲ့ ပထမဦးဆုံး တာဝန်ထမ်းဆောင်ဆဲ ဝန်ကြီးချုပ်အဖြစ် သမိုင်းမှတ်တမ်း အတင်ခံရတော့မှာပါ။ ပြောရရင် နာဂျစ်ရာဇတ်(စ်)ဟာ နိုင်ငံရေးတာဝန်ရော၊ ဂုဏ်သိက္ခာပါ ဆုံးရှုံးသွားတာပါ။ နာဂျစ်ရာဇတ်(စ်)ဟာ အမျိုးသားတပ်ပေါင်းစု (BN)ရဲ့ ခေါင်းဆောင်တာဝန်ကနေ နုတ်ထွက်ခဲ့ရသလို အမျိုးသားတပ်ပေါင်းစု (BN)ရဲ့ ပင်မကျောရိုးပါတီဖြစ်တဲ့ ညီညွတ်သော မလေးအမျိုးသားများအဖွဲ့ (United Malays National Organization-UMNO)ကပါ နုတ်ထွက်ခဲ့ရပါတယ်။ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်တဲ့ ပထမဦးဆုံးနေ့မှာပဲ မဟာသီယာက မလေးရှားနိုင်ငံရဲ့ ပုံရိပ်အပေါ် အရုပ်ဆိုးအကျည်းတန်စေခဲ့တဲ့ အကျင့်ပျက်လာဘ်စားမှု အရှုပ်တော်ပုံကို ကိုင်တွယ်ဖြေရှင်းမယ်လို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ဒီအကျင့်ပျက်လာဘ်စားမှု အရှုပ်တော်ပုံဟာ နာဂျစ်ရာဇတ်(စ်) ထူထောင်ခဲ့တဲ့ ဖွံ့ဖြိုးတိုးတက်မှု ဖန်တီးရေးကုမ္ပဏီ (1 Malaysia Development Berhad - 1MDB) နဲ့ ဆက်နွှယ်ပတ်သက်နေတာပါ။ ရွေးကောက်ပွဲမဲဆွယ်ကာလကတည်းက မဟာသီယာဟာ ရှေ့နေချုပ် မိုဟာမက်အပန်ဒိုင်အလီ (Mohamed Apandi Ali)က ဖွံ့ဖြိုးတိုးတက်မှုဖန်တီးရေးကုမ္ပဏီ(1MDB)ရဲ့ အကျင့်ပျက်လာဘ်စားမှု အရှုပ်တော်ပုံသက်သေခံအချက်အလက်တွေကို ဖုံးကွယ်ထားခဲ့တယ်လို့ ပြောဆိုထိုးနှက်ခဲ့တာပါ။

အရှုပ်တော်ပုံကို ရင်ဆိုင်ကြုံတွေ့နေရတဲ့ ဖွံ့ဖြိုးတိုးတက်မှုဖန်တီးရေးကုမ္ပဏီ(1MDB) ဟာ နိုင်ငံတကာဘဏ်စနစ်ကို အသုံးချပြီး လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားလုပ်၊ ခိုးယူခဲ့တဲ့အတွက် နိုင်ငံတကာရဲ့ စုံစမ်းစစ်ဆေးမှုကို ရင်ဆိုင်နေရတာပါ။ ဒီလို လုပ်ပိုင်ခွင့်အာဏာ အလွဲသုံးစားလုပ် ခိုးယူခဲ့တဲ့ ငွေကြေးပမာဏကလည်း ဒေါ်လာ ဘီလီယံနဲ့ချီရှိပါတယ်။ အမေရိကန်နိုင်ငံ တရားရေးဌာနရဲ့ စာရွက်စာတမ်းတွေအရ ဖွံ့ဖြိုးတိုးတက်မှု ဖန်တီးရေးကုမ္ပဏီ (1MDB) ငွေစာရင်းထဲကနေ မလေးရှားအရာရှိအဆင့်တစ် (Malaysian Official One)ဆိုတဲ့ တစ်သီးပုဂ္ဂလငွေစာရင်းထဲကို အမေရိကန်ဒေါ်လာ ၆၈၁ သန်း လွှဲပေးခဲ့တာပါ။ အမေရိကန်နိုင်ငံနဲ့ မလေးရှားနိုင်ငံမှာရှိတဲ့ သတင်းရင်းမြစ်တွေကတော့ မလေးရှားအရာရှိအဆင့်တစ်ဆိုတာ နာဂျစ်ရာဇတ်(စ်)ပဲလို့ ပြောဆိုခဲ့ကြပါတယ်။ မိုဟာမက် အပန်ဒိုင်အလီကို နာဂျစ်ရာဇတ်(စ်)က ရှေ့နေချုပ်အဖြစ် ခန့်အပ်ခဲ့တဲ့ ကိစ္စကလည်း ပြောင်ပြောင်တင်းတင်း လုပ်ပိုင်ခွင့်အာဏာကို ချိုးဖောက်ခဲ့တဲ့ကိစ္စပါ။ မိုဟာမက်အပန်ဒိုင်အလီရဲ့ အရင်ရှေ့နေချုပ်လုပ်ခဲ့တဲ့ ပုဂ္ဂိုလ်က အကျင့်ပျက်လာဘ်စားမှုအရှုပ်တော်ပုံနဲ့ပတ်သက်ပြီး ဝန်ကြီးချုပ် နာဂျစ်ရာဇတ်(စ်)ကို ဖမ်းဝရမ်းထုတ်တော့မယ်ဆိုတာ သေချာလာတဲ့အချိန်မှာ ဝန်ကြီးချုပ်နာဂျစ်ရာဇတ်(စ်)က ဒီရှေ့နေချုပ်ကို ရာထူးကနေဖယ်ရှားခဲ့တာပါ။ ပြောရရင် ရှေ့နေချုပ်တစ်ယောက်တည်းတင် မကပါဘူး။ ဒီအကျင့်ပျက်လာဘ်စားမှုအရှုပ်တော်ပုံနဲ့ ပတ်သက်ပြီး ဝန်ကြီးချုပ်ကို ဝေဖန်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကို ရာထူးကနေ ဖယ်ရှားခဲ့တာပါ။ ရှေ့နေချုပ်အသစ်ဖြစ်တဲ့ မိုဟာမက်အပန်ဒိုင်အလီက ဝန်ကြီးချုပ် နာဂျစ်ရာဇတ်(စ်)ဟာ ဒီအကျင့်ပျက်လာဘ်စားမှုအရှုပ်တော်ပုံမှာ ပါဝင်ပတ်သက်မှုမရှိဘူးလို့ ဆုံးဖြတ်ခဲ့တာကတော့ အံ့ဩစရာကိစ္စ မဟုတ်ပါဘူး။ ဝန်ကြီးချုပ် နာဂျစ်ရာဇတ်(စ်)ကလည်း သူတစ်စုံတစ်ရာအမှားအယွင်း မလုပ်ပါဘူးလို့ အမြဲပဲ ငြင်းဆိုခဲ့တာပါ။

ရှေ့နေချုပ် မိုဟာမက်အပန်ဒိုင်အလီကလည်း သူဟာ ဒီအကျင့်ပျက်လာဘ်စားမှု အရှုပ်တော်ပုံနဲ့ပတ်သက်ပြီး သက်သေအထောက်အထားတွေ ဖုံးကွယ်ထားတယ်ဆိုတာ မဟုတ်ပါဘူးလို့ ငြင်းဆိုခဲ့ပါတယ်။ ဝန်ကြီးချုပ် မဟာသီယာက ဖွံ့ဖြိုးတိုးတက်မှု ဖန်တီးရေးကုမ္ပဏီ(1MDB)ရဲ့ အကျင့်ပျက်လာဘ်စားမှုအရှုပ်တော်ပုံကိစ္စကို ကိုင်တွယ်တော့မယ်ဆိုတဲ့သတင်း ထွက်လာပြီး နာရီပိုင်းအတွင်းမှာပဲ ကွာလာလမ်ပူမြို့အနီးက လေဆိပ်ကနေ ဂျကာတာမြို့ကို ပျံသန်းမယ့် ပုဂ္ဂလိကပိုင် ဂျက်လေယာဉ်ပျံရဲ့ ခရီးသည်စာရင်းမှာ နာဂျစ်ရာဇတ်(စ်)နဲ့ သူ့ရဲ့ဇနီးဖြစ်တဲ့ ရော့စ်မားမန်ဆာ(Rosmah Mansor)တို့ ပေါ်ထွက်လာပါတယ်။ ဝန်ကြီးချုပ်ရာထူးက နုတ်ထွက်ပေးလိုက်ရတဲ့ နာဂျစ်ရာဇတ်(စ်)က သူနဲ့ သူ့ဇနီးဟာ တစ်ပတ်ကြာ အပန်းဖြေခရီးသွားမလို့ပါဆိုပြီး ရှင်းလင်းပြောဆိုခဲ့ပါတယ်။ ဒီလိုအခြေအနေတွေကြောင့် မလေးရှားလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အာဏာပိုင်တွေဟာ ဝန်ကြီးချုပ်သစ် မဟာသီယာရဲ့ အမိန့်နဲ့ နာဂျစ်ရာဇတ်(စ်)တို့ ဇနီးမောင်နှံရဲ့ ပြည်ပခရီးထွက်ခွင့်ကို ပိတ်ပင်ခဲ့ပါတယ်။ အခြေအနေ၊ အချိန်အခါ၊ အနေအထားအားလုံးကို ခြုံငုံစဉ်းစားလိုက်ရင် နာဂျစ်ရာဇတ်(စ်)တို့ ဇနီးမောင်နှံက နိုင်ငံရေးအကြောင်းပြချက်နဲ့ တိုင်းပြည်ကနေ ထွက်ပြေးဖို့ ကြိုးပမ်းတာဖြစ်နိုင်ပါတယ်။ နာဂျစ်ရာဇတ်(စ်)က သူ့ရဲ့တွစ်တာ(Twitter) စာမျက်နှာမှာ "ကျွန်တော်နဲ့ ကျွန်တော့်မိသားစု ပြည်ပခရီး ထွက်ခွင့်မရှိဘူးဆိုတာကို စောစောကပဲ လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်တွေက ကျွန်တော့်ကို အကြောင်းကြားပါတယ်၊ ကျွန်တော် ဒီအမိန့်ကို လေးစားလိုက်နာပြီး မိသားစုနဲ့အတူ တိုင်းပြည်ထဲမှာပဲ ရှိနေမှာပါ" လို့ ရေးသားခဲ့ပါတယ်။

နာဂျစ်ရာဇတ်(စ်)က တွစ်တာမှာ အခုလို ရေးသားပြီး မကြာခင်မှာ သတင်းစာရှင်းလင်းပွဲလုပ်ပြီး ညီညွတ်သော မလေးအမျိုးသားများအဖွဲ့ (UMNO)ရဲ့ ခေါင်းဆောင်အဖြစ်ကနေ နုတ်ထွက်ကြောင်း ကြေညာခဲ့ပါတယ်။ ပြောရရင် ဒီသတင်းစာ ရှင်းလင်းပွဲလုပ်တဲ့နေ့ဟာ ညီညွတ်သော မလေးအမျိုးသားများအဖွဲ့ (UMNO)ရဲ့ (၇၂)နှစ်မြောက် မွေးနေ့အပြီး နှစ်ရက်အကြာမှာ ပြုလုပ်ခဲ့တာပါ။ ညီညွတ်သော မလေးအမျိုးသားများအဖွဲ့ (UMNO)ရဲ့ အတိုက်အခံပါတီအနေနဲ့ ပထမဦးဆုံး ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲလို့ ပြောရမှာပါ။ မလေးရှားနိုင်ငံရဲ့ လက်ရှိ နိုင်ငံရေးအခြေအနေကို ကြည့်လိုက်ရင် ဖွံ့ဖြိုးတိုးတက်မှုဖန်တီးရေးကုမ္ပဏီ (1MDB)ရဲ့ အကျင့်ပျက်လာဘ်စားမှု အရှုပ်တော်ပုံအပေါ် စုံစမ်းစစ်ဆေးဖို့ အလျင်စလို ခပ်သွက်သွက် ဆောင်ရွက်လာတာကို တွေ့ရပါတယ်။ မေ ၁၂ ရက်မှာ မလေးရဲတပ်ဖွဲ့က နာဂျစ်ရာဇတ်(စ်)ရဲ့ ဆွေမျိုးတွေနေထိုင်တဲ့ အကောင်းစား ဇိမ်ခံကွန်ဒိုတိုက်ခန်းတွေကို ဝင်ရောက်စစ်ဆေးခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ နာဂျစ်ရာဇတ်(စ်)ရဲ့ အကျင့်ပျက်လာဘ်စားမှုလုပ်ရပ်တွေနဲ့ ဆက်စပ်နေတဲ့ စာရွက်စာတမ်းတွေကို ရှာဖွေသိမ်းဆည်းဖို့ပါ။ မဟာသီယာရဲ့အစိုးရသစ်က နာဂျစ်ရာဇတ်(စ်)အနေနဲ့ ဒီစာရွက်စာတမ်းတွေကို တိုင်းပြည်ထဲကနေထုတ်ပြီး ခြေရာလက်ရာ ဖျောက်လိုက်မှာကို စိုးရိမ်ပုံရပါတယ်။

အစောပိုင်းမှာ အစိုးရပိုင်ကားတစ်စီးက နာမည်ကြီးတံဆိပ် အသုံးအဆောင်ပစ္စည်း အကောင်းစားတွေကို ဒီဇိမ်ခံကွန်ဒိုတိုက်ခန်းဆီ သယ်လာတာကို တွေ့ရပါတယ်။ ပုံစံကြည့်ရတာကတော့ ဒီနာမည်ကြီးတံဆိပ် အသုံးအဆောင်ပစ္စည်း အကောင်းစားတွေဟာ နာဂျစ်ရာဇတ်(စ်)ရဲ့ဇနီး ရော့စ်မားမန်ဆာပိုင်တဲ့ ပစ္စည်းတွေ ဖြစ်ပုံရပါတယ်။ ရော့စ်မားမန်ဆာရဲ့ မတော်လောဘနဲ့ အသုံးအဖြုန်းကြီးပုံဟာ မလေးရှားပြည်သူတွေကြားထဲမှာ ပြောစရာကိစ္စတစ်ခု ဖြစ်နေခဲ့တာကြာပါပြီ။ ပြောရရင် ရော့စ်မားမန်ဆာကြောင့် နာဂျစ်ရာဇတ်(စ်) တစ်ယောက် ရာထူးကပြုတ်ပြီး ဂုဏ်သိက္ခာကျဆင်းခဲ့ရတာပါ။ ခပ်သွက်သွက်လှုပ်ရှားလိုက်တဲ့နောက် အရေးယူမှုကတော့ ဖွံ့ဖြိုးတိုးတက်မှုဖန်တီးရေးကုမ္ပဏီ(1MDB)ရဲ့ စာရင်းစစ်အစီရင်ခံစာကို ဖောက်ဖွင့်ဖတ်ပြီး စစ်ဆေးဖို့ ဝန်ကြီးချုပ် မဟာသီယာက ညွှန်ကြားခဲ့တာပါ။ နာဂျစ်ရာဇတ်(စ်)က ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ချိန်မှာ စာရင်းစစ်ချုပ်အဖြစ် တာဝန်ယူခဲ့တဲ့ပုဂ္ဂိုလ်က နိုင်ငံတော်လျှို့ဝှက်ချက်များဥပဒေ (Official Secret Act-OSA)ကို အသုံးပြုပြီး ဒီစာရင်းစစ်အစီရင်ခံစာကို ချိပ်ပိတ်ထားခဲ့တာပါ။ ဒါကြောင့်လည်း ဒီစာရင်းစစ်အစီရင်ခံစာကို လွှတ်တော်မှာ ဆွေးနွေးခွင့်မရခဲ့ပါဘူး။ လက်ရှိအခြေအနေမှာ မဟာသီယာအစိုးရဟာ ဖွံ့ဖြိုးတိုးတက်မှုဖန်တီးရေးကုမ္ပဏီ (1MDB)အပေါ် နိုင်ငံတကာစုံစမ်းစစ်ဆေးမှုမှာ ပူးပေါင်းပါဝင်မယ်လို့ ထုတ်ဖော်ပြောဆိုထားပါတယ်။ မဟာသီယာအစိုးရရဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံပိုင်ဘဏ္ဍာထဲက လုပ်ပိုင်ခွင့်အလွဲသုံးစားလုပ်ပြီး ခိုးယူသွားတဲ့ ငွေကြေးတွေကို တိုင်းပြည်ဘဏ္ဍာထဲ ပြန်ရောက်အောင် ဆောင်ရွက်ဖို့ပါ။

> **နှစ်ပေါင်း ၆၁ နှစ်ကြာ တိုင်းပြည်ကို အုပ်ချုပ်ခဲ့တဲ့ အမျိုးသားတပ်ပေါင်းစု (BN) ရဲ့ အုပ်ချုပ်မှုကို အဆုံးသတ်ပေးခဲ့တဲ့ မေ ၉ ရက် ရွေးကောက်ပွဲရလဒ်ကို မလေးရှားပြည်သူတွေက ဝမ်းသာအားရ ကြိုဆိုခဲ့ပါတယ်။**

*(ဆက်လက်ဖော်ပြပါမည်)*

# ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ဝင်းရော်ချောင်းကူးတံတား တည်ဆောက်နိုင်ရန် ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် မေ ၁၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှေ့မှောက်၌ ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်း ငါးခုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဖြေကြားခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်နော်ဆာမူထူး၏ **ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကွမ်ကသောင်ကျေးရွာအုပ်စု၊ တံခွန်တိုင်ကျေးရွာအုပ်စုရှိ ထီမန်ထိုနှင့် ဖားတလယ် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဝင်းရော်ချောင်းကူးတံတား အကျယ် ၁၀ ပေ၊ အရှည် ပေ ၃၀၀၊ အမြင့်ပေ ၅၀ ကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ကြာအင်းဆိပ်ကြီးမြို့နယ် အတွင်းရှိ ဝင်းရော်ချောင်းကူးတံတားသည် ကွမ်ကသောင်ကျေးရွာအုပ်စုနှင့် တံခွန်တိုင်ကျေးရွာအုပ်စုတို့ရှိ ထီမန်ထိုရွာနှင့် ဖားတလယ်ကျေးရွာတို့၏ ကျေးရွာချင်းဆက်လမ်းပေါ်တွင် တည်ရှိပြီး အဆိုပါတံတားတည်ဆောက်ပြီးစီးပါက ကျေးရွာပေါင်း ၄၀၊ အိမ်ခြေ ၅၂၁၆ လုံးနှင့် လူဦးရေ ၃၆၅၀၀ ခန့်တို့ကို တိုက်ရိုက်အကျိုးပြုမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဝင်းရော်ချောင်းကူးတံတား တည်ဆောက်နိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါသဖြင့် ရန်ပုံငွေခွဲဝေ ရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ **မြန်မာတစ်နိုင်ငံလုံးရှိ အများပြည်သူအသုံးပြုမြဲဖြစ်သော လမ်းဌာန၊ စည်ပင်သာယာဌာန၊ ဆောက်လုပ်ရေးဌာနတို့နှင့် လွှဲအပ်သောတင်ဒါရ ကုမ္ပဏီအသီးသီးတို့ တာဝန်ယူပြုလုပ်ကြသော ကတ္တရာခင်းလမ်းအသီးသီးတို့သည် အသုံးပြုကာလ မကြာမီမှာပင် လမ်းနှုတ်ခမ်းသားများ ပဲ့ခြင်း၊ လမ်းမျက်နှာပြင် ပေါက်ခြင်းစသည့် ပျက်စီးခြင်းမျိုး မဖြစ်စေရန်အတွက် နိုင်ငံတကာ လမ်းခင်းသော နည်းပညာများဖြင့် အသုံးပြုဆောင်ရွက်ကြရန်နှင့် အရည်အသွေးပြည့်မီစွာ လုပ်ဆောင်ကြရန် ပြည်ထောင်စုအဆင့်မှ ညွှန်ကြားထားခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုတည်ဆောက်နေသည့် လမ်းခင်းစနစ်သည် Penetration Macadam ဖြစ်ပြီး ၎င်းစနစ်ကို ၉၅ ရာခိုင်နှုန်းထိ အသုံးပြုလျက်ရှိပါကြောင်း၊ အဆိုပါစနစ်သည် ကတ္တရာအသုံးပြုမှု အနည်းဆုံးဖြစ်ပြီး ကျောက်ကြီးများကြားထဲတွင် ကျောက်သေးလေးများ ညှပ်၍ ကတ္တရာလောင်းပြီး အပေါ်မှကျောက်မှုန့်၊ Chipping ဖြူးသည့် စနစ်ဖြစ်ပါကြောင်း၊ လမ်းတစ်လမ်းကို ကုန်ကျစရိတ် အသက်သာဆုံးခင်းသည့် နည်းစနစ်ဖြစ်ပြီး Penetration Macadam စနစ်ကို Main လမ်းမကြီးများတွင် အသုံးပြုသည်မှာ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံတည်းပင် ရှိပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ ပြည်ထောင်စုလမ်းများ အားလုံးတွင် Asphalt Concrete နည်းပညာကို အသုံးပြုနေကြပြီ ဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး
ဦးကျော်လင်း



ကရင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁၁)မှ ဒေါ်နော်ဆာမူထူး

မြန်မာနိုင်ငံအနေဖြင့် Penetration Macadam အဆင့်မှ မတက်သေးသည့် အကြောင်းအရာ နှစ်ချက်ရှိပါကြောင်း၊ နံပါတ်တစ်အချက်အနေဖြင့် Lack of Finance ဖြစ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာအရ ပေးထားသည့် ဘတ်ဂျက်သည် Penetration Macadam အဆင့်ပင် ဆောင်ရွက်နိုင်သည့် ဘတ်ဂျက်သာ ရှိပါကြောင်း၊ နံပါတ်နှစ်အချက်အနေဖြင့် Lack of Equipments ဖြစ်ပါကြောင်း၊ Asphalt Concrete ခင်းမည်ဆိုပါက လိုအပ်သည့် AC Plant၊ Paver၊ Roller၊ Tipper စသည်ဖြင့် ဆက်စပ်ပစ္စည်း အစုံအလင်ရှိရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအရ မြို့နယ်ပေါင်း ၃၃၀ ကို AC Plant နှင့် AC Paver များ ပေးနိုင်သည့် အခြေအနေမရှိသေးဘဲ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုကို AC ခင်းစက် တစ်စုံလောက်သာ ဖြန့်ခွဲပေးထားနိုင်သည့်အနေအထား ရှိနေသေးပါကြောင်း။

ယခုအခါ World Bank မှ အကူအညီပေးမည့် AC Plant ၂၉ စုံ ထပ်မံရောက်ရှိလာပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဖြန့်ခွဲပေးပို့၍ တတ်နိုင်သမျှ မြို့ကြီးများနှင့် ဦးစားပေးလမ်းများတွင် AC လမ်းများ တိုးတက်လာစေရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကတ္တရာလမ်း နှုတ်ခမ်းပဲ့ခြင်း၊ လမ်းမျက်နှာပြင် ပေါက်ပြဲခြင်းစသည့်ကိစ္စများအတွက် တစ်ကွက်ပေါက်လျှင် တစ်ကွက်ပြင်စနစ်ဖြင့် အချိန်နှင့်တစ်ပြေးညီ ပြုပြင်သွားရန်လည်း ညွှန်ကြားချက်များ ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင်ရှိသည့် လမ်းများနှင့်ပတ်သက်၍ နည်းပညာအဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပေါ်ထွက်လာသည့် နည်းပညာအသစ်များကိုလည်း မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်လေ့လာသုံးသပ်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

လမ်းဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်မည်ဆိုပါက သတ်မှတ်ကာလအတွင်း လမ်းပျက်စီးမှုများ နည်းပါးမည်ဖြစ်ပြီး ကုမ္ပဏီများ (သို့မဟုတ်) ဝန်ထမ်းများ၏ ကိုယ်ကျိုးရှာမှုများကြောင့် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ စာချုပ်ပါ စည်းကမ်းချက်များကို ချိုးဖောက်၍ သတ်မှတ်ကာလအတွင်း ပျက်စီးခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ စိစစ်အရေးယူ ဆောင်ရွက်သွားမည့်အပြင် တာဝန်ပျက်ကွက်သည့်ကုမ္ပဏီကို အမည်ပျက်စာရင်း တင်သွင်း၍ အရေးယူမှုများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၏ **မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့နှင့် သောင်ပြင်ကျေးရွာတို့ကို ဆက်သွယ်ထားသော အရှည်သုံးမိုင် လေးဖာလုံရှိ ကျေးရွာချင်းဆက် မြေနီလမ်း၊ တောင်ဘုံကျေးရွာနှင့် သောင်ပြင်ကျေးရွာတို့ကို ဆက်သွယ်ထားသော အရှည်နှစ်မိုင် ခြောက်ဖာလုံရှိ ကျေးရွာချင်းဆက် မြေနီလမ်းတို့ကို ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းများအဖြစ် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရေးမြို့နယ် လမိုင်းမြို့နှင့် သောင်ပြင်ကျေးရွာတို့ကို ဆက်သွယ်ထားသော အရှည်သုံးမိုင် လေးဖာလုံရှိ ကျေးရွာချင်းဆက် မြေနီလမ်းနှင့် သောင်ပြင်ကျေးရွာနှင့် တောင်ဘုံကျေးရွာတို့ကို ဆက်သွယ်ထားသော အရှည်နှစ်မိုင် ခြောက်ဖာလုံရှိ ကျေးရွာချင်းဆက် မြေနီလမ်းတို့မှာ စုစုပေါင်း လမ်းအရှည် ခြောက်မိုင် နှစ်ဖာလုံရှိပြီး လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပြီးပါက ကျေးရွာလေးရွာ၊ အိမ်ခြေ ၃၄၄၁ လုံးနှင့် လူဦးရေ ၁၅၅၀၀ ခန့်တို့ကို တိုက်ရိုက်အကျိုးပြုမည် ဖြစ်ပါကြောင်း။

လမိုင်းမြို့နှင့် သောင်ပြင်ကျေးရွာ ဆက်သွယ်သောလမ်း အရှည်သုံးမိုင် လေးဖာလုံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေတွင်လည်းကောင်း၊ သောင်ပြင်ကျေးရွာနှင့် တောင်ဘုံကျေးရွာတို့ကို ဆက်သွယ်သော လမ်းအရှည်နှစ်မိုင် ခြောက်ဖာလုံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မွန်ပြည်နယ် အစိုးရအဖွဲ့ ရန်ပုံငွေတွင်လည်းကောင်း ထည့်သွင်းလျာထားပြီး ဖြစ်ပါသဖြင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာ မျိုးအောင်က အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်တွင်း၊ ပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) မြန်မာနိုင်ငံရုံးခွဲ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စက်မှု၊ လက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို မေ ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

❖ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ဝင်းရော်ချောင်းကူးတံတားသည် ကွမ်ကသောင်ကျေးရွာအုပ်စုနှင့် တံခွန်တိုင်ကျေးရွာအုပ်စုတို့ရှိ ထီမန်ထိုရွာနှင့် ဖားတလယ်ကျေးရွာတို့၏ ကျေးရွာချင်းဆက်လမ်းပေါ်တွင် တည်ရှိပြီး အဆိုပါတံတား တည်ဆောက်ပြီးစီးပါက ကျေးရွာပေါင်း ၄၀၊ အိမ်ခြေ ၅၂၁၆ လုံးနှင့် လူဦးရေ ၃၆၅၀၀ ခန့်တို့ကို တိုက်ရိုက်အကျိုးပြုမည်. . .

# ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် မေ ၁၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာဝင်းအောင်ခင်ဦးမဲဆန္ဒနယ်၏ မိတ်ဆွေတစ်ဦး၊ ဒေါက်တာမေဝင်းမြင့် မရမ်းကုန်း မဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်ဝတ်ရည်လင်း ဦးဆောင်သည့် ရပ်၊ ကျေးအမျိုးသမီးကော်မတီဝင် ၃၈ ဦးနှင့် ဦးဝင်းမင်း လှိုင်သာယာ မဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်တင်စုလှိုင် ခေါင်းဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပါတီဝင်များ ၈၄ ဦး စုစုပေါင်း ၁၂၃ ဦး တို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး ဦးဘိုဘိုဦး စမ်းချောင်းမဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်ကြသော ဦးမျိုးသန့်ဆွေ ခေါင်းဆောင်သည့် ဂျပန်နိုင်ငံသား Mr. Hidetomo Aramaki တို့နှင့်အတူ လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

## ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်မည့် အစီအစဉ်ဇယား

**ညနေ (၄း၃၀)နာရီ**

| စဉ် | ထုတ်လွှင့်မည့်နေ့ရက် | ထုတ်လွှင့်မည့်ဘာသာရပ် | ပို့ချမည့်ပုဂ္ဂိုလ် |
|---|---|---|---|
| ၁။ | ၁၇-၅-၂၀၁၈(ကြာသပတေးနေ့) | မြန်မာစာ | ဒေါက်တာအောင်မြင့်ဦး ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန ရန်ကုန်တက္ကသိုလ် |
| ၂။ | ၁၈-၅-၂၀၁၈(သောကြာနေ့) | အင်္ဂလိပ်စာ | ဒေါက်တာပိုးပိုး ပါမောက္ခ၊ ဌာနမှူး၊ အင်္ဂလိပ်စာဌာန ရန်ကုန်တက္ကသိုလ် |
| ၃။ | ၁၉-၅-၂၀၁၈(စနေနေ့) | သင်္ချာ | ဒေါက်တာချိုဝင်း ပါမောက္ခ၊ သင်္ချာဌာန ရန်ကုန်တက္ကသိုလ် |
| ၄။ | ၂၀-၅-၂၀၁၈ (တနင်္ဂနွေနေ့) | ဓာတုဗေဒ | ဒေါက်တာနှင်းနှင်းအေး ပါမောက္ခ၊ ဌာနမှူး၊ ဓာတုဗေဒဌာန ရန်ကုန်တက္ကသိုလ် |
| ၅။ | ၂၁-၅-၂၀၁၈ (တနင်္လာနေ့) | ရူပဗေဒ | ဒေါက်တာလဲ့လဲ့ဝင်း ပါမောက္ခ၊ ဌာနမှူး၊ ရူပဗေဒဌာန မန္တလေးတက္ကသိုလ် |
| ၆။ | ၂၂-၅-၂၀၁၈ (အင်္ဂါနေ့) | ဇီဝဗေဒ | ဒေါက်တာသီတာလေးသွယ် ပါမောက္ခ၊ ဌာနမှူး၊ သတ္တဗေဒဌာန ရန်ကုန်တက္ကသိုလ် |
| ၇။ | ၂၃-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) | ပထဝီဝင် | ဒေါက်တာထွန်းကို ပါမောက္ခ၊ ဌာနမှူး၊ ပထဝီဝင်ဌာန ရန်ကုန်တက္ကသိုလ် |
| ၈။ | ၂၄-၅-၂၀၁၈(ကြာသပတေးနေ့) | သမိုင်း | ဒေါက်တာမိုမိုသန့် ပါမောက္ခ၊ ဌာနမှူး၊ သမိုင်းဌာန ရန်ကုန်တက္ကသိုလ် |
| ၉။ | ၂၅-၅-၂၀၁၈ (သောကြာနေ့) | ဘောဂဗေဒ | ဒေါက်တာဖြူဖြူအိ ပါမောက္ခ၊ ဌာနမှူး၊ အသုံးချဘောဂဗေဒဌာန ရန်ကုန်စီးပွားရေးတက္ကသိုလ် |

✪ **ရှေ့ဖုံးမှ**

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကလေး-ကလေးဝကားလမ်းနံဘေးရှိ မြစ်သာမြစ်ကမ်းထိန်းနံရံ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

**၆၀ ရာခိုင်နှုန်းပြီးစီး**

ကလေး - ကလေးဝကားလမ်း ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းအတွက် အလျားပေ ၅၁၀၀ ရှိ မြစ်သာမြစ်ကမ်းထိန်းနံရံကို ၂၀၁၈ ခုနှစ် ခြောက်လဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၂၀၀ ဖြင့် သံခြင်းအခြေပြု ကျောက်စီတမံအဖြစ် တည်ဆောက်လျက်ရှိရာ စီမံကိန်းလုပ်ငန်း ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ပြည်သူ့ဝန်ဆောင်မှုရုံး**

ဆက်လက်၍ ကလေးမြို့ရှိ ပြည်သူ့ဝန်ဆောင်မှုရုံးသို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု၍ ဒေသခံပြည်သူများအား တွေ့ဆုံအားပေးသည်။

**ရောင်းတမ်းဝင် ကော်ဖီမှုန့်**

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့တို့နှင့်အတူ ချင်းပြည်နယ် တီးတိန်မြို့နယ် ကော်ဖီသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ထေးဇန်)သို့ ရောက်ရှိကြပြီး ခြံအတွင်း ကော်ဖီပင်များ စမ်းသပ်စိုက်ပျိုးနေမှု၊ ပျိုးပင်များ စနစ်တကျပျိုးထောင်နေမှုနှင့် ရောင်းတမ်းဝင် ကော်ဖီမှုန့်များ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ခြံရှင်းလင်းဆောင်တွင် ကော်ဖီစမ်းသပ်စိုက်ပျိုးခဲ့မှု၊ ကော်ဖီအရည်အသွေး စမ်းသပ်ခဲ့မှု၊ ကော်ဖီမျိုးကောင်းမျိုးသန့်များ ပျိုးထောင်ထားရှိမှုအခြေအနေများကို ခြံတာဝန်ခံ ဦးမင်းလွင်ဦးက ရှင်းလင်းတင်ပြရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**အဆင့် ၉၆**

တင်ပြချက်များအပေါ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ကမ္ဘာ့ကော်ဖီအရည်အသွေး သတ်မှတ်ချက်(Cupping Score)အရ အဆင့် ၈၀ နှင့်အထက်ကို အထူးတန်းဝင်ကော်ဖီအဖြစ် သတ်မှတ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြင်ဦးလွင်၊ ရွာငံနှင့် သံတောင်ဒေသတို့တွင် ဖြစ်ထွန်းသည့် ကော်ဖီမျိုးများမှာ အဆင့် ၈၄ နှင့် ၉၀ အကြားတွင် ရှိပါကြောင်း၊ ချင်းပြည်နယ်၌ စိုက်ပျိုးဖြစ်ထွန်းသော ကော်ဖီမျိုးမှာ အဆင့် ၉၆ တွင်ရှိ၍ အထူးအရည်အသွေးကောင်းမွန်ပါကြောင်း၊ အဆိုပါ ကမ္ဘာ့အဆင့်မီ ကော်ဖီမျိုးအား ချင်းပြည်နယ်ရှိ တောင်သူများအနေဖြင့် စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားရန် တိုက်တွန်းလိုပါကြောင်း၊ ထိုသို့ ကော်ဖီမျိုးကောင်းအား တိုးချဲ့စိုက်ပျိုးခြင်းဖြင့် တောင်သူများဝင်ငွေတိုးမည့်အပြင် နိုင်ငံတော်၏ ပြည်ပပို့ကုန်တန်ဖိုးလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်၏ မြေယာအနေအထားသည် ယခုအချိန်အထိ သဘာဝအတိုင်း အများစုကျန်ရှိနေသေးပါကြောင်း၊ ထို့ကြောင့် ဒေသခံတောင်သူများအနေဖြင့် ယင်းအခွင့်အရေးကိုရယူပြီး စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုဗေဒပစ္စည်းများ အသုံးပြုမှုကင်းမဲ့ဇုန်အဖြစ် ထူထောင်သွားရန်နှင့် ဈေးကွက်ဝင် အော်ဂဲနစ်သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးအောင် စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**စိုက်ဧက ၁၂၂၀ ရှိလာမည်**

ချင်းပြည်နယ်အတွင်း ယခုအချိန်တွင် ကော်ဖီစိုက်ပျိုးဧကမှာ ၅၆၀ ကျော်ရှိပြီး နှစ်စဉ် ကော်ဖီစိုက်ဧက ၂၂၀ ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ရာ ၂၀၂၁ ခုနှစ်တွင် စုစုပေါင်းစိုက်ဧက ၁၂၂၀ ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ရှာလ်လုမ်းခံတပ်**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တီးတိန်မြို့နယ်၌ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ထားသည့် ရှာလ်လုမ်းခံတပ်သို့ ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာဓလေ့အတိုင်း ကြိုဆိုနှုတ်ဆက်ကြပြီး ရှာလ်လုမ်းခံတပ် ရှင်းလင်းဆောင်၌ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပြည်နယ်မှူး ဒေါ်ငိုင်ဟောက်ခြောင်က ခံတပ်၏သမိုင်းကြောင်းနှင့် မူလအတိုင်း ထိန်းသိမ်းထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တီးတိန်မြို့နယ် ရှာလ်လုမ်းခံတပ်အတွင်းရှိ အထိမ်းအမှတ်နေရာ၊ စခန်း တည်ဆောက်ဖွဲ့စည်းပုံတို့ကို လှည့်လည်ကြည့်ရှုစဉ်။

**မှတ်တမ်းဓာတ်ပုံရိုက်**

ယင်းနောက် ရှာလ်လုမ်းခံတပ်အတွင်းရှိ အထိမ်းအမှတ်နေရာ၊ စခန်း တည်ဆောက်ဖွဲ့စည်းပုံတို့ကို လှည့်လည်ကြည့်ရှုပြီး ဒေသခံတိုင်းရင်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးသည်။

**မှတ်တမ်းတင်ထား**

ရှာလ်လုမ်းခံတပ်သည် ချင်းပြည်နယ် တီးတိန်မြို့နယ် ဝေ့လပ်ကျေးရွာအောက်ဘက် လေးဖာလုံခန့်ဝေးသော ဝေ့လပ် - ထုတ်လိုင်လမ်းနံဘေးတွင် တည်ရှိသည်။ အဆိုပါ ရှာလ်လုမ်းခံတပ်တိုက်ပွဲသည် ၁၈၈၉ ခုနှစ် မေ ၄ ရက်တွင် ဖြစ်ပွားခဲ့ပြီး ချင်းတိုင်းရင်းသားများအနေဖြင့် နယ်ချဲ့အား ရွပ်ရွပ်ချွံချွံ ခုခံတိုက်ခိုက်ခဲ့သဖြင့် နယ်ချဲ့ဘက်မှ စုစုပေါင်း ၃၆ ဦး ကျဆုံးခဲ့ပြီး ချင်းအမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၈ ဦး ကျဆုံးခဲ့၍ ပြင်းထန်သောတိုက်ပွဲတစ်ခုအဖြစ် မှတ်တမ်းတင်ထားကြောင်း သိရှိရသည်။

**မြေထိန်းနံရံ ကြံ့ခိုင်ရေး**

ထို့နောက် ဒုတိယသမ္မတသည် ကလေး - တီးတိန် - တွန်းဇံ လမ်းပေါ်ရှိ မြေထိန်းနံရံများ ကြံ့ခိုင်ရေးအတွက် ဆောင်ရွက်နေမှုနှင့် အသစ်တည်ဆောက်နေမှု၊ လမ်းသားတာပေါင်တိုးချဲ့ဖောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ညနေပိုင်းတွင် တွန်းဇံမြို့သို့ ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုကြသည်။

**သတင်းစဉ်**



ကလေးမြို့ရှိ ပြည်သူ့ဝန်ဆောင်မှုရုံး၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လှည့်လည်ကြည့်ရှုစဉ်။



တီးတိန်မြို့နယ် ကော်ဖီသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ထေးဇန်)၌ ကော်ဖီပျိုးပင်များ စနစ်တကျပျိုးထောင်ထားမှုကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် KNU ဥက္ကဋ္ဌ စောမူတူးစေးဖိုးဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၁၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြပြီး ကရင်အမျိုးသားအစည်းအရုံး(KNU)၏ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိသည့် ခေးပူ-လွယ်မူပလော လမ်းကြောင်း ပြုပြင်ဆောင်ရွက်နေမှုကို တပ်မတော်မှ နားလည်မှုရှိစွာဖြင့် ယာယီရပ်ဆိုင်းပေးထားမည်ဖြစ်ကြောင်း၊ အဆိုပါ ဒေသတွင်နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် အေးချမ်းစွာနေထိုင်လုပ်ကိုင်နိုင်ပြီး လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်ကြောင်း ဆွေးနွေး သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပညာရေးဝန်ကြီးဌာန

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၁၈၊ မေလ (၂၅) မှ (၃၁) ရက်အထိ

# ဦးကျော်မိုးထွန်းအား ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်

**နေပြည်တော် မေ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းအား ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

# မြန်မာဆယ်မားအူးလ်အွန်ဒုန်စီမံကိန်း ဦးဆောင်မှုဗဟိုကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၇**

မြန်မာဆယ်မားအူးလ်အွန်ဒုန် စီမံကိန်း အပါအဝင် ပြည်တွင်း၊ ပြည်ပ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ရေရှည်တည်တံ့ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောသည်။



ဆက်လက်၍ ရပ်ဝန်းပိုင်းဖွံ့ဖြိုးမှုသာမက စိတ်ပိုင်းဆိုင်ရာခံယူချက်၊ ယုံကြည်ချက်နှင့် အတွေးအခေါ်များ မြင့်တင်ပေးပြီး စုပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများဖြင့် မိမိဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်ကြိုးပမ်းကြမှသာ အမှန်တကယ်ဖွံ့ဖြိုးသောကျေးရွာများ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲ ၂ နာရီက ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ပြုလုပ်သည့် မြန်မာဆယ်မားအူးလ်အွန်ဒုန် စီမံကိန်း ဦးဆောင်မှု ဗဟိုကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် KOICA မှ Senior Deputy Representative, Mr. Moon Sang Won က မြန်မာဆယ်မားအူးလ်အွန်ဒုန် စီမံကိန်း ရေရှည်တိုးတက်အောင်မြင်ရေးနှင့် ကျေးရွာများအားလုံး ဖွံ့ဖြိုးတိုးတက်ရေး ကိုရီးယားဘက်မှ ကြိုးစားဆောင်ရွက်မှုများနှင့် ဆောင်ရွက်ပြီးစီးမှုများကို ဗီဒီယိုဖိုင်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် စီမံကိန်းဒါရိုက်တာ ဒုတိယညွှန်ကြားရေးမှူးချုပ်က စီမံကိန်းဆိုင်ရာလုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ စီမံကိန်း ဦးဆောင်မှု ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးအစီအစဉ်အရ KOICA မှ မြန်မာနိုင်ငံတွင်ဆောင်ရွက်လျက်ရှိသည့် မြန်မာဆယ်မားအူးလ်အွန်ဒုန်စီမံကိန်းကို တိုင်းဒေသကြီး၊ ပြည်နယ်ကိုးခုရှိ ကျေးရွာ ၁၀၀ တွင် တတိယနှစ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို စွမ်းဆောင်ရည်မြင့်မားရေး၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားရေး လုပ်ငန်းများကို ကဏ္ဍများအလိုက် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဒယ်ဂူးမြို့တော်နှင့် POSCO DAEWOO Co.,Ltd တို့၏ ကူညီထောက်ပံ့မှုများဖြင့် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ကျေးရွာငါးရွာစီထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုအခါ ရှေ့ပြေးစံပြကျေးရွာပေါင်း ၁၁၀ တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းဝင် ကျေးရွာလူထု၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် နည်းပညာအထောက်အကူပေးနိုင်ရန် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းကို နေပြည်တော်(ရေဆင်း)တွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလက ဖွင့်လှစ်ခဲ့ပြီး ကျေးရွာခေါင်းဆောင်များနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကို ကျေးရွာသစ်လှုပ်ရှားမှုသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

စီမံကိန်း အကျိုးသက်ရောက်မှုများအား အကဲဖြတ်နိုင်ရန်အတွက် Korea Development Institute (KDI) နှင့် Myanmar Survey Research (MSR) တို့ ပူးပေါင်း၍ Baseline Survey, Midterm Survey များကိုကောက်ယူပြီးဖြစ်ပြီး Endline Survey ကို စီမံကိန်းကာလအပြီးတွင် ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့နယ်အတွင်း မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ သိန်းပေါင်း ၁၆၉၈၀ ထုတ်ချေးသွားမည်

**စစ်တွေ မေ ၁၇**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စစ်တွေဘဏ်ခွဲ၌ ယနေ့ စတင်ထုတ်ချေးလျက်ရှိသည်။

"မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စစ်တွေဘဏ်ခွဲကနေ ၂၀၁၈ ခုနှစ် မိုးရာသီ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေတွေကို ဒီနေ့ စတင်ထုတ်ချေးပေးနေပါတယ်၊ စစ်တွေမြို့နယ် ပါဒလိတ်ကျေးရွာအုပ်စုနဲ့ အောင်တိုင်ကျေးရွာအုပ်စုက တောင်သူ ၁၂၅ ဦးကို မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ၉၃၇ သိန်း ၅ သောင်းကျပ် ထုတ်ချေးသွားမှာဖြစ်ပါတယ်"ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စစ်တွေဘဏ်ခွဲမန်နေဂျာ ဦးစံညွန့်က ပြောသည်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ထုတ်ချေးမှုပုံစံပြောင်းလဲထားကြောင်းကိုလည်း ၎င်းက ဆက်လက်ရှင်းပြသည်။

"လွန်ခဲ့တဲ့နှစ်က ဒီလိုချေးငွေထုတ်ချေးမယ်ဆိုရင် တောင်သူသုံးဦး အစုအဖွဲ့ဖြစ်မှ ထုတ်ချေးပေးပါတယ်၊ တကယ်လို့ အဲဒီသုံးဦးအဖွဲ့ထဲက တစ်ဦးဦးက ချေးငွေပြန်မဆပ်ရင် အဲဒီအဖွဲ့ကို ချေးငွေအသစ်ထုတ်မချေးပေးပါဘူး၊ အခု တောင်သူတစ်ဦးချင်းစီကို ထုတ်ချေးပေးမှာ ဖြစ်ပါတယ်၊ အရင်နှစ်တွေက တောင်သူတွေပိုင်ဆိုင်တဲ့ ပုံစံ-၇ မိတ္တူကို ဘဏ်ကိုပေးရပါတယ်၊ ဒီနှစ်မှာ ပုံစံ-၇ ကို အပ်နှံရမှာဖြစ်ပါတယ်၊ တောင်သူတွေအနေနဲ့ ချေးငွေနဲ့အတိုးပြန်လည်ပေးဆပ်ပြီးမှသာ ပုံစံ-၇ ကို ပြန်လည်ရရှိမှာဖြစ်ပါတယ်၊ တစ်ဧကကို တစ်သိန်းခွဲနှုန်းထုတ်ချေးတာဖြစ်ပြီး လုပ်ကွက်ငယ်တောင်သူတွေကို ဦးစားပေးတဲ့အနေနဲ့ အများဆုံး ၁၀ ဧက အထိထုတ်ချေးသွားမှာဖြစ်ပါတယ်၊ တစ်ရာသီ နှစ်ချင်းဆပ်အစီအစဉ် ဖြစ်ပါတယ်။

"ဒီနှစ် စိုက်ပျိုးစရိတ်ချေးငွေတွေကို မေလနဲ့ ဇွန်လအတွင်း အပြီးထုတ်ချေးပေးသွားမှာဖြစ်ပါတယ်၊ စစ်တွေမြို့နယ်အတွင်း စိုက်ပျိုးဧက ၁၁၃၂၀ အတွက် တောင်သူ ၂၄၀၀ ကို မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ သိန်းပေါင်း ၁၆၉၈၀ ထုတ်ချေးသွားမှာဖြစ်ပါတယ်"ဟု စစ်တွေဘဏ်ခွဲမန်နေဂျာ ဦးစံညွန့်က ပြောသည်။

အောင်တိုင်ကျေးရွာအုပ်စုမှ တောင်သူ ဦးထွန်းမောင်စိန်က "မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ရတော့ပျော်တယ်၊ ကျွန်တော့်မှာ စိုက်ပျိုးဧကလေး ဧက ရှိတဲ့အတွက် ခြောက်သိန်းရတယ်၊ ဒီချေးငွေတွေနဲ့ ဒီနှစ်မိုးရာသီမှာ မနှစ်ကထက်စပါးပိုထွက်အောင် ကောင်းကောင်းစိုက်မယ်"ဟု ပြောသည်။

**မင်းမင်းဇော်(ကလေး)**

# ကချင်ပြည်နယ်အတွင်း အစုန်၊ အဆန် ရထားများအားလုံး နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်းသာ ဖြတ်သန်းခွင့်ပြုမည်

**မြစ်ကြီးနား မေ ၁၇**

နယ်မြေလုံခြုံရေးအခြေအနေအရ ကချင်ပြည်နယ်အတွင်း ဖြတ်သန်းသွားလာကြသည့် အစုန်၊ အဆန် မီးရထားများအားလုံး နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်းသာ ဖြတ်သန်းသွားလာခွင့်ပြုထားကြောင်း သိရသည်။

လတ်တလောဖြစ်ပေါ်နေသည့် နယ်မြေအခြေအနေအရ ညပိုင်းရောက်လျှင် မီးရထားများနှင့် ရထားစီးခရီးသည်များ လုံခြုံဘေးကင်းစေရန် ယနေ့မှစ၍ နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်းသာ ဖြတ်သန်းသွားလာခွင့်ပြုထားကြောင်းနှင့် ယနေ့မန္တလေးမှတက်သည့် မန္တလေး-မြစ်ကြီးနား အမှတ်(၅၇)အဆန် မန္တလာရထားသည် နမ္မတီးဘူတာတွင် ညအိပ်ရပ်နားထားကြောင်း မြစ်ကြီးနားဘူတာရုံပိုင်ချုပ်ကြီး ဦးခင်သော်က ပြောသည်။

**ဝင်းနိုင်(ကချင်မြေ)**

✻ ကျောဖုံးမှ

ယခင်က လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန နှစ်ခုသာရှိခဲ့ရာမှ ယခုအခါ ပြန်လည်ထူထောင်ရေးဦးစီးဌာန အသစ်တစ်ခုကို တိုးချဲ့ဖွဲ့စည်း၍ ပြည်သူများ တိုက်ရိုက်အကျိုးကျေးဇူး ခံစားနိုင်စေရန်အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြုပြင်ပြောင်းလဲ တိုးတက်မှုများရရှိခဲ့သကဲ့သို့ စိန်ခေါ်မှုများနှင့်လည်း ကြုံတွေ့ခဲ့ရပါကြောင်း။

မူဝါဒသစ်များ ချမှတ်ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေများကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်ရေးရာမူဝါဒကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်က ပြဋ္ဌာန်းနိုင်ခဲ့သောကြောင့် လူငယ်များအနေဖြင့် ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ ကျား-မ ရေးရာနှင့် လူ့အခွင့်အရေးကိစ္စများတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆုံးဖြတ် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

**နည်းဥပဒေများကို ရေးဆွဲ**

ထို့ပြင် သက်ကြီးရွယ်အိုများအတွက်လည်း အမျိုးသားအဆင့် သက်ကြီးမူဝါဒကို ရေးဆွဲလျက်ရှိပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေကို အသစ်ပြင်ဆင်ရေးဆွဲကာ လွှတ်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ ပြည့်တန်ဆာဆိုင်ရာဥပဒေကို အသစ်ပြင်ဆင်ရေးဆွဲလျက်ရှိပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေကိုလည်း အပြီးသတ်ရေးဆွဲ၍ အတည်ပြုရန် တင်ပြထားပြီးဖြစ်ပါကြောင်း၊ ထို့အတူ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာနည်းဥပဒေနှင့် သက်ကြီးရွယ်အိုဆိုင်ရာ နည်းဥပဒေများကို ရေးဆွဲလျက်ရှိပါကြောင်း။

မူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများကို လက်တွေ့ကျင့်သုံး ဖော်ဆောင်ရာတွင် ဥပဒေအရ ခံစားရရှိမည့် ပြည်သူများအတွက် တရားမျှတသော ဥပဒေဖြစ်စေရန် Legaladvisory Unit ကို ဖွဲ့စည်းခဲ့ပါကြောင်း။

ထို့ပြင် ပြန်လည်ထူထောင်ရေးဦးစီးဌာနကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် တိုးချဲ့ဖွဲ့စည်းခဲ့ပြီး မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး၊ မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်း၊ ရင်ခွင်မဲ့ကလေး၊ စွန့်ပစ်ကလေး၊ ကလေးစစ်သား၊ လမ်းပျော်ကလေး၊ သက်ငယ်မုဒိမ်း၊ အမျိုးသမီးအိမ်တွင်းအကြမ်းဖက်မှုနှင့် ဘိုးဘွား စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်၊ ပဋိပက္ခခံစားရသည့်ဒေသများမှ နေရပ်စွန့်ခွာသူများ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စများတွင် ရပ်ရွာလူထု၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့၏ သဘောထားအမြင်တို့ကို မေးမြန်း၍ ရှေ့လုပ်ငန်းစဉ်များ ကဏ္ဍအလိုက် ချမှတ်ခြင်း၊ ရေရှည်စီမံကိန်းလုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

**လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ရှစ်ခုရှိ**

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ပြည်သူများ တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် မဖြစ်မနေ အကောင်အထည်ဖော်ရန်လိုအပ်သော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ရှစ်ခုရှိပါကြောင်း (၁) ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှမွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးခြင်း၊ (၂) အသက် သုံးနှစ်မှ ၁၅ နှစ်အထိ ကလေးသူငယ်များအား ထောက်ပံ့ခြင်း၊ (၃) မသန်စွမ်းသူများအား ထောက်ပံ့ခြင်း၊ (၄) ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်း၊ (၅)လူမှုရေး ပင်စင်ထောက်ပံ့ပေးခြင်း၊ (၆) ပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း၊ (၇) သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ (၈) ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးတို့ဖြစ်ရာ ယင်းတို့အနက်မှ အမှတ်စဉ်(၁)၊ (၂) နှင့် (၅)တို့ကို စတင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အာဟာရအခြေအနေ နိမ့်ပါးသောဒေသများဖြစ်သည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် မိခင်တစ်ဦးကို တစ်လလျှင် ငွေကျပ် တစ်သောင်းခွဲနှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးရှိ အသက် ၉၀ နှင့်အထက် ဘိုးဘွားများအား တစ်လလျှင် တစ်သောင်းကျပ်နှုန်းဖြင့် လူမှုရေးပင်စင် (Social Pension) ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ် (Case Management System)တစ်ရပ် နိုင်ငံအတွင်း ခိုင်မာအားကောင်းစေရေးအတွက် ဆောင်ရွက်ရာတွင် ယခင် ၂၇ မြို့နယ်မှ ၁၀ မြို့နယ် ထပ်မံတိုးချဲ့ပြီး မြို့နယ် ၃၇ ခုတွင် လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူများအား လေ့ကျင့်ခန့်ထားပြီး တရားဥပဒေနှင့်အညီ ဖြေရှင်းပေးရာတွင် ကူညီဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်သွယ်အကူအညီတောင်းခံလာသည့် အကြောင်းအရာ ၃၅၉ ခုကို လူမှုဝန်ထမ်းနည်းစနစ်များဖြင့် ဖြေရှင်းဆောင်ရွက်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

ပေးနိုင်ခဲ့ပါကြောင်း၊ အကူအညီ တောင်းခံလာသော အမှုများအနက် သက်ငယ်မုဒိမ်းမှုများ အပါအဝင် မုဒိမ်းမှုကျူးလွန်ခံရသူ ၈၂ ဦးကို ထောက်ပံ့ကူညီမှုများ ပေးနိုင်ခဲ့ပါကြောင်း။

အမျိုးသမီးများအတွက် ပြဿနာများကို တစ်နေရာတည်းတွင် ကူညီဖြေရှင်းပေးနိုင်မည့်စင်တာ (One Stop Women Support Center-OSWSC)ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ အဆိုပါစင်တာများသို့ လာရောက် အကူအညီတောင်းခံသူများအား လိုအပ်ချက်အလိုက် တရားရင်ဆိုင်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ထောက်ပံ့ရန်လိုအပ်သူ ၉၉ ဦးကို တစ်ဦးလျှင် ငါးသိန်းနှုန်းဖြင့် ၄၉၅ သိန်း ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ မူလတန်းကြိုကျောင်းများကို တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ ပြည်သူ့အစိုးရနှစ်နှစ်တာကာလအတွင်း ငါးကျောင်း ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး လာမည့်ဘဏ္ဍာနှစ်အတွင်း ကျောင်း ၂၀ ထပ်မံဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဌာနမူလတန်းကြိုကျောင်းများ မဖွင့်လှစ်နိုင်သည့် နေရာဒေသများတွင် မိခင်ဝိုင်းများကို တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ယခင်မိခင်ဝိုင်း ၂၇၀ ရှိရာမှ ပြည်သူ့အစိုးရ တာဝန်ယူသည့်နှစ်နှစ်တာကာလအတွင်း ၁၂၇ ဝိုင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

**တိုးမြှင့်ထောက်ပံ့ပေးနိုင်ခဲ့**

လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြု ထောက်ပံ့ပေးလျက်ရှိသည့် ရပ်ရွာအတွင်း ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်း ၉၇၉ ကျောင်းနှင့် ပရဟိတဂေဟာ ၂၄၄ ခု၊ ဘိုးဘွားရိပ်သာ ၈၂ ခုတို့ကို ခေတ်ကာလနှင့်လျော်ညီစွာ တိုးမြှင့်ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနအနေဖြင့် Earthquake Forum များ၊ လျှင်ဘေး ဇာတ်တိုက်လေ့ကျင့်ခန်းများ၊ အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ပေးခဲ့ပြီး စာသင်ကျောင်းများတွင် လျှင်ဘေးအသိပညာပေးလေ့ကျင့်မှုများကို ပုံမှန်ပြုလုပ်သွားနိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် လေပြင်းဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် အိုးအိမ်များ လေပြင်းဒဏ်ခံနိုင်ရေး နည်းပညာပံ့ပိုးပေးခြင်း၊ အိုးအိမ်များပြင်ဆင်အားဖြည့်ခြင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ မြို့နယ် ၁၈ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက် ၁၂၉ ခုတို့တွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ယခင်နှစ်ဆောင်ရွက်ခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ်လေးခုအပြင် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၀၈ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းပြီးနောက်ပိုင်းတွင် သဘာဝဘေးများ ဖြစ်ပွားလာပါက အရေးပေါ် ယာယီခိုလှုံရန်နေရာများအဖြစ် အသုံးပြုနိုင်ရန် Cyclone Shelter များကို တည်ဆောက်ပေးခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ကာလအတွင်း တည်ဆောက်ပြီးစီးမှုမှာ စုစုပေါင်း ၉၃ လုံးဖြစ်ပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် တည်ဆောက်ပြီး ၁၀ လုံး၊ တည်ဆောက်ဆဲ ၁၆ လုံး၊ ထပ်မံဆောက်လုပ်မည့် Shelter မှာ ၈၇ လုံးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရှင်းလင်းမှုများနှင့် ပတ်သက်၍ သတင်းမီဒီယာများက သဘာဝဘေးအန္တရာယ်ကျရောက်မှုအပေါ် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည့်တန်ဆာဥပဒေရေးဆွဲဆောင်ရွက်မှု အခြေအနေနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရခိုင်ပြည်နယ် ဒုက္ခသည်စခန်းများ ပိတ်သိမ်းမှုအခြေအနေနှင့် နေရပ်စွန့်ခွာတိမ်းရှောင်သွားသူများ ပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေသည့် အခြေအနေနှင့် စပ်လျဉ်း၍လည်းကောင်း၊ သက်ကြီးဘိုးဘွားများအား ထောက်ပံ့ဆောင်ရွက်မည့် အခြေအနေနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ တိုင်ကြားမှုဖြစ်စဉ်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေ ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ လည်းကောင်း မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြေကြားကြသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ဌာန၊ အဖွဲ့အစည်းပေါင်း ၂၀ ရှိပြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ်ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်း ဥပဒေကို ရေးဆွဲထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု စီမံချက်(Myanmar Sustainable Development Plan - MSDP)ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်အရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများတွင် ဆောင်ရွက်နိုင်ရေး လုပ်ပိုင်ခွင့်ခွဲဝေပေးခဲ့ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် မတည်ငွေရင်းပမာဏ အမေရိကန်ဒေါ်လာ ငါးသန်း၊ ကျပ်သန်း ၆၀၀၀ အထိ လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများမှ အတည်ပြုမိန့်ထုတ်ပေးပြီးဆောင်ရွက်ပေးနိုင်ပါကြောင်း၊ ထို့ပြင် ဝင်ငွေခွန်ကင်းလွတ်ခွင့် သက်သာခွင့်များ ခံစားနိုင်ရန်အတွက် ဖွံ့ဖြိုးတိုးတက်မှုဇုန်ကို အဆင့်သုံးဆင့် သတ်မှတ်၍ ဖွံ့ဖြိုးမှုနည်းပါးသော ဒေသများအား ဇုန်(၁)အဖြစ် ဝင်ငွေခွန်ကင်းလွတ်ခွင့် ခုနစ်နှစ်၊ ဖွံ့ဖြိုးမှုအသင့်အတင့်ရှိသော ဒေသများအား ဇုန်(၂)အဖြစ်သတ်မှတ်ပြီး ဝင်ငွေခွန်ကင်းလွတ်ခွင့် ငါးနှစ်နှင့် ဖွံ့ဖြိုးမှုရှိသောဒေသများအား ဇုန်(၃) အဖြစ်သတ်မှတ်ပြီး ဝင်ငွေခွန်ကင်းလွတ်ခွင့် သုံးနှစ် စသည်ဖြင့် ခံစားခွင့်ပြုပေးထားပါကြောင်း။

**အလုပ်အကိုင်နေရာ**

ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးတိုးချဲ့ထူထောင်ဆောင်ရွက်နေမှုများကို အရင်းအနှီးနည်းနည်းဖြင့် လုပ်ကိုင်လိုသူများ လွယ်ကူစွာဆောင်ရွက်နိုင်ရန် ကုမ္ပဏီမှတ်ပုံတင်ကြေးကို ၂၀၁၆ ခုနှစ် ဇွန်လမှစ၍ ငွေကျပ် ၁၀ သိန်းမှ ငါးသိန်းအထိ လျှော့ချခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ငွေကျပ် ငါးသိန်းမှ နှစ်သိန်းခွဲသို့လည်းကောင်း ထပ်မံလျှော့ချပေးခဲ့ပါကြောင်း၊ မှတ်ပုံတင်ကြေး ဖြေလျှော့မှုကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မြန်မာကုမ္ပဏီ ၆၇၂၈ ခုနှင့် နိုင်ငံခြား ကုမ္ပဏီ ၁၁၇၂ ခုရှိခဲ့ရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာကုမ္ပဏီ ၉၁၄၇ခုနှင့် နိုင်ငံခြားကုမ္ပဏီ ၁၃၂၂ ခု သိသိသာသာ တိုးတက်လာခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် မတ် ၁၉ ရက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅၁၀၇ ဒသမ ၂၀၇ သန်း၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ကျပ် ၃၆၁၂ ဒသမ ၂၄၁ ဘီလီယံရှိပြီး အလုပ်အကိုင်နေရာပေါင်း ၁၀၆၂၇၃ နေရာ ရှာဖွေပေးနိုင်ခဲ့ပါကြောင်း။

စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ခရိုင် ၂၅ ခရိုင်တို့၏ လုပ်ငန်းနှင့်လုပ်ငန်းစီမံကိန်း စုစုပေါင်း ၄၀၁၆ ခုအား မြေပြင်ကွင်းဆင်းစိစစ်ခဲ့ပါကြောင်း၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၊ မြေနှင့် အဆောက်အအုံ၊ တိုက်ခန်း၊ မြေကွက်များအား အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာမှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြောင်းလဲ၍ ပွင့်လင်းမြင်သာစွာဖြင့် ရောင်းချဆောင်ရွက်ခဲ့ပါကြောင်း။

**စာရင်းအင်းဥပဒေ ပြဋ္ဌာန်းနိုင်ခဲ့**

ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ စာရင်းအင်းစနစ် ခိုင်မာအားကောင်းလာစေရန် စာရင်းအင်းဥပဒေကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွက် ရရှိလာမည့် ဖွံ့ဖြိုးမှုအကူအညီများကို နိုင်ငံတော်နှင့် ပြည်သူ့အတွက် ပိုမိုထိရောက်စွာ အသုံးပြုနိုင်ရန် ဖွံ့ဖြိုးမှုညှိနှိုင်းရေးအဖွဲ့(Development Assistance Coordination Unit- DACU)ကို ဖွဲ့စည်းခဲ့ပြီး ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ (Development Assistance Policy - DAP)ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် မြန်မာနိုင်ငံရှိ SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် JICA မှ ODA ချေးငွေရယူ၍ နှစ်ဆင့်ချေးငွေ(Two Step Loan) အစီအစဉ်ဖြင့် လည်းကောင်း၊ မြန်မာ့စီးပွားရေး ဘဏ်၏ Owned Fund ဖြင့် SME လုပ်ငန်းရှင်များသို့ ထုတ်ချေးသည့်အစီအစဉ်ဖြင့်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် တောင်သူလယ်သမားများအား သုံးနှစ်မှ ငါးနှစ်သက်တမ်းရှိ နှစ်လတ်ချေးငွေများ ထုတ်ချေးခြင်း၊ အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သုံးနှစ်သက်တမ်းရှိ နှစ်လတ်ချေးငွေအား ထုတ်ချေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် Customer များအနေဖြင့် နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁) နှစ်တာကာလအတွင်း မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်အနေဖြင့် နိုင်ငံတော်သို့ ဝင်ငွေခွန်ကျပ်သန်း ၇၇၉၁ ဒသမ ၇၀ နှင့် နိုင်ငံတော်သို့ထည့်ဝင်ငွေ ကျပ်သန်း ၇၉၅၆ ဒသမ ၄၀ ထည့်ဝင်ပေးဆောင်နိုင်ခဲ့ပါကြောင်း။

**ဝင်ငွေခွန် ကျပ် ၉ ဒသမ ၁၂ ဘီလီယံ ပေးဆောင်နိုင်ခဲ့**

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်သို့ ဝင်ငွေခွန် ကျပ် ၉ ဒသမ ၁၂ ဘီလီယံ ပေးဆောင်နိုင်ခဲ့ပြီး နိုင်ငံတော်ထည့်ဝင်ငွေ ကျပ် ၈ ဒသမ ၉၉ ဘီလီယံ တိုးမြှင့်ထည့်ဝင်ပေးနိုင်ခဲ့ပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တစ်ဧက တစ်သိန်းနှုန်းထုတ်ချေးခဲ့ရာမှ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် ယခုအစိုးရသစ်လက်ထက်တွင် တောင်သူလယ်သမားများသို့ တစ်ဧက ၁၅၀၀၀၀ နှုန်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အခြားသီးနှံတစ်ဧကလျှင် နှစ်သောင်းကျပ်နှုန်းမှ ငါးသောင်းကျပ်နှုန်းသို့ တိုးမြှင့်ထုတ်ချေးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ချေးငွေကျပ် ၁၆၃၁ ဘီလီယံနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၇၀၇ ဒသမ ၇၀ ဘီလီယံ စုစုပေါင်း ငွေကျပ် ၃၃၃၈ ဒသမ ၇၀ ဘီလီယံ ထုတ်ချေးပေးခဲ့ပါကြောင်း။

မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် တောင်သူလယ်သမား အသက်အာမခံလုပ်ငန်းကို ၂၀၁၇ ခုနှစ် အောက်တိုဘာလမှစ၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဧပြီလကုန်အထိ အသက်အာမခံထားရှိသူ ၄၁၄၀၇ ဦးအတွက် ဝင်ငွေကျပ် ၅၈ ဒသမ ၇၉ သန်းရရှိပြီး အကြောင်းအမျိုးမျိုးကြောင့် နစ်နာဆုံးရှုံးသူ တောင်သူလယ်သမား ၄၀ အတွက် ငွေကျပ် ၂၂ ဒသမ ၃၆ သန်းပေးလျော်ခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဝင်ငွေကျပ် ၅၆ ဘီလီယံဖြစ်ပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှာ ဝင်ငွေကျပ် ၆၁ ဘီလီယံရရှိခဲ့သဖြင့် ယခင်နှစ်ထက် ငါးဘီလီယံခန့် နိုင်ငံတော်အတွက် ဝင်ငွေပိုမိုတိုးတက် ရှာဖွေပေးနိုင်ခဲ့ပါကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ အခွန်ထမ်းဆောင်ရာမှာ လျင်မြန်စွာ အဆင်ပြေဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစပြီး Online Tax Payment ဖြင့် ပုဂ္ဂလိကဘဏ်မှ တစ်ဆင့် အခွန်ပေးသွင်းခြင်းကို ပထမအဆင့်အဖြစ် ရန်ကုန်မြို့ရှိ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (၁)၊ (၂)၊ (၃)တို့တွင် စတင်အသုံးပြု ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် သွင်းကုန်၊ ပို့ကုန် လုပ်ငန်းများကို ယခင် Manual စနစ်နှင့် ဖိုင်များ၊ စာရွက်စာတမ်းဖြင့်

**စာမျက်နှာ ၁၁ သို့** »»

»»» **စာမျက်နှာ ၁၀ မှ**

ရှင်းလင်းဆောင်ရွက်လျက်ရှိခဲ့ရာမှ မြန်မာ့အလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးစနစ်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှ စတင်ပြောင်းလဲကျင့်သုံး ဆောင်ရွက်ခဲ့သဖြင့် အချိန်မြန်စေခဲ့ပြီး စရိတ်သက်သာစေခဲ့ပါကြောင်း။

**အများပြည်သူသို့ ထုတ်ပြန်**

ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနအနေဖြင့် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုအတွက် ဝန်ကြီးဌာနအင်တာနက်စာမျက်နှာမှတစ်ဆင့် သုံးလပတ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာများ၊ (In Year Report)၊ ဘတ်ဂျက်အဆိုပြုလွှာ၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင်၊ နှစ်လယ်သုံးသပ်ချက်အစီရင်ခံစာ၊ ၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာအထိ ခြောက်လအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသည့် ဘတ်ဂျက်အဆိုပြုလွှာတို့ကို အများပြည်သူသို့ ထုတ်ပြန်နိုင်ခဲ့ပါကြောင်း။

ငွေတိုက်ဦးစီးဌာနအနေဖြင့် ငွေကြေးစီမံခန့်ခွဲမှုဌာနခွဲသည် ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများက ပေးပို့လာသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လစဉ်ငွေသားစီမံချက်များရေးဆွဲခြင်း၊ ၎င်းငွေသားစီမံချက်အပေါ်အခြေခံ၍ သုံးလပတ်အလိုက် အမှန်စာရင်းများနှင့် ခန့်မှန်းစာရင်းများနှိုင်းယှဉ်၍ လအလိုက်ဖြစ်ပေါ်သည့် ပိုငွေ၊ လိုငွေများ စာရင်းပြုစုခြင်း၊ ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တို့၏ ခန့်မှန်းနှင့် အမှန်စာရင်းများ နှိုင်းယှဉ်သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

**ပင်စင်နှင့် ဆုငွေခံစားခွင့်ရရှိ**

ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝ တိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေရန်အတွက် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း ၁၇၆ ဖွဲ့အား လုပ်ကိုင်ခွင့်ပြုပြီး ချေးငွေများထုတ်ချေးလျက်ရှိပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ချေးငွေကျပ် ၂၄၇၉ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ချေးငွေကျပ် ၄၁၂၉ ဘီလီယံ ထုတ်ချေးပေးခဲ့ပါကြောင်း။

ပင်စင်ဦးစီးဌာနအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းလစာရပ်ဆိုင်းသည့်လတွင် ပင်စင်လစာ တစ်ဆက်တည်းခံစားခွင့်ရရှိရေးအတွက် တစ်လအတွင်း ပင်စင်နှင့် ဆုငွေခံစားခွင့်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အခွန်အယူခံခုံအဖွဲ့ရုံးအနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ကာလအတွင်း အခွန်အယူခံခုံအဖွဲ့သို့ အကောက်ခွန်အယူခံမှု ၁၉၉ မှု၊ အကောက်ခွန်ပြန်လည်သုံးသပ်မှု ၃၅ မှုနှင့် တံဆိပ်ခေါင်းခွန်ပြင်ဆင်မှု တစ်မှု စုစုပေါင်း ၂၃၅ မှု တင်သွင်းလျှောက်ထားခဲ့ပြီး အဆိုပါအမှုများအနက်မှ အကောက်ခွန်အယူခံမှု ၁၈၀၊ အကောက်ခွန်ပြန်လည်သုံးသပ်မှု ၂၃ မှု စုစုပေါင်း ၂၀၃ မှုအား ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ခဲ့ပါကြောင်း။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးအနေဖြင့် အများနှင့်သက်ဆိုင်သော ပထမမြန်မာရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက် (FMI)၊ မြန်မာသီလဝါအထူးစီးပွားရေးဇုန် ဟိုးလ်ဒင်းလီမိတက် (MTSH)၊ မြန်မာနိုင်ငံသားများဘဏ် (MCB)၊ ပထမပုဂ္ဂလိကဘဏ်(FPB)၊ TMH Telecom Co.,Ltd တို့သည် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများဖြစ်လာကြပြီး အစုရှယ်ယာများကို အရောင်းအဝယ်ဆောင်ရွက်ခွင့်ပြုခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

**သစ်ထုတ်လုပ်မှု ၁၀ နှစ်ရပ်နား**

ထို့နောက် **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက** ဝန်ကြီးဌာနအနေဖြင့် သစ်ထုတ်လုပ်မှုသုံးသပ်ခြင်းအပိုင်းနှင့် ဆောင်ရွက်ခြင်းတွင် ကျွန်းအပါအဝင် အဖိုးတန် သစ်တောကြီးများရှိသည့် ပဲခူးရိုးမတွင် သစ်ထုတ်လုပ်မှုအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ ၁၀ နှစ်ရပ်နားခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစပြီး နှစ်စဉ်ခုတ်လှဲခွင့်ပြုသည့် (Annual Allowable Cut- AAC ) အရေအတွက်ထက် လျှော့ချထုတ်လုပ်ခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျွန်းနှင့် သစ်မာထုတ်လုပ်ရာတွင် ကျွန်းနှစ်စဉ် တောထွက်၏ ၅၅ ရာခိုင်နှုန်းနှင့် သစ်မာ နှစ်စဉ်တောထွက်၏ ၃၁ ရာခိုင်နှုန်းသာ ထုတ်လုပ်ခဲ့ခြင်း၊ သစ်ထုတ်လုပ်ခြင်းအား မြန်မာ့သစ်လုပ်ငန်းမှသာ တာဝန်ယူဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း။

ဆင်ထိန်းသိမ်းစောင့်ရှောက်ခြင်း အခြေခံသော ခရီးသွားစခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း အနေဖြင့် ၂၀၁၆-



အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ

၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ခရီးသွားဆင်စခန်း ၁၈ ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတိုးတက်ဆောင်ရွက်မှုများအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၂၃၀၇၇ ဧက တည်ထောင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အီရန်နိုင်ငံ တီဟီရန်မြို့တွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သော (၁၈)ကြိမ်မြောက် Energy Globe Award ဆုပေးပွဲ၌ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်ရှိ ရိုးစုံကျေးရွာဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောမှ ၂၀၁၇ ခုနှစ်အတွက် နိုင်ငံလုံးဆိုင်ရာဆု (Energy Globe National Award)ရရှိခဲ့ပါကြောင်း။

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်းအနေဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေများအား မူလရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဥယျာဉ်အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်(Park Management Plan)များ ရေးဆွဲခဲ့ပြီး မြန်မာနိုင်ငံ ဆင်ထိန်းသိမ်းရေးလုပ်ငန်းစီမံချက်(၂၀၁၈-၂၀၂၇) (Myanmar Elephant Conservation Action Plan-MECAP 2018-2027)ကို ရေးဆွဲနိုင်ခဲ့ပါကြောင်း။

**အဆင့်ဆင့်စီမံဆောင်ရွက်**

တရားမဝင်သစ်ကာကွယ်တားဆီးမှု သုံးသပ်ခြင်းနှင့် ဆောင်ရွက်ချက်အပိုင်းတွင် တရားမဝင် ကျွန်း၊ သစ်မာ၊ အခြား စုစုပေါင်း ၄၂၈၉၃ ဒသမ ၄၃၁၆ တန်၊ တရားခံ ၆၅၉၁ ဦး(နိုင်ငံခြားသား ၁၉ ဦးအပါအဝင်)၊ ယာဉ်၊ ယန္တရား ၃၁၉၂ စီး ဖမ်းဆီးနိုင်ခဲ့ပါကြောင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် စိုက်ခင်းတည်ထောင်ခြင်း ၃၈၈၈ ဒသမ ၄၇ ဧက၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း ဧက ၃၇၀၀၀ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များရေးဆွဲခြင်း၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိရေး ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာ ခိုင်မာအားကောင်းစေခြင်းတို့ကိုလည်း အဆင့်ဆင့် စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း ရှင်းလင်းသည်။

အလားတူ **သတ္တုတွင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီးက** ဓာတ်သတ္တုနှင့် ကျောက်မျက်ရတနာများကို အကန့်အသတ်ဖြင့် တူးဖော်ထုတ်လုပ်ခြင်းအပိုင်းတွင် ၂၀၁၆ ခုနှစ် မတ် ၁ ရက်မှစ၍ ကျောက်မျက်လုပ်ကွက်အသစ်များ ခွင့်ပြုပေးခြင်းမပြုဘဲ ရပ်ဆိုင်းထားရှိခြင်း၊ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှစ၍ သက်တမ်းကုန် ကျောက်မျက်လုပ်ကွက်များကိုလည်း ထပ်မံသက်တမ်းတိုးခွင့်မပြုဘဲ လစ်လပ်လုပ်ကွက်များအဖြစ် မှတ်တမ်းတင်ထားရှိခြင်း၊ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၆ ရက်မှစ၍ ဓာတ်သတ္တုလုပ်ကွက်အသစ်များ ခွင့်ပြုပေးခြင်းမပြုဘဲ ရပ်ဆိုင်းထားရှိခြင်း၊ နည်းဥပဒေများ ရေးဆွဲဆောင်ရွက်ခြင်းနှင့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းအပိုင်းတွင် မြန်မာ့သတ္တုတွင်းနည်းဥပဒေအသစ်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ နည်းဥပဒေအသစ်အရ ဓာတ်သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွင့်ပြုပေးရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

လုပ်ကွက်များအား ကြီးကြပ်စစ်ဆေးဆောင်ရွက်ခြင်းအပိုင်းတွင် ၂၀၁၇ ခုနှစ် မေလမှစတင်ပြီး ဝန်ကြီးဌာနပူးပေါင်းကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ၁၂ ဖွဲ့ဖြင့် စီမံချက်ချမှတ်ပြီး စစ်ဆေးလျက်ရှိပါကြောင်း၊ ဓာတ်သတ္တုလုပ်ကွက်



ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး

၄၃၈ ကွက်ကို စစ်ဆေးနိုင်ခဲ့ပြီး လိုအပ်ချက်များ၊ အားနည်းချက်များကို ပြုပြင်ထိန်းကျောင်း တည့်မတ်ပေးနိုင်ခဲ့ပါကြောင်း။

EITI လုပ်ငန်းများ ဆောင်ရွက်ခြင်းအပိုင်းတွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် EITI ဦးဆောင်ကော်မတီကို ပြည်ထောင်စုဝန်ကြီးအပါအဝင် အဖွဲ့ဝင် လေးဦးဖြင့် ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်ပြီး EITI လုပ်ငန်းကော်မတီနှင့် အစိုးရ၊ ကုမ္ပဏီနှင့် အရပ်ဘက်အဖွဲ့အစည်းများပါဝင်သော သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG)ကို ဖွဲ့စည်းခဲ့ပါကြောင်း။

ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်နှင့် ရေဦးမြို့နယ်ဝန်းကျင်ဒေသများတွင် ဘူမိဗေဒ မြေပုံရေးဆွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ချင်းပြည်နယ် ဟားခါးမြို့နယ် ဘုံဖုံဒေသတွင် ထုံးကျောက်အသေးစိတ် စမ်းသပ်တိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် ကျောက်မျက်ရတနာ မူဝါဒ၊ အမျိုးသားသယံဇာတ မူဝါဒရေးဆွဲခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားစီမံကိန်းရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် သတ္တု၊ ကျောက်မျက်၊ ပုလဲကဏ္ဍတို့မှ ထုတ်လုပ်မှုတန်ဖိုး ငွေကျပ် ၅၄၁ ဒသမ ၆၂၉ ဘီလီယံ လျာထားပြီး ငွေကျပ် ၇၄၁ ဒသမ ၉၇၂ ဘီလီယံ ရရှိခဲ့သဖြင့် ၁၃၆ ဒသမ ၉၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

**လူတိုင်းလက်လှမ်းမီသော ကျန်းမာရေး စောင့်ရှောက်မှု**

ယင်းနောက် **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက** ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လူတိုင်းလက်လှမ်းမီသော သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုတစ်ရပ်ကို ပြည်သူ့ထံမှ ထုတ်ယူသုံးစွဲရသည့် ကျန်းမာရေးစရိတ်များ လျော့ကျစေရန်၊ ပြည်သူများ၏ ကျန်းမာရေးအသိပညာ မြင့်မားလာစေရန်အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကလေးသူငယ်များအတွက် ရောဂါကာကွယ်ဆေး ၁၁ မျိုး ထိုးနှံပေးခြင်းနှင့် တိုက်ကျွေးခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်ပြည်လုံး၌ ကျောင်းသားဦးရေ ၈ ဒသမ ၇ သန်းခန့်ရှိသည့်အတွက် ကျောင်းကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံးရှိ ကျောင်းများ၏ ၉၇ ရာခိုင်နှုန်းခန့်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် သန်ချဆေးနှစ်ကြိမ်တိုက်ကျွေးခြင်း (School Deworming)သည် ကျန်းမာရေးအတွက် အထူးအကျိုးရှိသဖြင့် ဆက်လက်ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအတွင်း ငှက်ဖျားရောဂါကင်းဝေးရေးကိုဦးတည်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဆင်ခြေထောက်ရောဂါ ကင်းဝေးရေးအတွက် ပြည်သူအားလုံး ဆေးကျွေးခြင်းလုပ်ငန်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး အနာကြီးရောဂါလူနာသစ်ပေါင်း ၄၈၈၈ ဦးကို ဆေးဝါးကုသပေးနိုင်ခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးတွင် မျက်စိအတွင်းတိမ်ခွဲစိတ်မှုပေါင်း ၂၂၂၇၃၀ ပြုလုပ်နိုင်ခဲ့ပြီး ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ နိုင်ငံပိုင်ဆေးရုံကြီး ခုနစ်ရုံတွင် အသည်းရောင်အသားဝါ စီရောဂါပိုး ကူးစက်ခံရသူများအနက် ၂၀၀၀ ကို anti-viral ဆေးများ အခမဲ့တိုက်ကျွေးနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာ



ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း

၃၁ ရက်အထိ လူနာပေါင်း ၁၆၇၁ ဦးကို ကုသပေးနိုင်ခဲ့ပါကြောင်း။

အလွန်ပြင်းထန်ပြီး ကူးစက်မြန်သောရောဂါ ရှာဖွေရေးအတွက် ကမ္ဘာ့ရန်ပုံငွေ အထောက်အပံ့ဖြင့် ဇီဝလုံခြုံမှုအဆင့်(၃)ရှိသော ဓါတ်ခွဲခန်း နှစ်ခုကို တောင်ကြီးနှင့် အင်းစိန်တို့တွင် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

မကူးစက်နိုင်သောရောဂါများ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၁၇-၂၀၂၁)နှင့် မြန်မာနိုင်ငံအမျိုးသား ကင်ဆာရောဂါကာကွယ်ထိန်းချုပ်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၇-၂၀၂၁)များကို ရေးဆွဲခဲ့ပြီး Population Based Cancer Registry ကိုလည်း နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

**အခမဲ့ကုသပေးနိုင်**

ရင်ခေါင်းဖွင့် နှလုံးခွဲစိတ်ကုသခြင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီးနှင့် ရန်ကင်းကလေးဆေးရုံကြီးတို့တွင် လူနာပေါင်း ၁၂၈၇ ဦးကို ကုသပေးနိုင်ခဲ့ကာ အောင်မြင်မှုရာခိုင်နှုန်းမှာ ၉၅ ရာခိုင်နှုန်းကျော် ဖြစ်ပါကြောင်း၊ နှလုံးသွေးကြောချဲ့ကုသမှုများကို လျင်မြန်စွာလုပ်ဆောင်နိုင်ရန် Cardiac Cath Lab များကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပ ဆေးရုံကြီးတို့တွင်ဖွင့်လှစ်၍ လူနာပေါင်း ၈၁၆၂ ဦးကို ကုသပေးနိုင်ခဲ့ပါကြောင်း။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး လက်ပိုင်းဆိုင်ရာ ခွဲစိတ်မှုဌာနတွင် လက်ကောက်ဝတ်မှ ပြတ်ခြင်း၊ လက်ချောင်းပြတ်တောက်ခြင်းများကို ပြန်လည်ဆက်ပေးခြင်း၊ အစားထိုးခြင်းများကို အောင်မြင်စွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများအား အသစ်တည်ဆောက်ခဲ့ရာတွင် ကျေးလက်ကျန်းမာရေးဌာနအသစ် ၁၈ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၂ ခုအသစ် ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း (Community Health Clinic)များအား ဌာနပေါင်း ၁၇၉၆ ခုတွင် ဆေးခန်းများ ဖွင့်လှစ်လျက်ရှိပြီး မိခင်နှင့်ကလေး ကျန်းမာရေးလုပ်ငန်း၊ ငါးနှစ်အောက်ကလေး ကျန်းမာရေးလုပ်ငန်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်း၊ သွေးတိုး၊ နှလုံး၊ ဆီးချို စသည့် မကူးစက်တတ်သောရောဂါများနှင့်ပတ်သက်သောလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ခြင်း၊ ကျန်းမာရေးအသိပညာပေးရာနေရာငယ်များ(Health Education Corner) ထားရှိခြင်းများကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူများအတွက် တိုင်းရင်းဆေးရုံ၊ ဆေးခန်းစုစုပေါင်း ၂၄၁ ရုံ ဖွင့်လှစ်ကုသပေးလျက်ရှိရာ ပြင်ပလူနာ ၁၅၁၂၃၀၀ နှင့် အတွင်းလူနာ ၂၉၈၆၈ ဦးတို့ကို အခမဲ့ကုသပေးနိုင်ခဲ့ပါကြောင်း။

ပြည်သူများသည် စစ်မှန်သော အစားအစာနှင့် ဆေးဝါးများသုံးစွဲနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းကြီးကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ၎င်းဓာတ်ခွဲခန်းသည် အမေရိကန်အခြေစိုက် ANAB (ANSI-ASO National) Accreditation Board မှ ပေးအပ်သော ISO 17025 Certificate ကို ရရှိခဲ့ပါကြောင်း။

FDA ခရိုင်ရုံး ၂၄ ရုံးကိုလည်း တည်ဆောက်လျက်ရှိပြီး အဆိုပါရုံးများတွင် အစားအသောက်နှင့် ဆေးဝါးအန္တရာယ်ကို စစ်ဆေးပေးနိုင်သည့် ခေတ်မီဓာတ်ခွဲခန်းများလည်း ပါဝင်မည်ဖြစ်ပါကြောင်း။ **စာမျက်နှာ ၁၂ သို့**

# တောဆင်ရိုင်း သတ်ဖြတ်သူများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိ



သစ်တောဦးစီးဌာနပိုင်ဆင်များ ထိန်းသိမ်းစောင့်ရှောက်ထားမှုကို တွေ့ရစဉ်။

**နေပြည်တော် မေ ၁၇**

ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တောဆင်ရိုင်းအများဆုံး သတ်ဖြတ်ခံရပြီး ထိုသို့ သတ်ဖြတ်သူများ ဖမ်းဆီးရမိရေးအတွက် တိုးမြှင့်ဆောင်ရွက်နေကြောင်း သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က ပြောကြားသည်။

ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန၌ ပြုလုပ်သည့် ဝန်ကြီးဌာနများ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ၏ မေးမြန်းမှုကို သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က ထိုသို့ ပြန်လည်ပြောကြားခဲ့ခြင်းဖြစ်သည်။

“တောဆင်ရိုင်း သေဆုံးရာမှာ သတ်ဖြတ်ခံရမှုနဲ့ ဓမ္မတာအတိုင်း သေဆုံးမှု တစ်ပတ်မှာ တစ်ကောင်နှုန်းဆိုရင် နှောင်အနှစ် ၂၀ လောက်မှာ တောဆင်ရိုင်းကောင်ရေ ကျသွားနိုင်ပါတယ်၊ တောဆင်ရိုင်းသတ်ဖြတ်ခံရမှုကို တားဆီးနိုင်ဖို့အတွက် ဖမ်းဆီးမှုကိုလည်း တိုးမြှင့်ပြီး ဆောင်ရွက်နေပါတယ်၊ သစ်တောရဲအင်အား ၃၀၀ လောက်ပဲရှိတယ်၊ တိုင်းဒေသကြီးအစိုးရ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောဦးစီးဌာန၊ ဒေသခံပြည်သူတွေ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်၊ ဖမ်းဆီးရမိမှုလည်း တိုးတက်လာပါတယ်”ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က ပြောကြားသည်။

တောဆင်ရိုင်း သတ်ဖြတ်ခံရမှုများပြားလာခြင်းနှင့်စပ်လျဉ်းပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က “တောဆင်ရိုင်း အဓိက သတ်ဖြတ်ခံရတဲ့ အကြောင်းအရင်းက အာဖရိကဆင်နဲ့ အာရှဆင်ရဲ့ ကွဲပြားခြားနားချက်မှာ အာရှဆင်ရဲ့ အစွယ်အစားက မကြီးပါဘူး၊ အရင်တုန်းက တရားမဝင် သတ်ဖြတ်ခြင်းဆိုတာ ဆင်စွယ်တစ်ခုရဲ့ ဈေးကွက်တစ်ခုတည်းပါ၊ အခုအခါမှာ အိမ်နီးနားချင်းနိုင်ငံတစ်ခုရဲ့ အလွန်အမင်း ဈေးကွက်တောင်းဆိုမှုက စားသုံးဖို့အတွက်ရော ဆေးဝါးဖော်ဖို့အတွက်ပါ ဆင်ရဲ့ အရေခွံ၊ နှာမောင်း၊ အသားတွေပါ ပါလာတဲ့အတွက် တောဆင်ရိုင်း သတ်ဖြတ်ခံရမှုများလာတယ်” ဟု သုံးသပ်ပြောကြားသည်။

ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တောဆင်ရိုင်းအများဆုံး သတ်ဖြတ်ခံရပြီး ၂၀၁၆ ခုနှစ်တွင် တောဆင်ရိုင်းသတ်ဖြတ်သူ ၃၂ ဦး၊ ၂၀၁၇ ခုနှစ်တွင် တောဆင်ရိုင်းသတ်ဖြတ်သူ ၅၆ ဦး၊ ၂၀၁၈ ခုနှစ် ဧပြီနှင့် မေလအတွင်း တောဆင်ရိုင်းသတ်ဖြတ်သူ ၁၀ ဦးတို့အား တရားရုံးသို့ တရားစွဲဆို တင်ပို့နိုင်ခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ကုန်သွယ်နေသည့် လုပ်ငန်းများ ပပျောက်သွားစေရန် VOICE FOR MOMOS လှုပ်ရှားမှုကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်း(BANCA)၊ နိုင်ငံတကာ တောရိုင်းတိရစ္ဆာန်နှင့် အပင်ထိန်းသိမ်းရေးအဖွဲ့(FFI) မြန်မာ၊ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး မိတ်ဆွေများအသင်း(FoW)၊ Grow Back for Posterity (GBP)၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)၊ ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ရန်ပုံငွေအဖွဲ့ (WWF)တို့က ပူးပေါင်းဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သစ်တောဦးစီးဌာန အနေဖြင့် တောဆင်ရိုင်းများ သတ်ဖြတ်ခံရမှုမှ ကာကွယ်နိုင်ရန် ဆင်သီးသန့်ဘေးမဲ့တောများကို တည်ထောင်ခဲ့ပြီး ဆင်ကောင်ရေ တိုးပွားလာရန်အတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး မြောက်ဇာမဏီတွင် ကြိုးဝိုင်း သုံးခုပေါင်းပြီး ဘေးမဲ့တော တည်ထောင်ခဲ့ကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

“ဆင်တွေရဲ့ သက်တမ်းက လူ့သက်တမ်းနဲ့ တူပါတယ်၊ တောထဲမှာ လုံခြုံမှုမရှိဘူးဆိုရင် သူတို့ သက်တမ်းတိုလာမယ်၊ ဆင်တွေနေထိုင်တဲ့ ပတ်ဝန်းကျင် ပိုမိုကောင်းမွန်စေဖို့အတွက် ဖန်တီးပေးမယ်ဆိုရင် တောဆင်ရိုင်းတွေကို ထိန်းသိမ်းရာသာမကဘဲ ဆင်တွေ သက်တမ်းစေ့နေနိုင်မယ်”ဟု ၎င်းက ပြောသည်။

သစ်တောဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ နှစ်အလိုက် တောဆင်ရိုင်းသေဆုံးမှု ကောင်ရေမှာ ၂၀၁၄ ခုနှစ်တွင် သာမန်သေဆုံးကောင်ရေ ၂၅ ကောင်၊ သတ်ဖြတ်ခံရမှုကြောင့် သေဆုံးကောင်ရေ ခုနစ်ကောင်၊ ၂၀၁၅ ခုနှစ်တွင် သာမန်သေဆုံးကောင်ရေ ၁၅ ကောင်၊ သတ်ဖြတ်ခံရမှုကြောင့် သေဆုံးကောင်ရေ ၂၀၊ ၂၀၁၆ ခုနှစ်တွင် သတ်ဖြတ်ခံရမှုကြောင့် သေဆုံးကောင်ရေ ၁၈ ကောင်၊ ၂၀၁၇ ခုနှစ်တွင် သာမန်သေဆုံးကောင်ရေ ၁၃ ကောင်၊ သတ်ဖြတ်ခံရမှုကြောင့် သေဆုံးကောင်ရေ ၅၉ ကောင်၊ ၂၀၁၈ ခုနှစ် ဧပြီနှင့် မေလအတွင်း သတ်ဖြတ်ခံရမှုကြောင့် သေဆုံးကောင်ရေ ၁၁ ကောင်ရှိကြောင်း သိရသည်။ **သတင်း-မင်းသစ်(MNA)**

**ဓာတ်ပုံ-မင်းဇော်**

# အထပ်မြင့် အဆောက်အအုံမှ ပြုတ်ကျခါနီးမှန်ကို မီးသတ်တပ်ဖွဲ့ ကူညီဖယ်ရှားပေးခဲ့



**ရန်ကုန် မေ ၁၇**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်အတွင်းရှိ အထပ်မြင့်အဆောက်အအုံတစ်လုံးမှ ပြုတ်ကျခါနီးမှန်တစ်ချပ်ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက ကူညီဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၇ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၈)ရပ်ကွက် ဝါးတန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ MAC Tower II ၏ အထပ် ၁၀ နှင့် ၁၁ ထပ်ကြား လှေကားခွင်တွင် တပ်ဆင်ထားသော လေကာမှန်တစ်ချပ်မှာ ပြုတ်ကျခါနီးဖြစ်နေခဲ့သည်။ ထိုဖြစ်စဉ်ကို တာဝန်သိပြည်သူတစ်ဦးက လမ်းသွားလမ်းလာ ပြည်သူများ အန္တရာယ်မဖြစ်စေရန်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ တယ်လီဖုန်းဖြင့်ဆက်သွယ် အကူအညီတောင်းခံခဲ့သည်။

ထို့နောက် နီးစပ်ရာ ကျောက်တံတားမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များသည် လှေကားတင် မီးသတ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေး မီးသတ်ယာဉ်တစ်စီးတို့ဖြင့် အထပ်မြင့်အဆောက်အအုံပေါ်သို့ ခက်ခက်ခဲခဲ တက်ရောက်ကာ ပြည်သူများ အန္တရာယ်မဖြစ်စေရေးအတွက် အချိန်မီ ဖယ်ရှားဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ၊ ဓာတ်ပုံ- မီးသတ်တပ်ဖွဲ့**

❍ စာမျက်နှာ ၁၁ မှ

ကျန်းမာရေးကဏ္ဍကို တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သလို အားကစားကဏ္ဍကိုလည်း ရရှိသည့် ဘဏ္ဍာငွေအတွင်းမှ အစွမ်းကုန်မြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ ပြည်သူများ ကိုယ်လက်လှုပ်ရှားမှုများကို လေကောင်းလေသန့်ရသည့်နေရာများတွင် လေ့ကျင့်ဆောင်ရွက်နိုင်ရေးအတွက် Outdoor Fitness Equipment များ တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိရာ ၆၇၅ စုံ တပ်ဆင်ပေးပြီးဖြစ်ပါကြောင်း။

အားကစားနှင့် ကာယပညာသိပ္ပံ(လှိုင်ကော်)နှင့် မုံရွာကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်၍ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း ခြောက်ကျောင်းရှိလာပြီး လက်ရွေးစင်အားကစားသမားများ ပိုမိုပေါ်ထွက်လာနိုင်တော့မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၌ ပထမဦးဆုံး B.Sc(Sports) သင်တန်းဆင်း ကျောင်းသားကျောင်းသူ ၇၀ ပေါ်ထွက်လာခဲ့ပြီး လက်ရှိတွင် ဒဂုံနှင့် ရတနာပုံတက္ကသိုလ်တို့၌ ကျောင်းသားပေါင်း ၂၀၇ ဦး တက်ရောက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ရှင်းလင်းချက်များနှင့်ပတ်သက်၍ သတင်းမီဒီယာများက ထီလက်မှတ်ရောင်းချရာတွင် သတ်မှတ်ဈေးနှုန်းထက်ပို၍ ရောင်းချနေသည့်အပေါ် ဆောင်ရွက်သွားမည့်အခြေအနေ၊ ပြည်ပအာမခံကုမ္ပဏီများအား အထူးစီးပွားရေးဇုန်များတွင် ခွင့်ပြုလုပ်ကိုင်ပေးနေသည့်အခြေအနေ၊ မြန်မာ့အာမခံလုပ်ငန်းနှင့် မွေးမြူရေးနှင့် ကုသရေးတို့ ပူးပေါင်းပြီး ကျွဲ၊ နွားများကို မှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ရှင်းလင်းချက်များနှင့်ပတ်သက်၍ ရွှေအကြွေးကျန်သည့် ကုမ္ပဏီနှင့် လုပ်ငန်းရှင်များအား အရေးယူဆောင်ရွက်နေမှုအခြေအနေ၊ တောဆင်ရိုင်းများ အသတ်ခံနေရမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု အခြေအနေ၊ သစ်ထုတ်လုပ်မှုရပ်ဆိုင်းထားမှုနှင့် ပုဂ္ဂလိကကျွန်းစိုက်ခင်းများ တည်ထောင်ခွင့်ပြုထားသည့် အခြေအနေ၊ သစ်တောပြန်လည်တည်ထောင်ရေး ၁၀ နှစ်စီမံကိန်း ဆောင်ရွက်နေမှု အခြေအနေ၊ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့်ပတ်သက်၍ လုပ်ဆောင်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရှင်းလင်းချက်များနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆရာဝန်လိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်နေမှု အခြေအနေ၊ ဆေးဝါးလိုအပ်ချက်အား ဖြည့်တင်းနိုင်ရန် တင်ဒါခေါ်ယူနေမှု အခြေအနေ၊ ရန်ကုန်ဆေးရုံကြီးသို့ လာရောက် ဆေးဝါးကုသသူများနှင့် လူနာစောင့်များ၏ နေရေး၊ ထိုင်ရေးနှင့် စားသောက်ဆိုင်၊ ဈေးဆိုင်များအား စီမံခန့်ခွဲနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

**ဟန်မွေး၊ လင်းနိုင်(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၈-၅-၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ Breakfast News
- ၇:၃၅ MRTV Travelogue
- ၈:၃၅ “ကချင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်သည့် အခြေအနေ”
- ၉:၁၀ မျက်မှောက်ရေးရာအဖြာဖြာ
- ၉:၄၀ “ခမ်းနားထည်ဝါအင်းသားတို့ရဲ့ ရှေးလက်ရာ”
- ၁၀:၃၀ လူမှုစီးပွားမြင်ကွင်းများ
- ၁၁:၂၅ အလုပ်သမားရေးရာအစီအစဉ်
- ၁၁:၅၀ သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် “ဖိုးရှိတ်”(မြင့်မြတ်၊ သဥ္ဇာနွယ်ဝင်း) (ဒါရိုက်တာ-နေပိုင်)
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ“ကြမ္မာနွံ” (အပိုင်း-၂၁)
- ၁၃:၁၅ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II) (ပွဲစဉ်-၁) (မန္တလေးမြို့) (တတိယပိုင်း)
- ၁၃:၄၅ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၁) (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၁၄:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ကြွေးရာဇဝင်”(အပိုင်း-၃၃)
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မကြွေတဲ့နှင်းဆီ”(အပိုင်း-၂၂)

**ညပိုင်း**

- ၁၆:၃၅ “၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ” (အင်္ဂလိပ်စာဘာသာရပ်)
- ၁၆:၅၅ “Weekly MNL Review (Week-11) ”
- ၁၇:၂၀ ကျန်းမာရေးမဂ္ဂဇင်း “အသည်းရောဂါအကြောင်း သိကောင်းစရာ”
- ၁၇:၃၅ Weekly Sport Info
- ၁၈:၂၀ ရုပ်ရှင်ရိုက်မယ် (အပိုင်း-၁၃) (လေးကြိုး၊ အားလပ်ရက်တစ်ရက်)
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ“ကြမ္မာနွံ” (အပိုင်း-၂၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ “ထင်ရှားထူးခြား မြန်မာ့ပုံရိပ်များ” (မြန်မာ့သနပ်ခါး)
  - America's Got talent
  - နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ကြွေးရာဇာဝင်” (အပိုင်း-၃၄)
  - ဟာသရုပ်စုံစင်တော်ကြီး “ဧည့်သည်”(သရုပ်ဆောင်-ဆန်းသစ်၊ ဒေါ်လာ၊ အာလူး၊ စင်သီယာ၊ ဇာခြည်လွင်၊ ခင်ချောချောအောင်) (ဒါရိုက်တာ-ဆူးခက်မင်း)
  - အစီအစဉ်ပြီး၏။

# မူးခင်းအသိပညာပေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**နေပြည်တော် မေ ၁၇**

နေပြည်တော်အတွင်း မြို့နယ်ရှစ်မြို့နယ်တွင် မူးခင်းဖြစ်ပွားမှု လျော့နည်းစေရန်၊ ပြည်သူများ မူးခင်းအသိပညာ ဗဟုသုတများရရှိစေရန် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေ၏ လမ်းညွှန်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများက အနီးကပ်ကြီးကြပ်ကာ မြို့နယ်အလိုက် မူးခင်းအသိပညာပေးဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မေလ ဒုတိယပတ်က ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင်၏ ဦးဆောင်မှုဖြင့် ပုဗ္ဗသီရိမြို့နယ် ထုံးဘိုမြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်အောင်က သပြေစမ်းကျေးရွာ ဓမ္မာရုံတွင် လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုတင်ကာကွယ်ရေးတို့အတွက် အသိပညာပေး ဟောပြောရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ရွှေနှင့် ဒေသခံ ၄၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၅၆ စီး၊ သွင်းကုန် ၉၅၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၄ စီး၊ သွင်းကုန် ၁၉၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅ ဒသမ ၇၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၇၈၉ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄ ဒသမ ၅၆၉ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၆ ရက်တွင် မူဆယ်နှင့် မန္တလေးမြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ် တစ်စီးနှင့် CANTER ခြောက်ဘီးယာဉ်တစ်စီးတို့အား တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် MI TV 40" နှစ်လုံး၊ MI Handset အလုံး ၈၈၀၊ ကလေးဝတ်အင်္ကျီအထည် ၂၅၀၊ အမျိုးသမီးဝတ်အင်္ကျီ အထည် ၅၂၀ နှင့် Monosodium Glutamate ၂၅ ကီလိုဂရမ် အိတ် ၃၅၀ (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀ ဒသမ ၄၂ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်္ဂလန်အသင်း ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကစားသမားစာရင်း ထုတ်ပြန်




အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်ဟာ ရုရှားမြေမှာ ကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပါဝင်ကစားမယ့် ကစားသမားစာရင်းကို ထုတ်ပြန်ကြေညာလိုက်ပါပြီ။

ဆောက်ဂိတ်အနေနဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအတွေ့အကြုံရှိပြီးသား ကစားသမား အများစုကို ရွေးချယ်ခဲ့တာဖြစ်ပြီး ဆောက်ဂိတ်ရွေးချယ်ခဲ့တဲ့ ကစားသမား ၂၃ ဦး စာရင်းမှာ အတွေ့အကြုံရင့်ကျက်ပြီး အင်္ဂလန်လက်ရွေးစင် အသင်းအတွက် ပွဲပေါင်း ၅၈ ပွဲအထိ ပါဝင်ကစားပေးထားတဲ့ အသက် ၃၂ နှစ်အရွယ် ချယ်လ်ဆီး နောက်တန်းကစားသမား ဂယ်ရီကာဟေးလ်လည်း ပါဝင်လာခဲ့ပါတယ်။

ဒါ့အပြင် ကမ္ဘာ့ဖလားပြိုင်ပွဲအတွေ့အကြုံမရှိပေမယ့် အခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်မှာရော ချန်ပီယံလိဂ်မှာပါ ခြေစွမ်းပြကစားနိုင်ခဲ့တဲ့ လီဗာပူး နောက်တန်းကစားသမား အလက်ဇန္ဒားအာနိုးကိုပါ ရွေးချယ်ခဲ့ပါတယ်။

ဒါ့အပြင် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှ ပွဲထွက်ကစားခွင့်ရရှိခဲ့တဲ့ ကစားသမား ငါးဦးဖြစ်တဲ့ ဟန်ဒါဆန်၊ စတာလင်၊ ဝဲလ်ဘက်၊ ဖီးဂျုံးစ်နဲ့ ကာဟေးလ်တို့ကိုလည်း အတွေ့အကြုံပိုင်းအရ ထည့်သွင်းထားပါတယ်။

အင်္ဂလန်အသင်း နည်းပြ ဆောက်ဂိတ်ရွေးချယ်ခဲ့တဲ့ ကစားသမား ၂၃ ဦး စာရင်းကတော့ ဂိုး-ဂျော်ဒန်ပစ်ဖော့ဒ် (အဲဗာတန်)၊ ဂျက်ဘက်လန်း(စတုတ်)၊ နစ်ပုတ်(ဘန်လေ)၊ နောက်တန်း-ဖီးဂျုံးစ်(မန်ယူ)၊ ကာဟေးလ်(ချယ်လ်ဆီး)၊ ဂွန်စတုန်း(မန်စီးတီး)၊ ဟယ်ရီမာကွီး(လက်စတာ)၊ ကီလီဝေါကာ(မန်စီးတီး)၊ အလက်ဇန္ဒား အာနိုး(လီဗာပူး)၊ အက်ရှ်လေယန်း(မန်ယူ)၊ ဒန်နီရို့စ်(စပါး)၊ ထရစ်ပီယာ(စပါး)၊ ကွင်းလယ်- အဲရစ်ဒိုင်ယာ(စပါး)၊ ဂျော်ဒန်အန်ဒါဆန် (လီဗာပူး)၊ ဒီလီအလီ(စပါး)၊ လော့တက်ဖ်ချိခ်(ချယ်လ်ဆီး)၊ ဂျီစီလင်းဂတ်(မန်ယူ)၊ စတာလင်(မန်စီးတီး)၊ ဖေဘီယန်ဒဲလ်(မန်စီးတီး)၊ ရှေ့တန်း-ဟယ်ရီကိန်း(စပါး)၊ ဗာဒီ(လက်စတာ)၊ ဝဲလ်ဘက်(အာဆင်နယ်)နဲ့ ရက်ရှ်ဖို့ဒ်(မန်ယူ)တို့ပဲ ဖြစ်ကြပါတယ်။

နည်းပြ ဆောက်ဂိတ်ဟာ တံကောက်ကြောဒဏ်ရာရရှိထားတဲ့ လယ်လာနာနဲ့ ဒူးဒဏ်ရာရရှိထားတဲ့ ဝီရှိုင်းယားတို့ကို ဒဏ်ရာအသီးသီးရရှိထားတာကြောင့် ချန်လှပ်ထားခဲ့ပြီး ဒဏ်ရာရရှိမှုများနဲ့အတူ ပုဂ္ဂိုလ်ရေးဆိုင်ရာ မပြေလည်မှုတွေရှိခဲ့တဲ့ ချန်ဘာလိန်နဲ့ ဂျိုးဂိုမက်ဇ်တို့ကိုလည်း ချန်လှပ်ထားခဲ့ပါတယ်။

အင်္ဂလန်အသင်းအနေနဲ့ အုပ်စုပွဲစဉ်တွေအဖြစ် ဇွန် ၁၈ ရက်မှာ တူနီးရှားအသင်း၊ ဇွန် ၂၄ ရက်မှာ ပနားမားအသင်း၊ ဇွန် ၂၈ ရက်မှာ ဘယ်လ်ဂျီယံအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဆောက်ဂိတ် ယုံကြည်မှု အပြည့်ရှိထားတဲ့ အက်ရှ်လေယန်း၊ ဒန်နီရို့စ်၊ ဖီးဂျုံးစ်၊ ကာဟေးလ်၊ ဂွန်စတုန်းတို့ရဲ့ နောက်တန်းခံစစ်ပိုင်းနဲ့ ဟယ်ရီကိန်း၊ ဗာဒီ၊ ရက်ရှ်ဖို့ဒ်နဲ့ ဝဲလ်ဘက်တို့ရဲ့ တိုက်စစ်ပိုင်းတွေဟာ အမှန်တကယ် အင်္ဂလန်အသင်းအတွက် အလုပ်ဖြစ်ပါ့မလားဆိုတာ စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။

**ငွေကြယ်**

# လာဇီယိုနဲ့ အင်တာတို့ရဲ့ ချန်ပီယံလိဂ်ဝင်ခွင့်တိုက်ပွဲ

## ၂၀၁၇-၂၀၁၈ အီတလီစီးရီးအေရင်ခုန်သံ - ၃၈

**ရှိုင်းမင်းမင်း**

**အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၃၈ ကို လာမယ့် မေ ၂၀၊ ၂၁ ရက်တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ဥရောပဝင်ခွင့်ရဖို့ အရေးပါတဲ့ လာဇီယိုနဲ့ အင်တာတို့ ဆုံတဲ့ပွဲ ပါဝင်နေလို့ စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။**

### ဂျီနိုအာ - တိုရီနို နံနက် ၁း၁၅ (၂၀-၅-၁၈)

လက်ရှိအချိန်မှာ ဂျီနိုအာအတွက်ရော တိုရီနိုအတွက်ပါ ဒီပွဲက အမှတ်မလိုတော့တဲ့ ပွဲဖြစ်ပါတယ်။ ဒါပေမယ့် ဂျီနိုအာကတော့ အိမ်ကွင်းဖြစ်နေတာကြောင့် ရလဒ်ကောင်းမွန်ဖို့ ဂရုတစိုက် ကစားလာနိုင်ပါတယ်။ လက်ရှိအချိန် ခြေစွမ်းပိုင်းကွာဟမှုနည်းပါးပေမယ့် ဂျီနိုအာက အိမ်ကွင်းခြေကောင်းမွန်တတ်ပါတယ်။ ဂျီနိုအာပဲ နိုင်ပွဲ ကပ်ရမယ်။ သွင်းဂိုးလည်း နည်းမယ်။

### ကယ်ဂလီယာရီ - အတ္တလန္တာ ည ၁၀း၃၀ (၂၀-၅-၁၈)

အတ္တလန္တာအနေနဲ့ ယူရိုပါလိဂ်ပြိုင်ပွဲကို အုပ်စုအဆင့်ကနေ ဝင်ခွင့်ရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အတ္တလန္တာအနေနဲ့ အဝေးကွင်းခြေစွမ်းပိုင်း အနည်းငယ်ကျဆင်းတတ်ပေမယ့် လက်ရှိခြေစွမ်းပိုင်းကတော့ ကောင်းမွန်မှုရှိပါတယ်။ ကယ်ဂလီယာကတော့ အိမ်ကွင်းရလဒ်ကောင်းမွန်ဖို့ အားစိုက်ကစားလာမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ အတ္တလန္တာတို့ ကယ်ဂလီယာရီရဲ့ အိမ်ကွင်းတုံ့ပြန်အားကို ခက်ခက်ခဲခဲ ကျော်ဖြတ်ရနိုင်ကာ အနိုင်ရရင်တောင် ဂိုးပြတ်ဖို့ ခက်ပါတယ်။

### ချီယေဗို - ဘီနီဗန်တို ည ၁၀း၃၀ (၂၀-၅-၁၈)

ဘီနီဗန်တိုက လက်ရှိအချိန်မှာ တန်းဆင်းရဖို့ သေချာသွားပြီဖြစ်တာကြောင့် အားစိုက်ကစားမှုလည်း လျော့နည်းလာနိုင်ပါတယ်။ လက်ရှိအချိန်မှာ ဘီနီဗန်တိုရဲ့ခြေစွမ်းကလည်း ကျဆင်းနေပါတယ်။ ချီယေဗိုကတော့ ရလဒ်ကောင်းမွန်ဖို့ အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းခြေစွမ်းပိုင်းလည်း ကောင်းမွန်မှုရှိနေပါတယ်။ ဒီပွဲမှာ ချီယေဗိုကသာ နိုင်ပွဲရမယ်။

### အူဒီးနီးစ် - ဘိုလော့နာ ည ၁၀း၃၀ (၂၀-၅-၁၈)

အူဒီးနီးစ်က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအားနည်းမှုတွေ ရှိနေပေမယ့် ဒီပွဲက အိမ်ကွင်းပွဲဖြစ်သလို နောက်ဆုံးပွဲစဉ်လည်းဖြစ်နေတာကြောင့် ခြေကုန်ထုတ် ကစားလာနိုင်ပါတယ်။ ဘိုလော့နာကတော့ လက်ရှိအချိန်မှာ အားစိုက်ကစားရမယ့်အခြေအနေမှာမရှိတော့တာကြောင့် အားစိုက်ကစားမှု လျော့ကျလာနိုင်ပါတယ်။ အူဒီးနီးစ်တို့ အနိမ့်ဆုံး သရေရမယ်။

### နာပိုလီ - ခရိုတိုနီ ည ၁၀း၃၀ (၂၀-၅-၁၈)

နာပိုလီက ချန်ပီယံဆုရယူနိုင်ဖို့ မျှော်လင့်ချက်မရှိတော့သလို ချန်ပီယံလိဂ်ဝင်ခွင့်လည်း သေချာနေတာကြောင့် အားစိုက်ကစားမှု လျော့ကျလာနိုင်သော်လည်း အိမ်ကွင်းဖြစ်သလို နောက်ဆုံးပွဲစဉ်ဖြစ်တာကြောင့် ရလဒ်ကောင်းမွန်ဖို့ ဂရုတစိုက်ကစားလာနိုင်ပါတယ်။ ခရိုတိုနီကလည်း နောက်ဆုံးပွဲစဉ်ဖြစ်နေလို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းကတော့ အားနည်းမှုတွေ များလွန်းနေပါတယ်။ ဒီပွဲစဉ်မှာ နာပိုလီတို့ နိုင်ပွဲကပ်ရမယ်။

### မီလန် - ဖီအိုရင်တီးနား ည ၁၀း၃၀ (၂၀-၅-၁၈)

ဖီအိုရင်တီးနားတို့ ယူရိုပါလိဂ်ဝင်ခွင့် မျှော်လင့်နိုင်သေးတာကြောင့် ဒီပွဲမှာလည်း အားစိုက်ကစားလာမှာ သေချာနေတယ်။ မီလန်ကလည်း ယူရိုပါလိဂ်ဝင်ခွင့်ခိုင်မာစေဖို့အတွက် ဂရုတစိုက်ကစားလာမှာဖြစ်ပါတယ်။ အထူးသဖြင့် ဖီအိုရင်တီးနား ခြေစွမ်းပိုင်းအရ ကောင်းမွန်နေပေမယ့် မီလန်ရဲ့အိမ်ကွင်းဖြစ်နေတာကြောင့် ဒီပွဲမှာ ဖီအိုရင်တီးနားတို့ ရှုံးကန်ရနိုင်ပြီး သရေလောက်ပဲရမယ်။

### ဂျူဗင်တပ် - ဗီရိုနာ ည ၁၀း၃၀ (၂၀-၅-၁၈)

ဂျူဗင်တပ်က ချန်ပီယံဖြစ်ခဲ့ပြီဆိုပေမယ့်လည်း အိမ်ကွင်းမှာ နိုင်ပွဲနဲ့အတူ အောင်ပွဲခံနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပြီး လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းက ကောင်းမွန်နေပါတယ်။ ဗီရိုနာကတော့ တန်းဆင်းသွားရဖို့ သေချာသွားပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဗီရိုနာရဲ့ခြေက အားနည်းမှုတွေရှိနေတာကြောင့် ဂျူဗင်တပ်ကို ထိန်းချုပ်နိုင်ဖို့မလွယ်ပါဘူး။ ဂျူဗင်တပ်ပဲ အနိုင်ရမယ်။

### SPAL - ဆမ်ဒိုးရီးယား ည ၁၀း၃၀ (၂၀-၅-၁၈)

လက်ရှိအချိန်မှာ SPAL တို့ တန်းမဆင်းရဖို့ မျှော်လင့်ချက်ရှိနေသေးလို့ နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာဖြစ်ပါတယ်။ ဆမ်ဒိုးရီးယားကတော့ အဝေးကွင်းပွဲတွေမှာဆိုရင် ခြေစွမ်းပိုင်းက ကျဆင်းတတ်ပါတယ်။ ဒါ့အပြင် ဆမ်ဒိုးရီးယားအနေနဲ့ ယူရိုပါလိဂ်ဝင်ခွင့်ရယူနိုင်ဖို့ဆိုတာက ခက်ခဲလွန်းနေတာကြောင့် အားစိုက်ကစားမှုလည်း လျော့ကျလာနိုင်ပါတယ်။ SPAL ရဲ့အိမ်ကွင်း ရုန်းကန်အားကြောင့် သရေကျသွားဖို့ရှိပါတယ်။

### လာဇီယို - အင်တာ နံနက် ၁း၁၅ (၂၁-၅-၁၈)

ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် အရေးပါတဲ့ပွဲဖြစ်လာနိုင်လို့ နှစ်သင်းစလုံး ခြေကုန်ထုတ်လာနိုင်ပါတယ်။ လက်ရှိအချိန်မှာ အင်တာက ခြေစွမ်းပိုင်း ကောင်းမွန်နေပေမယ့် လာဇီယိုက အိမ်ကွင်းအားနဲ့ ထိန်းချုပ်ကစားသွားမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ လာဇီယိုရဲ့ ခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေပါတယ်။ ဒါကြောင့် ဒီပွဲမှာတော့ အင်တာတို့ လာဇီယိုကို အသာရဖို့ ခက်ခဲနိုင်ကာ လာဇီယိုပဲ နိုင်ပွဲ ကပ်ရမယ်။

# ဘာစီလိုနာမှ ထွက်ခွာရန် အစီအစဉ်မရှိသည့် မက်ဆီက စီရိုနယ်လ်ဒိုနှင့် ပြိုင်ဆိုင်ရန်လည်း ဆန္ဒမရှိဟု ပြောကြား

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက ဘာစီလိုနာကနေ ဘယ်အသင်းကိုမှ ပြောင်းရွှေ့ဖို့ ဆန္ဒမရှိသလို ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုနှင့်လည်း ပြိုင်ဆိုင်လိုစိတ်မရှိကြောင်း အင်တာဗျူးတစ်ခုတွင် ဖြေကြားသွားခဲ့သည်။ ဇာတိမြေအာဂျင်တီးရုပ်သံ တီဝိုင်စီနှင့် ပြုလုပ်ခဲ့သည့်အင်တာဗျူးတွင် မက်ဆီက မန်စီးတီးမှ ချိတ်ဆက်နေသော်လည်း အသင်းပြောင်းဖို့ဆန္ဒမရှိသလို ငယ်ဘဝကလပ် ရိုဆာရီယိုတွင်လည်း ပြန်လည်ကစားရန် အစီအစဉ်မရှိဘဲ ဘာစီလိုနာတွင်သာ ကစားသမားဘဝအဆုံးသတ်ရန် ရည်ရွယ်ထားကြောင်းကို ပွင့်ပွင့်လင်းလင်း ဖြေကြားခဲ့သည်။

မက်ဆီက "ကျွန်တော် ဘာကာကနေထွက်ဖို့ ဘယ်တုန်းကမှ မတွေးမိခဲ့ပါဘူး၊ ဘာကာထက် ပိုကောင်းတဲ့နေရာဆိုတာ မရှိပါဘူး၊ ဒီနေရာ(ဘာကာ)မှာ မဟုတ်ရင်လည်း ကျွန်တော် အခြားဘယ်နေရာမှာမှ ရှိမှာမဟုတ်ပါဘူး၊ ဘာစီလိုနာက ကမ္ဘာ့အကောင်းဆုံး ကလပ်အသင်းပါ၊ ကမ္ဘာ့အကောင်းဆုံးမြို့ပါ၊ ကျွန်တော့်ကလေးတွေက ဒီနေရာမှာပဲ သူငယ်ချင်းတွေ ရရှိပြီးဖြစ်သလို ကျွန်တော်က ဘာကိုမှ ပြောင်းလဲဖို့ ဆန္ဒမရှိပါဘူး"ဟု ဖြေကြားခဲ့ခြင်းဖြစ်သည်။

မက်ဆီနှင့် တီဝိုင်စီတို့ပြုလုပ်ခဲ့သည့် အင်တာဗျူးတွင် မက်ဆီ၏ ပွင့်ပွင့်လင်းလင်း ဖြေကြားမှုအချို့ကို တွေ့ခဲ့ရပြီး နေမာက ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့မည်ဆိုပါက ဆိုးရွားသည့် ကိစ္စရပ်ဖြစ်မည်ဖြစ်ပြီး ဘာစီလိုနာအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း မှတ်ချက်ပြု ပြောကြားသွားခဲ့သည်။

မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့ နှစ်ဦး ဘောလုံးလောကကို လွှမ်းမိုးလာသည်မှာ ဆယ်စုနှစ် တစ်ခုကျော်ကြာမြင့်လာပြီဖြစ်ပြီး ၂၀၀၇ ခုနှစ်ကတည်းက ဘာလွန်းဒီအောဆုကို တစ်ယောက် တစ်ကြိမ် ရယူနေကြသူများဖြစ်ရာ စီရိုနယ်လ်ဒိုနှင့် သူ့အကြား ပြိုင်ဆိုင်မှုအပေါ် မေးမြန်းခဲ့ရာ မက်ဆီက စီရိုနယ်လ်ဒိုမှ မဟုတ်ဘဲ သမိုင်းတစ်လျှောက် မည်သည့်ကစားသမားနှင့်မျှလည်း ပြိုင်ဆိုင်လိုစိတ်မရှိကြောင်း ဆိုခဲ့သည်။

"ကျွန်တော်က သမိုင်းတစ်လျှောက် အကောင်းဆုံးဆိုတာတွေကို စိတ်မဝင်စားပါဘူး၊ ကျွန်တော် ဘယ်သူနဲ့မှလည်း မပြိုင်ဆိုင်ပါဘူး၊ ကျွန်တော့်ကိုယ်ကျွန်တော်ပဲ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာဖို့ ဆန္ဒရှိပါတယ်၊ ကျွန်တော် ရိုနယ်လ်ဒိုနဲ့လည်း မပြိုင်ဆိုင်ပါဘူး၊ ရီးယဲလ်မက်ဒရစ်အသင်း ချန်ပီယံလိဂ်ကို စိန်ခေါ်နိုင်မှုကိုပဲ ကြည့်ပါတယ်"ဟု ဖြေကြားသွားခဲ့သည်။

**မေလွဲသင်း**



# အာတီတာအား အာဆင်နယ်အသင်း နည်းပြအဖြစ်ခန့်အပ်ရန် ၉၀ ရာခိုင်နှုန်းအထိ သေချာသလောက်ရှိနေ

အာဆင်နယ်အသင်းသည် အသင်း၏ နည်းပြသစ်အဖြစ် မိုက်ကယ်အာတီတာအား ခန့်အပ်ရန် နီးစပ်မှုရှိနေပြီဖြစ်ကြောင်း သိရသည်။ စပိန်နိုင်ငံသား အာတီတာသည် ပြီးခဲ့သည့်ဘောလုံးရာသီနှစ်ရာသီက မန်စီးတီးအသင်းတွင် နည်းပြ ဂွါဒီယိုလာနှင့် လက်တွဲခဲ့သူဖြစ်သည်။

အာဆင်နယ်အသင်းအနေဖြင့် နည်းပြ အာစင်ဝင်းဂါးနေရာတွင် အစားထိုးရန်အတွက် မက်အယ်လ်လီဂရီ၊ အင်းနရစ်၊ ဂျိုအာချင်လိုး စသည့်နည်းပြများကို ပစ်မှတ်ထားခဲ့သော်လည်း အဆိုပါနည်းပြများကိုမူ အမ်းမရိတ်အရောက်ခေါ်ယူရန် ခက်ခဲနေခြင်းကြောင့် အာတီတာကို နည်းပြအဖြစ် ခန့်အပ်ရန် စီစဉ်လာခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းကစားသမားများသည် နေ့စဉ်ဆိုသလို စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ လိုအပ်နေမည်ဖြစ်သောကြောင့် အာဆင်နယ်အသင်းတာဝန်ရှိသူများက ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမစတင်မီ နည်းပြသစ်တစ်ဦးကို ခန့်အပ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**ငွေကြယ်**

## ကြော်ငြာ


**[illegible]**

[illegible]

09 450675522
09 450675533
09 402885863

[illegible]



### အမည်ပြောင်း

ဦးဝင်းနိုင်ထွန်း[၅/ခဥတ(နိုင်)၀၅၃၀၄၂]၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ အမြင့် အထက မှ န၀မတန်းအောင်မြင်ပြီးသော မကေရီဖြိုးအား မအေးမြတ်မွန်ဟု ပြောင်းလဲခေါ် ဆိုပါရန်။



## စည်သူ(၆၈)ရဲ့(၃၃)နှစ်မြောက်ကျောင်းဆင်းနှစ်ပတ်လည် တွေ့ဆုံပွဲဖိတ်ကြားလွှာ

သူငယ်ချင်းတို့ရေ--------

ဒို့ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၈) စည်သူတပ်ခွဲရဲ့ (၃၃)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်တွေ့ဆုံပွဲကို နေပြည်တော်မှာ ဇွန်လ ၂၈ရက်၊ ၃ရက်နေ့များမှာ ယခင်နှစ်များလိုပဲ ကျင်းပမှာဖြစ်တဲ့အတွက် သူငယ်ချင်းများနဲ့ မိသားစုများအားလုံး တက်ရောက်ချီးမြှင့်ပေးနိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါတယ်။

**ဆက်သွယ်ရန်-**

| | |
|---|---|
| **မျိုးသန့်** | ဖုန်း-၀၉-၅၀၂၁၅၈၄ |
| **အောင်ခိုင်သန်း** | ဖုန်း-၀၉-၂၀၀၀၃၇၃ |
| **ဇော်လွင်** | ဖုန်း-၀၉-၅၀၃၂၇၈၇ |
| **မောင်မောင်ထူး** | ဖုန်း-၀၉-၂၅၉၁၈၅၉၃၃ |



### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ အထက ခန္တီး၊ တက္ကသိုလ်ဝင်တန်းမှ မောင်မကျူး၏ ဖခင်အမည်မှန်မှာ ဦးထန်ငို [၅/လဟန(နိုင်)၀၀၅၇၇၈] ဖြစ်ပါကြောင်း။



### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ အထက ခန္တီး၊ ဆဋ္ဌမတန်းမှ မောင်ခန့်ဘုန်းဆက်၏ ဖခင်အမည်မှန်မှာ ဦးကြည်ငို [၁၀/သထန(နိုင်)၀၆၈၆၂၈] ဖြစ်ပါကြောင်း။



တစ်သွေး၊ တစ်သံ တစ်မိန့် ဆိုသည်မှာ ဒီမိုကရေစီမဟုတ်ပါ

**သံတော်ဆင့် နိုင်ငံရေးဆောင်းပါးများ**

ဝင်းထွဋ်ဇော်

[illegible]



**မဟာဇေယျ** [illegible]

[illegible]

၁၂-၅-၂၀၁၈နေ့

Ph: 09-250359833, 09-253034191, 09-263451177



### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှည်းကူးမြို့အထွက် အထည်ချုပ်စက်ရုံအနီး ခြံခတ်ပြီး၊ ရေပါ မီးရှိ ကွန်ကရစ်လမ်းပေါ်

ပေ (၄၀×၆၀) (၆၅)သိန်း
ပေ (၂၅×၉၀) (၅၅)သိန်း
ပေ (၂၅×၆၀) (၄၅)သိန်း
(ညှိနှိုင်းဈေး)

ဖုန်း ၀၉-၇၉၆၇၉၇၂၅၈၊ ၀၉-၇၉၅၅၁၈၃၅၅



### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/3476 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**





သမိုင်းသည် အကြိမ်ကြိမ်
ထပ်၍ ထပ်၍ ဖြစ်ပေါ်တတ်သည်

**သမိုင်းဆောင်းပါးများ စုစည်းမှု**

**သမိုင်းစက်ဝန်း**

မောင်သန်းဆွေ(ထားဝယ်)

**နန်းဒေဝီစာပေ**
၂၀၀၊ ၃၆လမ်း(အထက်)၊ ရန်ကုန်မြို့၊ ဖုန်း (၀၁)၃၈၃၀၂၅



### ကန့်ကွက်နိုင်ကြောင်း နှင့်အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အဆင့် (၃)၊ သောင်ကြီးခွင် တောင်ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ်-၄ ရှိ အောင်ဇေယျမြို့တော်စီမံကိန်းမှ မြေကွက်အမှတ်-၁၆၈/၁၆၉ အကျယ်အဝန်းအားဖြင့် (၁၆၀×၁၀၀) စတုရန်းပေရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ Landmark Group၏ကိုယ်စား အထွေထွေမန်နေဂျာ/ဒါရိုက်တာ ဦးရာဇာမျိုးဝင်း[၁၂/ရကန (နိုင်)၀၆၄၉၈၁]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၂၈-၃-၂၀၁၈ ရက်တွင် အရောင်းအဝယ်ကတိစာချုပ် ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာ အကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဦးလိမ္မော်(LL.B)** | **ဦးဝေယံဦး(LL.B)** | **ဦးမျိုးသူရအောင်(LL.B)** |
|---|---|---|
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၃၁၄)** | **(စဉ်-၁၄၁၃၆)** | **(စဉ်-၄၂၂၁၀)** |

**အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၈၆၃၀၇၀၄၊ ၀၉-၄၂၈၆၃၀၇၀၄**



### မှတ်ပုံတင် စိုက်ပျိုးရေးဆေးများ လွှဲပြောင်းဖြန့်ဖြူးခြင်း

[illegible] Shandong Weifang Rainbow Chemical Co.,Ltd [illegible] Rainbow Agrosciences Co.Ltd. မှ Myanmar Aryan LifeScience Co.,Ltd သို့ [illegible]

| [illegible] | [illegible] | [illegible] |
|---|---|---|
| [illegible] 70 WP | Imidacloprid 70% WP | Provisional: 2015 -2513 |

[illegible]

RAINBOW AGROSCIENCES CO., LTD
Add: Building No. (C), Room No. (402), Level-4, Dagon Center (1), Bargayar Road, Sanchaung Township, Yangon, Myanmar
Phone : 09456060160, 09456060180



### ဖခင်အမည်မှန်

မြိတ်မြို့၊ အထက (ခွဲ) အလက-၃ (မြိတ်)မှ န၀မတန်းအောင် မတင်မာဝင်း၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးကျော်သန်း [၆/ကစန(နိုင်)၀၅၁၃၃၄] ဖြစ်ပါကြောင်း။

**ဦးကျော်သန်း**



### အမည်ပြောင်း

ဦးစထွန်းထွန်းဦး[၁၄/ဟသတ(နိုင်) ၂၁၈၆၁၉]၏သားဖြစ်သူ ရန်ကင်းမြို့နယ် အထက(၁)ပဥ္စမတန်းမှ မောင်ရဲရင့်ဦးအား မောင်ဟိန်းထက်အောင်ဟု ပြောင်းလဲခေါ် ဆိုပါရန်။

**မောင်ဟိန်းထက်အောင်**



# ဥ တု ရာ သီ တော ကို မို ၏



### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျွန်းကြီးကျေးရွာ၊ အထက န၀မတန်း(B)မှ မနွယ်နီမင်း၏ ဖခင်အမည်မှန်မှာ ဦးအေးသိန်း[၇/သနပ (နိုင်)၀၃၈၇၉၇] ဖြစ်ပါကြောင်း။

**ဦးအေးသိန်း**



[illegible]

| စဉ် | [illegible] | | [illegible] | | | | | [illegible] |
|---|---|---|---|---|---|---|---|---|
| | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

[illegible]



[illegible]

| စဉ် | [illegible] | | [illegible] | | | | | [illegible] |
|---|---|---|---|---|---|---|---|---|
| | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

[illegible]



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]


သင့်
သွေး
ဖြင့်
အ
သက်
ကယ်
ပါ

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# ဒီမိုကရေစီနှင့် ရွေးကောက်ပွဲ



မောင်စာဂ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ မေလ ၈ ရက် ရက်စွဲဖြင့် ကြေညာချက်အမှတ် (၆၀/၂၀၁၈) ကိုထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်အရ လစ်လပ်လျက်ရှိသော လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ် ၁၃ နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပတော့မည်။ နိုင်ငံရေးပါတီတွေ၊ တစ်သီးပုဂ္ဂလတွေ ပါဝင်ယှဉ်ပြိုင်ကြရတော့မည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတွေ ဆန္ဒမဲပေးကြရတော့မည်။

ဤသို့ဖြင့် မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးနောက် ကျင်းပပြီးခဲ့သော ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြီးစီးခဲ့သည့် အခြေအနေများကို ပြန်၍လေ့လာမိခဲ့သည်။ ဗဟုသုတအလို့ငှာ အနှစ်ချုပ်မျှဝေပါရစေ။

**၂၀၁၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ**

ပထမအကြိမ် လွှတ်တော်အသီးသီးအတွက် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ၇-၁၁-၂၀၁၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ မဲဆန္ဒနယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၂၅ နေရာ
(ခ) အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နေရာ
(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ၆၆၁ နေရာ

မဲဆန္ဒနယ်အသီးသီးအတွက် နိုင်ငံရေးပါတီ ၃၇ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၉၈၇ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၈၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ် ၁၁၄၈ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး စုစုပေါင်း ၁၁၅၄ ဦး ရွေးကောက်တင်မြှောက်နိုင်ခဲ့သည်။ အများစုရွေးကောက်တင်မြှောက်ခံရသည့်ပါတီမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဖြစ်သည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေမှာ ၂၉၀၂၁၆၀၈ဦးရှိသည်။ ဆန္ဒမဲပေးသူ ၂၂၄၂၁၁၂၃ ဦး ဖြစ်သဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၇၇ ဒသမ ၂၆ ရာခိုင်နှုန်းဆန္ဒမဲပေးခဲ့သည်။

**၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ**

ပထမအကြိမ် လွှတ်တော်ကာလတွင် လစ်လပ်သွားခဲ့သော လွှတ်တော်မဲဆန္ဒနယ် ၄၅ နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၁-၄-၂၀၁၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ မဲဆန္ဒနယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၇ နေရာ
(ခ) အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၆ နေရာ
(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၂ နေရာ

မဲဆန္ဒနယ်အသီးသီးအတွက် နိုင်ငံရေးပါတီ ၁၇ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅၀ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ် ၄၅ ဦး ရွေးကောက်တင်မြှောက်ပေးနိုင်ခဲ့သည်။ အများစုရွေးကောက်တင်မြှောက်ခံရသည့်ပါတီမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဖြစ်သည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၆၄၁၄၈၃၆ ဦး ဖြစ်သည်။ ဆန္ဒမဲပေးသူ ၄၃၇၄၉၂၇ ဦး ဖြစ်သဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၆၈ ဒသမ ၂၀ ရာခိုင်နှုန်း ဆန္ဒမဲပေးခဲ့သည်။

**၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲ**

ဒုတိယအကြိမ် လွှတ်တော်အသီးသီးအတွက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည်။ မဲဆန္ဒနယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၂၃ နေရာ
(ခ) အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နေရာ
(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၆၅၉ နေရာ

မဲဆန္ဒနယ်အသီးသီးအတွက် နိုင်ငံရေးပါတီ ၉၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၇၂၈ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၃၁၀ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ် ၁၁၄၅ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် ငါးဦး စုစုပေါင်း ၁၁၅၀ ရွေးကောက်တင်မြှောက်နိုင်ခဲ့သည်။ အများစုရွေးကောက်တင်မြှောက်ခံရသည့်ပါတီမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဖြစ်သည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၄၂၉၅၃၃၄ ဦး ရှိသည်။ ဆန္ဒမဲပေးသူ ၂၃၉၄၆၇၀၉ ဦး ဖြစ်သဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၆၉ ဒသမ ၈၂ ရာခိုင်နှုန်း ဆန္ဒမဲပေးခဲ့သည်။

**၂၀၁၇ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲ**

ဒုတိယအကြိမ် လွှတ်တော်ကာလတွင် လစ်လပ်သွားခဲ့သော လွှတ်တော်မဲဆန္ဒနယ် ၁၉ နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၁-၄-၂၀၁၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ မဲဆန္ဒနယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၉ နေရာ
(ခ) အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၃ နေရာ
(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၇ နေရာ

မဲဆန္ဒနယ်အသီးသီးအတွက် နိုင်ငံရေးပါတီ ၂၄ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၈၇ ဦးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ် ၁၉ ဦး ရွေးကောက်တင်မြှောက်နိုင်ခဲ့သည်။ အများစု ရွေးကောက်တင်မြှောက်ခံရသည့်ပါတီမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဖြစ်သည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၀၃၂၇၉၄ ဦးဖြစ်သည်။ ဆန္ဒမဲပေးသူ ၇၄၁၅၈၆ ဦး ဖြစ်သဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၃၆ ဒသမ ၄၈ ရာခိုင်နှုန်း ဆန္ဒမဲပေးခဲ့ကြသည်။

**၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ**

ထပ်မံ၍ ၃-၁၁-၂၀၁၈ ရက်နေ့တွင် ကျင်းပသွားမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ လစ်လပ် မဲဆန္ဒနယ် ၁၃ ခုရှိသည်။ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၄ နေရာ

ယင်းတို့မှာ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ်၊ ရှမ်းပြည်နယ် လဲချားမြို့နယ် မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မဲဆန္ဒနယ်နှင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မဲဆန္ဒနယ်များဖြစ်ကြသည်။

(ခ) အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁ နေရာ

ယင်းမှာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) ဖြစ်သည်။

(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၈ နေရာ

ယင်းတို့မှာ ချင်းပြည်နယ် မတူပီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) နှင့် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်တို့ဖြစ်သည်။

လစ်လပ်မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်းမှာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ပြုစုခဲ့သည့် မဲစာရင်းအရ ၈၃၉၀၅၄ ဦးဖြစ်သည်။ ယင်းမဲစာရင်းများကို ပြန်လည်စိစစ်၍ ပြုစုနေကြပြီဖြစ်သဖြင့် မဲစာရင်းများကြေညာ၍ကပ်သည့်အခါ သိရှိကြရမည်ဖြစ်သည်။

နိုင်ငံရေးပါတီများအနေဖြင့် လက်ရှိတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၌ မှတ်ပုံတင်ခွင့် ပြုထားသော ပါတီ ၉၅ ပါတီရှိသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယင်း၏ ၈-၅-၂၀၁၈ ရက်စွဲပါ ကြေညာချက်အမှတ် (၆၀/၂၀၁၈) ကို အဆိုပါနိုင်ငံရေးပါတီများသို့ ပေးပို့ထားသည်ဟု သိရှိရသည်။

**ဒီမိုကရေစီနှင့်ရွေးကောက်ပွဲ**

ဒီမိုကရေစီဟုဆိုလျှင် ရွေးကောက်ပွဲဟူသည်ရှိကြရစမြဲဖြစ်သည်။ ရွေးကောက်ပွဲတွေရှိနေလျှင် ဒီမိုကရေစီဟူသည် ရှိနေမည်ဖြစ်သည်။ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲ၊ ရွေးကောက်ပွဲနှင့် ဒီမိုကရေစီ ထာဝစဉ်ဒွန်တွဲလျက်ရှိသည်။

ရွေးကောက်ပွဲဟုဆိုရာတွင် သတ်မှတ်ထားသည့်ပုံမှန် အထွေထွေရွေးကောက်ပွဲရှိသည်။ အထွေထွေရွေးကောက်ပွဲတစ်ခုနှင့်တစ်ခုအကြား လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲရှိသည်။ နိုင်ငံရေးပါတီများမှ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးကြရသည်။ ရွေးကောက်ပွဲများသည် ဥပဒေနှင့်အညီဖြစ်ရသည်။ လွတ်လပ်ရသည်။ ပွင့်လင်းမြင်သာမှုရှိရသည်။ အများယုံကြည်လက်ခံနိုင်သည့် ရွေးကောက်ပွဲမျိုးဖြစ်ဖို့လိုသည်။

**ဥပဒေ၊နည်းဥပဒေများနှင့်အညီဆောင်ရွက်ကြပါမည်**

၉-၄-၂၀၁၈ ရက်နေ့က နေပြည်တော်ရှိ Grand Amara Hotel တွင် ရွေးကောက်ပွဲဆိုင်ရာ သင်တန်းတစ်ရပ်ဖွင့်လှစ်ခဲ့သည်။ ယင်းသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၆၅ ဦး၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ၁၁ ဦးနှင့် အဖွဲ့ဝင် ၁၈ ဦး၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ၁၁ ဦးနှင့် အဖွဲ့ဝင် ၂၀ ဦး၊ ကော်မရှင်အဖွဲ့ခွဲဝန်ထမ်း ၁၇ ဦး စုစုပေါင်း ၁၅၀ ဦး တက်ရောက်ကြသည်။ နှစ်ရက်ကြာကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက မကြာမီအချိန်မှာ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် သတ်မှတ်အချိန်ဇယားအတိုင်း ရွေးကောက်ပွဲ ကျင်းပရေးလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်ရမှာဖြစ်သည့်အတွက် တာဝန်ရှိသူများအနေနှင့် လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြဖို့ မှာကြားလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာမှာ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြဖို့၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်ရာမှာ အဆင်ပြေအောင်ဆောင်ရွက်သွားကြဖို့၊ အခက်အခဲများရှိပါက ကော်မရှင်သို့ အချိန်မီတင်ပြကြဖို့ စသည်ဖြင့် လမ်းညွှန်မှာကြားထားခဲ့သည်။

**"အများယုံကြည်လက်ခံသည့်ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံသို့"**

အထက်ပါဆောင်ပုဒ်သည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က အလေးအမြတ်ထား၍ လက်ခံထားသော ဆောင်ပုဒ်တစ်ခုဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်သည် မကြာမီတွင် လစ်လပ်မဲဆန္ဒနယ်အသီးသီး၌ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းနိုင်ရန် ကြေညာချက်များ ထုတ်ပြန်ခြင်း၊ မဲစာရင်းများ ကပ်ထားကြေညာခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခွင့်ပြုခြင်းမှသည် ရွေးကောက်ပွဲကျင်းပခြင်းဆီသို့ ဥပဒေနှင့်အညီ သတ်မှတ်ထားသည့် အချိန်ဇယားများအတိုင်း ဆောင်ရွက်သွားမည်သာဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အလေးအမြတ်ထား၍ လက်ခံထားသောဆောင်ပုဒ်နှင့်အညီ အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံသို့ လှမ်းချီတက်နိုင်ရေးအတွက် ရွေးကောက်ပွဲများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် တာဝန်ရှိသူများသာမက နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများ၊ သက်ဆိုင်ရာဌာနများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများအားလုံးက သူ့ကဏ္ဍနှင့်သူ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် အောင်မြင်နိုင်မည်ဟု ယုံကြည်မိကြောင်းပါ။

ပြည်သူအားဖြင့် ပြည်သူ့ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန် ရွေးကောက်နိုင်ပါစေ၊

ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပခြင်းဖြင့် ဒီမိုကရေစီစနစ် ပိုမိုရှင်သန် တိုးတက်ဖြစ်ထွန်းနိုင်ပါစေ။ ။

> အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံသို့ လှမ်းချီတက်နိုင်ရေးအတွက် ရွေးကောက်ပွဲများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် တာဝန်ရှိသူ များသာမက နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်...

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်း

**နေပြည်တော် မေ ၁၇**
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည် အစည်းအဝေး ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ မေ ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေးမှ သုံးသပ်အကြံပြုချက်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်ယဉ်ယဉ်အောင်က မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေးမှ ချမှတ်သော ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားရှင်းလင်းပြီး ကျေးလက်ဒေသအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များကိုလည်းကောင်း၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်သက်သက်နွယ်က နှစ်ပတ်လည်အစည်းအဝေးမှ မှာကြားချက်များနှင့် ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။



ယင်းနောက် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြရာ တင်ပြဆွေးနွေးချက်များအပေါ် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်းက ပြန်လည် သုံးသပ်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ရှစ်မြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ရွှေကုက္ကို**

# ချောင်းဦးမြို့နယ် ပေါက်အင်းဒေသရှိ ကျေးရွာခြောက်ရွာတွင် ဇီဝမျိုးစုံမျိုးကွဲနှင့် လူမှုစီးပွား အခြေအနေ စစ်တမ်းကောက်ယူ

**မုံရွာ မေ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ပေါက်အင်းဒေသတွင် မေ ၁၃ ရက်မှ ၁၅ ရက်အထိ စတော့ဟုမ်း ပတ်ဝန်းကျင်သိပ္ပံ(SEI)နှင့် မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ (MEI)တို့ပူးပေါင်းပြီး ချင်းတွင်းမြစ်ဝှမ်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲနှင့် လူမှုစီးပွား အခြေအနေကို ကွင်းဆင်းလေ့လာသုတေသနပြု စစ်တမ်းကောက်ယူခဲ့သည်။

"ချောင်းဦးမြို့နယ် ပေါက်အင်းဒေသက ကျေးရွာခြောက်ရွာကိုလေ့လာတဲ့ အခါမှာ တချို့ကျေးရွာတွေက စိုက်ပျိုးရေးကိုအမှီပြုပါတယ်၊ တချို့ကျေးရွာတွေက ငါးလုပ်ငန်းကို အမှီပြုပါတယ်၊ တချို့ကျေးရွာတွေက ချင်းတွင်းမြစ်ကြီးကို အမှီပြုကြပါတယ်၊ အဲဒီလိုအမှီပြုတဲ့ သူတွေကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဖို့ အရေးကြီးမှုတွေ လူမှုစီးပွားအခြေအနေ ဘယ်လိုလုပ်ကိုင်စားသောက်နေသလဲ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ဘယ်လိုပြောင်းလဲချင်သလဲ၊ ပြည်သူလူထုရဲ့အသံ၊ ဆန္ဒကို ကွင်းဆင်းလေ့လာစစ်တမ်းကောက်ယူမှု လုပ်ခဲ့တာပါ။ အဲဒီလိုလုပ်ဆောင်ရင်းနဲ့ ဒေသခံပြည်သူတွေကို သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းကြဖို့အတွက် အသိပညာပေးဟောပြော ပွဲတွေလည်း လုပ်ဆောင်ပေးခဲ့ပါတယ်" ဟု မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ (MEI)မှ ဒါရိုက်တာ ဒေါ်ခင်ဥမ္မာထွေးက ပြောသည်။

ပေါက်အင်းဒေသအနီးဝန်းကျင်ရှိ ကျေးရွာများသို့ စစ်တမ်းကောက်ယူသည့်အဖွဲ့များသည် မေ ၁၃ ရက်တွင် ပေါက်အင်းတောင်ဒေသရှိ တောကျောင်းကြီးကျေးရွာနှင့် ပေါက်အင်းကျေးရွာ အနီးဝန်းကျင်တွင်လည်းကောင်း၊ မေ ၁၄ ရက်တွင် တောင်ဖီလာကျေးရွာနှင့် မန်ကျည်းခွကျေးရွာအနီးဝန်းကျင်တွင်လည်းကောင်း၊ မေ ၁၅ ရက်တွင် သုံးပန်လှကျေးရွာနှင့် ရွှေလှေ ကျေးရွာတို့တွင်လည်းကောင်း ကျေးရွာလူထု၏ လူမှု စီးပွားအခြေအနေနှင့် ပေါက်အင်းဒေသရှိ ကုန်းနေရေနေသတ္တဝါ ဇီဝမျိုးစုံမျိုးကွဲများကို ကွင်းဆင်းစစ်တမ်း ကောက်ယူမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ညောင်ရွှေမြို့နယ်တွင် စတင်ထုတ်ချေး

**ညောင်ရွှေ မေ ၁၇**
ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်းရှိ တောင်သူများအား မိုးသီးနှံထုတ်လုပ်မှုစိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မေ ၁၇ ရက်တွင် စတင်ထုတ်ချေးခဲ့ကြောင်း သိရသည်။



၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ညောင်ရွှေမြို့နယ်အနေဖြင့် ကျေးရွာအုပ်စု ၁၀ အုပ်စု တောင်သူ ၁၄၇၉ ဦးကို မိုးစပါးဧက ၅၀၀၀၊ ပြောင်းဧက ၁၀၀၀အတွက် ငွေကျပ်သိန်းပေါင်း ၈၀၀၀ ထုတ်ချေးရန်လျာထားကြောင်း၊ ယနေ့တွင် ကျောက်တိုင်ကျေးရွာအုပ်စုမှ တောင်သူ ၇၉ ဦးသို့ မိုးစပါး ၃၄၃ ဧကနှင့် ပြောင်း ၁၃၉ ဧကအတွက် ချေးငွေ ၅၈၄ သိန်းကို စတင်ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်မန်နေဂျာ ဦးမောင်အေးက ပြောသည်။

ညောင်ရွှေမြို့နယ်အနေဖြင့် ပူးတွဲတာဝန်ယူရသော ရပ်စောက်မြို့နယ်ရှိ ကျေးရွာအုပ်စု ၁၅ အုပ်စု၊ တောင်သူ ၃၁၀၀ အတွက် မိုးစပါး ၁၂၅၀၀ ဧက၊ ပြောင်း ၈၅၀၀ ဧက အတွက် ချေးငွေကျပ်သိန်း ၂၃၀၀၀ ထုတ်ချေးရန် လျာထားကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို စပါးတစ်ဧကအတွက် ငွေကျပ်တစ်သိန်းခွဲနှင့် ပြောင်းသီးနှံ တစ်ဧကအတွက် ငွေကျပ်ငါးသောင်းနှုန်း ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်**

# ညောင်ဦးခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများ ဈေးကောင်းရရှိ

**ညောင်ဦး မေ ၁၇**
ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု၊ ကတောအုပ်စုရှိကျေးရွာများ လက်ပံခြေပေါ်မြစ်ရေတင်ရေဖြင့် စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ပျိုးသူတောင်သူများ ဈေးကောင်းရရှိနေသောကြောင့် မိသားစုဝင်ငွေအဆင်ပြေနေကြကြောင်း သိရသည်။

အဆိုပါ ပဲတီစိမ်းများကို ဧပြီလတွင်စိုက်ပျိုးကာ စိုက်ပျိုးပြီး ရက်ပေါင်းလေးဆယ်ကျော်လျှင် စတင်ခူးဆွတ်ရကြောင်း၊ ရေအနေအထားမှာ သုံးခါခန့်ပေးပြီး အပွင့်စပွင့်ကြောင်း၊ နောက်မကြာမီတွင်အသီးများ စတင်သီးပြီး ပဲတီစိမ်းသီးများ အညိုရောင်သန်းလျှင် စတင်ခူးဆွတ်ရကြောင်း သိရသည်။

"ဒီနှစ်အသီးကတော့ထွားတယ်၊ အစေ့တွေအားလုံးနီးပါးအောင်တယ်၊ ဈေးကောင်းလည်းရတယ်၊ ဒီနှစ် ပဲတီစိမ်းတစ်တင်းကို လေးသောင်းကျပ်ရပြီး တစ်တင်းကို ၁၉ ပိဿာ၊ တစ်ပိဿာ ၃၉၀၀ ကျပ်ကျော်ရရှိပြီး မနှစ်ကဈေးနှုန်းထက် ကျပ် တစ်သောင်းပိုရပါတယ်"ဟု ပဲတီစိမ်းစိုက်တောင်သူ ဦးမင်းညိုက ပြောသည်။

မြစ်ရေတင်ဝန်ထမ်းများက ပဲတီစိမ်းစိုက်တောင်သူတွေရဲ့ စိုက်ခင်းများကို အမြဲလာရောက်ကြည့်ရှုပြီး စိုက်ခင်း ခုနစ်ဦးအထက် ရေလိုလျှင်မြစ်ရေတင်တန်းလွှတ်ပေးပြီး စိုက်ခင်းများကို အမြဲအလေးထားလုပ်ဆောင်ပေးကြောင်း၊ ပဲသီးဆွတ် အလုပ်သမားခကလည်း ဈေးအလွန်ချိုကြောင်း၊ တစ်မနက်လုပ်အားခ တစ်ထောင်ကျပ်၊ တစ်နေကုန် နှစ်ထောင်ကျပ်သာပေးရကြောင်း၊ ခူးပြီး ရရှိလာသည့် ပဲတီစိမ်းတို့ကို ပခုက္ကူမြို့ပေါ်ပွဲရုံများသို့ သွားရောက်ရောင်းချကြောင်း ဒေသခံပဲစိုက် တောင်သူ ဒေါ်ခင်သန်းက ပြောသည်။

**ကိုထိန်(ငါ့သရောက်)**

# ညောင်ဦးမြို့နယ်တွင် သောက်သုံးရေအခက်ကြုံနေသည့် ကျေးရွာများသို့ ရေလှူဒါန်း



**ညောင်ဦး မေ ၁၇**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သဲတွင်းကျေးရွာနှင့် ချောင်းဝကျေးရွာတို့တွင် ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးမှု အခက်ကြုံတွေ့နေသဖြင့် မေ ၁၆ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ (ရေ၊ သွေး) ပရဟိတအသင်းနှင့် သုမင်္ဂလာ ပရဟိတ ရေလှူအသင်းတို့ ပူးပေါင်း၍ရေသယ်ယာဉ်များဖြင့် သွားရောက် လှူဒါန်းခဲ့သည်။

ညောင်ဦးမြို့နယ်တွင် ယခုနှစ် မိုးဦးမိုးများ ရွာသွန်းခဲ့သော်လည်း ကျေးလက်ဒေသများတွင် ဒေသခံပြည်သူများ မိုးဦးသီးနှံ စိုက်ပျိုးရန်အတွက်သာ အဆင်ပြေစေခဲ့ပြီး သောက်သုံးရေအတွက် မြေသားရေလှောင်ကန်များအတွင်း ရေဝင်ရောက်မှုမရှိ၍ သောက်သုံးရေရှားပါးမှုများနှင့် ကြုံတွေ့နေရကြောင်းသိရပြီး ယခုကဲ့သို့ ပရဟိတရေလှူအသင်းများ၏ လှူဒါန်းပေးမှုကြောင့် သောက်သုံးရေအတွက် အဆင်ပြေနေခြင်းဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ (ရေ၊ သွေး) ပရဟိတအသင်းနှင့် သုမင်္ဂလာ ပရဟိတ ရေလှူအသင်းမှ အသင်းအဖွဲ့သားများက ညောင်ဦးမြို့နယ် သဲတွင်းကျေးရွာ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၀၀၀၊ ချောင်းဝကျေးရွာ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၀၀၀ စုစုပေါင်း ရေဂါလန် ၆၀၀၀ အား စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ (ရေ၊ သွေး)ပရဟိတအသင်းမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုဇော်ပွေး၏ ပြောပြချက်အရ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေးမှာ သတင်းမှားယွင်းမှုတွေက အနှောင့်အယှက်ဖြစ်စေ

တွေ့ဆုံမေးမြန်း - သီသီမင်း၊ ဓာတ်ပုံ - ဆုဆု



မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်

**မြန်မာနိုင်ငံတွင် ယခင်နှစ်များထက်ပင် မုတ်သုံအဝင် နောက်ကျနေရသည့် အကြောင်းအရင်းများ၊ လူမှုကွန်ရက်စာမျက်နှာနှင့် မက်ဆင်ဂျာတို့တွင် မိုးလေဝသဆိုင်ရာ သတင်းအမှားများ ဖြန့်ဝေနေမှုများနှင့် မိုးလေဝသဆိုင်ရာ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများကို မိုးလေဝသပညာရှင် ဆရာကြီး ဒေါက်တာထွန်းလွင်နှင့် ကြေးမုံမှ တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားဖော်ပြလိုက်ရပါသည်-**

**မေး။ မြန်မာနိုင်ငံမှာ မုတ်သုံအဝင်နောက်ကျနေရတဲ့ အဓိက အကြောင်းအရင်းကို သိပါရစေရှင့်။**

ဖြေ။ ကမ္ဘာ့တောင်ဘက်ခြမ်းက လေတွေက အီကွေတာကိုဖြတ်ပြီးတော့ ကမ္ဘာ့မြောက်ဘက်ခြမ်းကို လာရတယ်။ ကမ္ဘာ့တောင်ဘက်ခြမ်းမှာတော့ ဒီလေတွေဟာ အရှေ့တောင်လေပါ။ အီကွေတာကိုဖြတ်တော့ ဘင်္ဂလားပင်လယ်အော်ဘက်ရောက်သွားတော့ အနောက်တောင်လေဖြစ်ရတာပါ။ အခုလောလောဆယ်မှာ ကမ္ဘာ့တောင်ဘက်ကနေပြီးတော့ အီကွေတာဖြတ်ပြီးတော့ ဘင်္ဂလားပင်လယ်အော်က လာတဲ့လေကို မတွေ့ရသေးဘူး။ အမှန်က ဒီအချိန်ဆို အီကွေတာဖြတ်ပြီးရုံတင်မကတော့ဘူး၊ မြန်မာပြည်တောင်ဘက်ကို ရောက်ရမှာပါ။ မရောက်ဘူး နောက်ကျနေတယ်။ ဒါက ဖြစ်တတ်တဲ့ သဘာဝပါပဲ။

မုတ်သုံဝင်တာ နောက်ကျသလို မိုးနည်းရတဲ့ နောက်အကြောင်းအရင်းတစ်ခုကလည်း မုန်တိုင်းကလည်း လုံးဝမဖြစ်ဘူး။ အမှန်က ဒီအချိန်မှာ မုန်တိုင်းက ဖြစ်ရတော့မှာ။ လေဖိအားနည်းရပ်ဝန်းတောင်မဖြစ်ဘူး။ ကပ္ပလီပင်လယ်ပြင်တစ်ခုလုံးမှာ လေထုမငြိမ်မသက်မှုဖြစ်တဲ့နေရာလည်းမရှိဘူး၊ မုန်တိုင်းလည်းမရှိဘူးဆိုတော့ မိုးရွာတဲ့ အကြောင်းတရားက အကုန်မရှိသလိုဖြစ်နေတယ်။ မုတ်သုံဆိုတာ အဓိက မိုးရွာတဲ့အကြောင်း။ မုန်တိုင်းဆိုတာ အဓိက မိုးရွာတဲ့အကြောင်း။ လေမုန်တိုင်းက ဘင်္ဂလားပင်လယ်အော်မှာ မရှိသလို တောင်တရုတ်ပင်လယ်ပြင်မှာလည်း မရှိဘူး။

**မေး။ မုတ်သုံဝင်ရောက်မှုအခြေအနေက ယခင်အချိန်နဲ့ ယခုအချိန် တစ်နှစ်ထက်တစ်နှစ် ပြောင်းလဲလာတာများ ရှိပါသလားဆရာ။**

ဖြေ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ လောက်ကဆိုရင် တနင်္သာရီတိုင်းဒေသကြီးက မေ ၅ ရက်လောက်မှာ ဝင်တယ်။ အခုနောက်ပိုင်း မေ ၁၅ ရက်လောက်မှာ ဝင်တယ်ဆိုတော့ နောက်ကျတယ်လို့ ပြောလို့ရပါတယ်။ ဒါပေမယ့် ဒီနှစ်မှာ ပိုနောက်ကျတဲ့သဘောဖြစ်နေပါတယ်။

ဒါက ရာသီဥတုနဲ့ လေတိုက်တဲ့ စနစ်အရ အပူရှိန် လွန်ကဲတာတွေ၊ ဒီနှစ်ကလည်း လောလောဆယ် ပစိဖိတ်သမုဒ္ဒရာထဲမှာ လာနီညာ ရာသီဥတုကလည်း ဖြစ်နေတာကိုး။ တစ်လောကလည်း အိန္ဒိယသမုဒ္ဒရာထဲမှာ မုန်တိုင်းငယ်က ဖြစ်နေတော့ ကမ္ဘာ့မြောက်ဘက်လာမယ့် လေတွေက မလာနိုင်ဘူး။ မုန်တိုင်းတွေတော့ ကင်းသွားပြီ။ ဒီအပတ်ထဲလောက်တော့ အီကွေတာဖြတ်ပြီး ဝင်လာလိမ့်မယ်လို့ ထင်ပါတယ်။

**မေး။ အခုရက်ပိုင်းအတွင်း ညပိုင်းအပူချိန်တွေတိုးလာတာနဲ့ ပတ်သက်လို့လည်း ပြောပြပေးပါ။**

ဖြေ။ ဒီအချိန်က ပူတဲ့အချိန်ပါပဲ။ ဒါပေမယ့် ခါတိုင်းဆိုရင် မိုးရွာလိုက်၊ တိမ်ထူလိုက်၊ တိမ်ဖုံးလိုက်နဲ့ အပူချိန်က သိပ်မသိသာဘူး။ အပူက သက်သာပါတယ်။ အခုဟာက ပြီးခဲ့တဲ့ တစ်ပတ်လုံးလိုလိုမှာ တိမ်လည်းမရှိဘူး။ မိုးကလည်း တော်တော်လျော့တယ်။ တိမ်မရှိဘူး၊ မိုးမရွာဘူးဆိုရင်တော့ ဒီအချိန်မျိုးဆို ပူတာပဲ။ ဇွန်လလည်း ပူတာပဲ။ အဓိကကတော့ အားလုံးဟာ မုတ်သုံဝင်တာ နောက်ကျပြီး မိုးရွာတာ နောက်ကျနေတာ အဓိကအကြောင်းပါ။

**မေး။ မုတ်သုံဝင်တာနောက်ကျတာနဲ့ပတ်သက်ပြီး နောက်ဆက်တွဲအနေနဲ့ ဘယ်လိုရာသီဥတု ဖြစ်စဉ်တွေ ဖြစ်လာနိုင်ပါသလဲ။**

ဖြေ။ ဆရာတို့ဆီကိုရောက်မယ့် အနောက်တောင်မုတ်သုံလေဦးက အခုအချိန်အထိကို အလွန်အားနည်းနေတယ်။ အားနည်းနေတော့ မုတ်သုံဝင်တာ ဆရာတို့ မှန်းထားတာထက် မုတ်သုံဝင်ရက်က နှစ်မျိုးဖြစ်နေတယ်။ တစ်မျိုးက ပိုပြီး နောက်ကျသွားနိုင်တယ်။ ဒါမှမဟုတ်ရင် သတ်မှတ်ထားတဲ့ ပြောထားတဲ့အတိုင်း ဝင်လာသည့်တိုင်အောင် အားနည်းနိုင်ပါတယ်။ အဲဒီနှစ်ခုက ဖြစ်နိုင်တယ်။ အခုလည်း မိုးရွာမှုကိုကြည့်ရင် အခုရက် ပါးပါးလေးပဲ ရွာတယ်။ အများအားဖြင့် မိုးမရွာတဲ့ရက်က တော်တော်ရှိတယ်။

မုတ်သုံလေ အဝင်နောက်ကျလိုက်တာနဲ့ ခုနကပြောတဲ့ တိမ်ဖြစ်တာတွေ လျော့မယ်။ မိုးရွာတာလည်း လျော့မယ်။ ဒီလိုဆို သေချာပေါက် တက်လာမှာက အပူချိန်ပဲ။ အပူချိန်ကတော့ ဆက်ပြီးမြင့်မယ့် သဘောရှိပါတယ်။ ဒီနှစ်က စံချိန်မြင့်လောက်အောင် ပူမယ့်သဘောလည်း မဟုတ်ပါဘူး။ ၄၀ ဒီဂရီပတ်ဝန်းကျင်ပါ။ လူတွေ ပူတယ်လို့ ပြောနိုင်တဲ့ အနေအထားမျိုးပါ။ နောက်ခရမ်းလွန်ရောင်ခြည်လည်း နည်းနည်းမြင့်တယ်။ အမှန်က ခရမ်းလွန်ရောင်ခြည်က ကျစပြုနေပြီ။ ဒီကြားထဲမှာ တစ်ခုရှိတာက နည်းနည်းလေး ခံသာတာလေးတစ်ခုက ဆရာပြောပြောနေတဲ့ မိုးတိမ်တောင်လေ၊ မိုးတိမ်တောင်က အမြဲဖြစ်နေတယ်။

**မေး။ မိုးတိမ်တောင်တွေ ဖြစ်ပေါ်လာရတဲ့ အကြောင်းအရင်းက ဘာတွေများလဲဆရာ။**

ဖြေ။ မိုးတိမ်တောင်တွေ ဘာကြောင့်ဖြစ်ရတာလဲဆိုတော့ အပူရှိနေတယ်။ နောက် ဒီအချိန်ဟာ မြန်မာပြည်ပေါ်မှာ လေထုထဲမှာ ရေငွေ့တွေရှိနေတယ်။ မုတ်သုံ မလာပေမယ့် လေထုထဲမှာ ရေငွေ့တွေက ရှိနေတဲ့အခါကျတော့ ရှိနေတဲ့ လေနဲ့ အောက်က ပူပြင်းတဲ့ လေထုနှစ်ခု ကြုံကြိုက်လို့ရှိရင် ညနေတွေမှာ မိုးတိမ်တောင်တွေ ဖြစ်ပါတယ်။

**မေး။ မိုးတိမ်တောင်တွေကြောင့် ဖြစ်နိုင်တဲ့ အကျိုးဆက်က ဘာတွေများလဲရှင့်။**

ဖြေ။ အဲဒီ မိုးတိမ်တောင်တွေဖြစ်တဲ့အခါမှာ ကောင်းလည်း ကောင်းတယ်။ မကောင်းလည်း မကောင်းဘူး။ သူရှိတဲ့နေရာ မိုးရွာပါတယ်။ မိုးက သင့်တင့်တဲ့ မိုးတော့မဟုတ်ဘူး။ သူရွာရင် တအားရွာချတာမျိုး။ မိုးတိမ်တောင်မိုးမှာ ဘာတွေပါလဲဆိုတော့ လေပြင်းတိုက်တာနဲ့ မိုးကြိုးပစ်တာတွေပါတယ်။ အဲဒါက အပျက်အစီး၊ အသေအပျောက်တွေရှိနိုင်တယ်။ မိုးတိမ်တောင်တွေက မိုးတွင်းညနေပိုင်းတွေမှာဖြစ်တယ်။ နောက် နေရာကွက်ပြီး မိုးရွာတတ်တယ်။ ၁၀ မိုင် ပတ်လည်လောက်ပဲ မိုးရွာတတ်တယ်။ အဆိုးဆုံးကတော့ မိုးတိမ်တောင်က မိုးရွာရင် လေပြင်းတိုက်တာတွေ၊ မိုးကြိုးပစ်တာတွေ ပါတတ်တဲ့အတွက် အန္တရာယ်ရှိတယ်။ အခုလောလောဆယ် အဲဒီလိုမျိုးသွားနေတယ်။ အဲဒါက တစ်နိုင်ငံလုံးလိုလိုဖြစ်မယ့် အခြေအနေမှာရှိနေတယ်။

**မေး။ မုန်တိုင်း ဖြစ်ပေါ်နိုင်တဲ့ အလားအလာရှိပါသလား။ ဖြစ်မယ်ဆိုရင် ဘယ်လလောက်မှာ ဖြစ်နိုင်တယ်ဆိုတာသိချင်ပါတယ်။**

ဖြေ။ ဒီနှစ်က မေလအတွင်းမှာ အစဉ်အလာအရ မုန်တိုင်းတစ်လုံးလောက်တော့ ဖြစ်ရမှာပါ။ အခုလောလောဆယ်တော့ ဖြစ်ဖို့လည်း မရှိသေးဘူး။ မေလနောက်ဆုံးပတ်မှာတော့ မုန်တိုင်းတစ်လုံးလောက်တော့ ဖြစ်လာနိုင်တယ်။ ဘင်္ဂလားပင်လယ်အော်ထဲမှာဖြစ်ရင် သူက ဘင်္ဂလားဒေ့ရှ်ကို သွားဖို့ရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်ကိုသွားတဲ့အခါမှာ မြန်မာ့ကမ်းရိုးတန်းအနေနဲ့ မုန်တိုင်းဗဟိုချက်ဖြတ်တာကဖြစ်ဖို့ အလားအလာ နည်းပါတယ်။

ဒါပေမယ့် ဘင်္ဂလားဒေ့ရှ်ကိုဝင်ရင် မြန်မာကတော့ မုန်တိုင်းဒဏ်ခံရတာပါပဲ။ မုန်တိုင်းရဲ့စက်ဝန်းက မြန်မာ့ကမ်းရိုးတန်းကို ဖြတ်သွားမှာ။ ဗဟိုချက်ကသာ မဖြတ်ပေမယ့် မုန်တိုင်းစက်ဝန်းကတော့ မြန်မာကို ဖြတ်မှာဖြစ်တဲ့အတွက် သေချာပေါက်ကတော့ ကမ်းရိုးတန်းဒေသတွေ၊ အထူးသဖြင့် မြစ်ဝကျွန်းပေါ်နဲ့ ရခိုင်အတွင်းဘက်ကို ဝင်သွားရင်တော့ မကွေးတို့၊ ပဲခူးတို့ကတော့ သတိထားရမယ့် နေရာတွေပဲ။ အထက်တက်သွားရင် ချင်းတို့၊ စစ်ကိုင်းအထက်တို့ အဲဒါတွေက အများအားဖြင့် မိုးရွာတာ၊ လေတိုက်တာ ဖြစ်တတ်ပါတယ်။ မုန်တိုင်းတစ်လုံးလောက်တော့ မေလ နောက်ဆုံးပတ်မှာ ဖြစ်လာလိမ့်မယ်လို့ ဆရာ ခန့်မှန်းထားပါတယ်။

**မေး။ မုတ်သုံ နောက်ကျတဲ့အတွက် မိုးနည်းရပ်ဝန်းဖြစ်တဲ့ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသနဲ့ ကမ်းရိုးတန်းဒေသတွေမှာ ဖြစ်ပေါ်နိုင်တဲ့ ရာသီဥတုအခြေအနေကို သုံးသပ်ပေးပါဆရာ။**

ဖြေ။ အဓိကကတော့ တစ်နိုင်ငံလုံးကိုပဲ ထိနိုင်ပါတယ်။ အလယ်ပိုင်းကတော့ အထိခိုက်ဆုံးဖြစ်မှာပါ။ အလယ်ပိုင်းတွေမှာဆိုရင် မုန်တိုင်းဖြစ်မှ မိုးရွာတယ်။ မုတ်သုံဝင်မှ မိုးရွာတယ်။ ဒီကာလမှာ မုတ်သုံကလည်း မဝင်ဘူး။ မုန်တိုင်းကလည်း မဝင်ဘူးဆိုရင် သေချာပေါက် အလယ်ပိုင်းကတော့ ထိခိုက်မှုရှိမှာပါ။ အခုတော့ မန္တလေးတို့၊ မုံရွာတို့မှာတော့ မိုးရွာနေတယ်။ မကွေးတို့မှာလည်း မိုးရွာနေတယ်။ အညာဒေသဆိုတာကလည်း မိုးနည်းနည်းလောက်ရွာလိုက်ရင် တော်တော်ကို အဆင်ပြေတာဖြစ်တဲ့အတွက် မိုးကြာကြာမရွာလည်း ပြဿနာက သိပ်မရှိတာဖြစ်တဲ့အတွက် မိုးနည်းနည်းပဲ ရွာလေ့ရှိတော့ ခံသာလိမ့်မယ်လို့ ထင်ပါတယ်။

နောက်တစ်ခုက မုတ်သုံမိုးမျှော်တဲ့နေရာ ကမ်းရိုးတန်းတွေကလည်း အထိုက်အလျောက်တော့ ထိမှာပါ။ ကမ်းရိုးတန်းတွေမှာ တစ်ခုကံကောင်းတာက နေ့နဲ့ ညတိုက်တဲ့လေက အပြောင်းအလဲရှိတယ်။ ပင်လယ်လေ၊ ကုန်းလေတွေရှိတော့ အခု ပါးပါးလေးတော့ မိုးရွာနေပါတယ်။

**မေး။ ဒီနှစ်က မိုးရွာသွန်းမှု လျော့နည်းမယ့်နှစ်လားဆိုတာ သိချင်ပါတယ်။**

ဖြေ။ ဒီနှစ်ကတော့ မိုးလျော့နည်းမယ့် နှစ်လို့တော့မဟုတ်ဘူး။ မိုးရွာမယ်လို့ ခန့်မှန်းထားတာရှိတယ်။ လောလောဆယ် မုတ်သုံ အဝင်နောက်ကျတာနဲ့ မုန်တိုင်းမဖြစ်တာ နှစ်ခုတော့ အခက်အခဲတွေ့နေပါတယ်။ အဲဒါကလည်း မကြာခင် ပြေလည်သွားမယ်လို့ ထင်ပါတယ်။

**မေး။ ဆရာ့ရဲ့ဓာတ်ပုံတွေ၊ နာမည်တွေသုံးပြီး မိုးလေဝသ သတင်းမှားတွေ လူမှုကွန်ရက်စာမျက်နှာနဲ့ မက်ဆင်ဂျာတွေမှာ ဖြန့်နေတယ်လို့ ကြားသိရပါတယ်ရှင့်။**

**အဲဒီသတင်းတွေနဲ့ပတ်သက်ပြီး ဆရာ့အနေနဲ့ အသိပေးပြောကြားလိုတာရှိရင် ပြောကြားပေးပါရှင့်။**

ဖြေ။ ဖေ့စ်ဘွတ်ကနေ မုန်တိုင်းကြီးတွေ ဖြစ်လိမ့်မယ်။ ဘာဖြစ်မယ်၊ ညာဖြစ်မယ် သတိထားပါ။ တစ်ခါတလေဆို ရေစုထားပါ။ ဆန်စုထားပါ။ ဒီပို့စ်ကိုရှယ်ပါဆိုပြီး ကြေညာတယ်။ ကြေညာပြီးတော့ သုံးထားတဲ့ပုံတွေက ၂၀၁၆ ခုနှစ်လောက်က ဖြစ်ခဲ့ပြီးတဲ့ ရာနုမုန်တိုင်းရဲ့ စာသားတွေကို ယူသုံးထားပါတယ်။ မသမာမှု နှစ်ခုလုပ်တာပါ။

ပထမတစ်ခုက အဲဒီ သတင်းတွေကို မေ ၂၂ ရက်လို့ ပြောတယ်။ ဧပြီ ၂၂ လို့ ပြောတယ်။ ခုနှစ် မထည့်ဘူး။ နောက်တစ်ခုက လူတွေယုံအောင်လို့ အဲဒီသတင်းတွေထဲမှာ ဆရာ့ပုံကို သုံးတယ်။ ဆရာပြောတယ်ဆိုပြီး လုပ်တယ်။ နောက်တစ်ခါ လူတွေပိုကြောက်သွားအောင် နာဂစ်မုန်တိုင်းတုန်းက ပုံကြီး သုံးထားတယ်။ ခဏခဏ ပြောင်ပြောင်တင်းတင်းကြီး လုပ်နေတယ်။

သဘာဝဘေးအန္တရာယ် ကာကွယ်ရေးမှာလည်း ဒီလို သတင်းမှားယွင်းမှုတွေက အနှောင့်အယှက်ဖြစ်စေပါတယ်။ လူတွေ အထိတ်တလန့်ဖြစ်အောင် ဆူပူမှုဖြစ်အောင်လုပ်ရင် အရေးယူမယ်ဆိုတာ ဥပဒေကလည်း ပြဋ္ဌာန်းပြီး ဖြစ်တယ်။ အခု ဒီလူတွေကတော့ ပြောင်ပြောင်တင်းတင်းလုပ်နေတာ။ အဲဒါကို အမြန်ဆုံးဖော်ထုတ်ပြီးအရေးယူဖို့ လိုပါတယ်။ ပိုဆိုးတာက ဖေ့စ်ဘွတ်ပေါ် တင်လိုက်ရင် နားလည်တဲ့လူက ဝင်ပြောရင် မဟုတ်မှန်းသိပါတယ်။ သူက အဲဒီလိုနည်းမသုံးတော့ဘဲ မက်ဆင်ဂျာကနေ တစ်ယောက်ချင်းဆီကို လိုက်ပို့တာ။ ပြန်ရှယ်ခိုင်းတာတွေ လုပ်နေတာတွေ့ရတယ်။

ရည်ရွယ်ချက်ရှိရှိကို လုပ်နေတာဖြစ်တဲ့အတွက် သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ ဒါကို ဖော်ထုတ်ပြီး အရေးယူမှုတွေ လုပ်သင့်တယ်လို့ ပြောချင်ပါတယ်။ အစစ်အမှန် လုပ်နေတဲ့လူနဲ့ မဟုတ်တာ လုပ်တဲ့လူမှာ မဟုတ်တာလုပ်တဲ့လူကို ယုံသွားမိရင် တိုင်းပြည်မှာလည်း အလွန်နစ်နာတယ်။ ပြည်သူက သံသယတွေရှိပြီး အစစ်လား၊ အတုလား မခွဲနိုင်တဲ့ အခါကျတော့ အရေးကြုံလာလို့ သတိပေးပြောတဲ့အခါ ပြေးရမယ်ဆိုတာကို ပြေးချင်မှ ပြေးမယ်ဆို ပြည်သူတွေ နစ်နာလိမ့်မယ်။ ဒါကြောင့် ဒါမျိုးတွေကို ဖော်ထုတ်အရေးယူသင့်တယ်လို့ ပြောချင်ပါတယ်။

**ဟုတ်ကဲ့ရှင့်၊ အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ဆရာ။**






# အရေးပေါ်အခြေအနေနှင့် သက်ကြီးရွယ်အိုများ

တက္ကသိုလ်ဇော်ထူးဦး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အို ဦးရေ သန်းပေါင်း ၅၈၀ ရှိသည့်အနက် ၃၅၅ သန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိကြသည်။ ခရစ်နှစ် ၂၀၂၀ ပြည့်တွင် သက်ကြီးရွယ်အို ဦးရေ သန်းပေါင်း ၁၀၀၀ ရှိလာမည်ဖြစ်ပြီး သန်း ၇၁၀ မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲ ၁၀ နိုင်ငံအနက် ခုနစ်နိုင်ငံတွင် သက်ကြီးရွယ်အို အရေအတွက် များပြားလာမည်ဟုဆိုသည်။

တရုတ်နိုင်ငံတွင် ၂၃၁ သန်း၊ အိန္ဒိယနိုင်ငံတွင် ၁၄၅ သန်း၊ ဘရာဇီးနိုင်ငံတွင် သန်း ၃၀၊ အင်ဒိုနီးရှားနိုင်ငံတွင် ၂၃ သန်း၊ ပါကစ္စတန်တွင် ၁၈ သန်း၊ မက္ကဆီကိုတွင် ၁၅ သန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၄ သန်းရှိလာမည်ဟုဆိုသည်။ ၂၀၂၀ ပြည့်နှစ်တွင် အသက် ၆၀ အထက်သက်ကြီးရွယ်အိုများသည် မြောက်အမေရိကတွင် ၂၃ ရာခိုင်နှုန်း၊ အရှေ့အာရှတွင် ၁၇ ရာခိုင်နှုန်း၊ လက်တင်အမေရိကတွင် ၁၂ ရာခိုင်နှုန်းနှင့် တောင်အာရှတွင် ၁၀ ရာခိုင်နှုန်းထိရှိလာမည်ဟု ခန့်မှန်းကြသည်။

သက်ကြီးရွယ်အိုများကို အမျိုးအစားခွဲကာလေ့လာကြည့်မည်ဆိုပါက ငါးမျိုးတွေ့ရသည်။ အားလုံးနှင့် အဆင်ပြေစွာနေထိုင်နိုင်သူ၊ အပြုသဘောဆောင်သူ၊ မိသားစုနှင့်အခြားသူများကိုမှီခိုနေရသူ၊ လုပ်ကိုင်ပေးခြင်းကို မနှစ်မြို့ ကိုယ်တိုင်လုပ်ရမှကျေနပ်သူ၊ အမြဲတစေဒေါသထွက်တတ်ပြီး ရန်လိုသူ၊ အားမလိုအားမရဖြစ်ကာ ကိုယ့်ကိုယ်ကိုယ်မုန်းတီးသူဟူ၍ ဖြစ်သည်။

သက်ကြီးရွယ်အိုများနှင့်ပတ်သက်ပြီး ပြောလေ့ပြောထရှိသောစကားများရှိသည်။ သက်ကြီးရွယ်အိုအများစုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်သာနေကြ၏။ သက်ကြီးရွယ်အိုအားလုံး၏ ပင်ကိုစရိုက်မှာ အတူတူပင်ဖြစ်၏။ သက်ကြီးရွယ်အို ကျား၊ မ အသက်အရွယ်မှာအတူတူဖြစ်၏။ သက်ကြီးရွယ်အိုများမှာ မစွမ်းဆောင်နိုင်တော့ပါ။ သက်ကြီးရွယ်အိုများသည် ပူးပေါင်းလုပ်ဆောင်ရန် မစွမ်းဆောင်နိုင်တော့ပါ။ သက်ကြီးရွယ်အိုများသည် ဝန်ထုပ်ဝန်ပိုးများဖြစ်ကြသည်။

အဆိုပါပြောစကားများသည် သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်မှုပေးရာတွင် အနှောင့်အယှက်ဖြစ်စေသည်။ သို့ဖြစ်၍ အဆိုပါပြောလေ့ပြောထရှိသောစကားများအား ချေဖျက်ပစ်ရန် လိုအပ်နေသည်။ သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ရာတွင် ကျန်းမာရေးသာမက သွက်လက်လှုပ်ရှားမှုရှိစေရန် ဆောင်ရွက်ပေးရမည်။ သက်ကြီးရွယ်အိုများအား ကိုယ်တိုင်ပါဝင်လာနိုင်မည့် အခြေအနေများကို ဖန်တီးပေးကြရမည်။ သို့အတွက် ငွေကြေးဆိုင်ရာပံ့ပိုးမှုနှင့် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများလိုအပ်သည်။

၁၉၉၁ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သက်ကြီးရွယ်အိုများနှင့်ပတ်သက်ပြီး လမ်းညွှန်ချက်များနှင့် အများသဘောတူညီချက်များကို ထုတ်ပြန်ခဲ့သည်။ ထိုသဘောတူထုတ်ပြန်ချက်များက လူမှုဘေးဒုက္ခများနှင့် စစ်မက်ဖြစ်ပွားမှုများတွင် သက်ကြီးရွယ်အိုများအား မသိကျိုးကျွန်ပြုခြင်း၊ လျစ်လျူရှုခြင်းနှင့် အကြမ်းဖက်မှုများ မပြုလုပ်ကြရန် အကာအကွယ်ပေးထားသည်။ သက်ကြီးရွယ်အိုများ၏လွတ်လပ်မှု၊ သက်ကြီးရွယ်အိုများ ပူးပေါင်း ပါဝင်ဆောင်ရွက်မှု၊ သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်မှု၊ သက်ကြီးရွယ်အိုများ ကိုယ်တိုင်လုပ်ဆောင်မှုနှင့် သက်ကြီးရွယ်အိုများ၏ ဂုဏ်သိက္ခာရှိမှုတို့ ပါဝင်သည်။

အရေးပေါ်အခြေအနေနှင့်ဘေးဒုက္ခကျရောက်မှုများတွင် သက်ကြီးရွယ်အိုများအား ဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကို အောက်ပါအတိုင်းဖော်ပြထားသည်။



### အခြေခံလိုအပ်ချက်များ

အမိုးအကာကို လုံလောက်သောအနေအထားရှိရန်နှင့် ယာယီ(သို့)အမြဲတမ်းအတွက် စီစဉ်ပေးရမည်။ အမိုးအကာအတွက် ပစ္စည်းများထောက်ပံ့ရုံနှင့်မလုံလောက်ဘဲ မိသားစုမရှိပါက ကူညီပြင်ဆင်ပေးရန်လိုအပ်သည်။ အစားအစာ ချက်ပြုတ်ရန်အတွက် ထင်း၊ မီးသွေး၊ လောင်စာဆီ၊ မီးဖိုစသည်ဖြင့် ထောက်ပံ့ပေးရမည်။ သက်ကြီးရွယ်အိုများနှင့် သင့်လျော်မည့် အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းများကို သတ်မှတ်ဝယ်ယူထားရမည်။ အထူးသဖြင့် အအေးဒဏ်ခံနိုင်မည့် အဝတ်အထည်၊ ခြုံစောင်၊ အခင်းများကိုစီစဉ်ရမည်။ ဘာသာရေး၊ လူမျိုးရေး၊ ဓလေ့ထုံးတမ်းအစဉ်အလာအရ ဝတ်ဆင်မှုများကိုလည်း သတိပြုသင့်သည်။ ဥပမာ- ဆာရီ၊ ဝတ်ရုံ၊ သင်္ကန်းစသည်တို့မှာ ကယ်ဆယ်ရေးအတွက် ထောက်ပံ့ပစ္စည်းများတွင် မပါဝင်နိုင်သည့်အတွက် သီးခြားစီစဉ်ပေးထားရမည်။

### ပြောင်းရွှေ့ပေးခြင်း

သက်ကြီးရွယ်အိုများအား ပြောင်းရွှေ့ပေးခြင်းသည် ပြဿနာတစ်ရပ်ဖြစ်သည်။ အများအားဖြင့် သက်ကြီးရွယ်အိုများသည် စွမ်းဆောင်နိုင်မှု အားနည်းသူများဖြစ်သည်။ အသက်အရွယ်ကြီးမြင့်နေသူများ၊ နေထိုင်မကောင်းသူများ၊ အပြင်မထွက်ဘဲ အိမ်တွင်းနေသူများ၊ ခြေလက်အင်္ဂါမသန်စွမ်းသူများ စသည်တို့အတွက် ရွှေ့ပြောင်းရာတွင် အဆင်ပြေစေရန် စီစဉ်ပေးရမည်။ ဘေးလွတ်ရာနေရာ ယာယီကယ်ဆယ်ရေးစခန်းများသို့ အရေးပေါ်ရွှေ့ပြောင်းနေရာချထားရာတွင် သက်ကြီးရွယ်အိုများအတွက် သီးခြားစီစဉ်ပြင်ဆင်ထားရမည်။

### ကျန်းမာရေးစောင့်ရှောက်မှု

သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အရေးပေါ်ဆေးခန်းနှင့် လိုအပ်သောဆေးဝါးများကို အသင့်စီစဉ်ထားရန်လိုသည်။ နာတာရှည်ဝေဒနာခံစားနေရသူများအတွက် ဆေးဝါးပစ္စည်းများရရှိမှုကို အထူးဆောင်ရွက်ပေးသင့်သည်။ သက်ကြီးရွယ်အိုများ အနေဖြင့် မိသားစု (သို့) မှီခိုအားထားနေရသူများနှင့် ကွဲကွာခြင်း၊ ပျောက်ဆုံးခြင်းများအတွက် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာအားငယ်မှုများ ဖြစ်ပေါ်နိုင်သည့်အတွက် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုလည်း လိုအပ်သည်။ ထို့အပြင် သင့်လျော်သော ရေ၊ အစားအစာ၊ သန့်ရှင်းရေး တို့ကို ဆောင်ရွက်ပေးရမည်။

### မိသားစုနှင့်လူမှုရေးလိုအပ်ချက်

ကွဲကွာနေသော မိသားစုများအား ပြန်လည်ရှာဖွေဆက်သွယ်ပေးခြင်း၊ မိသားစုဝင်များ သေဆုံးခြင်း၊ ပျောက်ဆုံးခြင်းအတွက် မှီခိုအားထားရန် စီစဉ်ပေးခြင်း၊ ယင်းတို့၏လုံခြုံမှု၊ မိသားစုပုံစံပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာမည့် လိုအပ်ချက်များ၊ အိုးအိမ်နှင့်ပိုင်ဆိုင်မှုများ ဆုံးရှုံးမှုကြောင့်ဖြစ်လာမည့် လူမှုရေးလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဆောင်ရွက်ပေးရန် လိုသည်။ ထို့အပြင် အကြမ်းဖက်မှုများလည်း ကြုံတွေ့လာနိုင်သည်ကိုသတိပြုရမည်။

ဖော်ပြပါ လိုအပ်ချက်များကို သိရှိနိုင်ရန်အတွက် ကယ်ဆယ်ရေးနှင့်ကူညီရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းများအနေဖြင့် ဆန်းစစ်လေ့လာမှုများလိုအပ်သည်။ ထိုသို့ဆန်းစစ်လေ့လာရာတွင် ဘေးဒုက္ခကျရောက်သူများအနက်မှ သက်ကြီးရွယ်အို အရေအတွက်ကို ရှိပြီးစာရင်းဇယားများအရ ရရှိနိုင်သကဲ့သို့ လိုအပ်ပါက ကွင်းဆင်းသွားရောက်တွေ့ဆုံ စာရင်းယူကြရမည်ဖြစ်သည်။ ပိုမိုတိကျသော ကူညီမှုပေးနိုင်ရန်အတွက် သက်ကြီးရွယ်အို၊ လူကြီး၊ လူငယ်ကလေး၊ ကိုယ်ဝန်သည်၊ နို့စို့ကလေး၊ မသန်စွမ်းသူစသည်ဖြင့် ဆန်းစစ်လေ့လာရာတွင် ထည့်သွင်းကောက်ယူရန် လိုအပ်သည်။

သက်ကြီးရွယ်အိုများသည် အရေးပေါ်ဘေးဒုက္ခကျရောက်မှုများတွင် လူသားချင်းစာနာထောက်ထားမှုအရ ဦးစားပေးရမည့်သူများဖြစ်သည်။ ဘေးအန္တရာယ်ကျရောက်လွယ်သူများလည်း ဖြစ်သည်။ တွက်ချက်လေ့လာမှုများအရ အနာဂတ်ကာလတွင် နိုင်ငံအတော်များများ၌ တိုးပွားလာသော သက်ကြီးရွယ်အိုများကြောင့် ဖြစ်ပေါ်လာမည့် လူမှုရေး၊ စီးပွားရေး၊ အကာအကွယ်ပေးရေး၊ ပြုစုစောင့်ရှောက်ရေး၊ ကျန်းမာရေး၊ ထောက်ပံ့ရေးတို့အတွက် တွက်ချက်ပြင်ဆင်လျက်ရှိနေကြပြီဖြစ်သည်။ အလားတူ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ လူတို့ပယောဂကြောင့် သော်လည်းကောင်း ဖြစ်ပေါ်လာမည့် ဘေးဒုက္ခများတွင်လည်း သက်ကြီးရွယ်အိုများအတွက် ဦးစားပေးစဉ်းစားရန် လိုအပ်မည် ဖြစ်သည်။ ။

> “အသက်အရွယ်ကြီးမြင့်နေသူများ၊
> နေထိုင် မကောင်းသူများ၊ အပြင်မထွက်ဘဲ
> အိမ်တွင်းနေသူများ၊ ခြေလက်အင်္ဂါမသန်စွမ်းသူများ
> စသည်တို့အတွက် ရွှေ့ပြောင်းရာတွင်
> အဆင်ပြေစေရန် စီစဉ်ပေး...
> ဘေးလွတ်ရာနေရာ ယာယီကယ်ဆယ်ရေးစခန်းများသို့
> အရေးပေါ်ရွှေ့ပြောင်းနေရာချထားရာတွင်
> သက်ကြီးရွယ်အိုများအတွက် သီးခြားစီစဉ်...”

## အန္တရာယ်ရှိသော လျှပ်စစ်မီးတိုင်နှင့်လျှပ်စစ်မီးကြိုးများ အသစ်လဲလှယ်

**အလုံ မေ ၁၇**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် ဆရာဆောင်း လမ်းသွယ်လေးအတွင်း ပျက်စီးနေသော လျှပ်စစ်မီးတိုင်များနှင့် ရှုပ်ထွေးလျှပ်စစ်မီးကြိုးများအား အသစ်လဲလှယ်တပ်ဆင်ခြင်းကို မေ ၁၄ ရက်က ဆောင်ရွက်ခဲ့သည်။

“စောရန်ပိုင် အရှေ့ရပ်ကွက် ဆရာဆောင်းလမ်းသွယ်ဟာ အလွန်ကျဉ်းပြီး မီးဘေးအန္တရာယ် မတော်တဆဖြစ်ခဲ့ရင် ကားဝင်ဖို့ ခက်ခဲပြီး အဲဒီလမ်းလေးရှိ ပျဉ်ထောင်အိမ်လေးတွေနဲ့ နေထိုင်ကြတဲ့ ပြည်သူတွေအတွက် စိုးရိမ်မိပါတယ်၊ လျှပ်စစ်မီးကြိုးတွေကိုလည်း အဆင်ပြေသလို တပ်ဆင်ထားတဲ့အတွက် ရှုပ်ထွေးနေပြီး မီးကြိုးချိတ်ထားတဲ့ သစ်သားတိုင်ကလည်း ဆွေးမြည့်နေပါတယ်၊ လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်ဖို့ လိုတဲ့အတွက် ယခုလို YESC နဲ့ ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်ပါတယ်” ဟု အလုံမြို့နယ် အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်မြင့်က ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**



ကယားပြည်နယ် ဘော်လခဲမြို့တွင် မေ ၁၂ ရက်က မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် နေအိမ် ၂၁ လုံးအား မေ ၁၅ ရက် နံနက်ပိုင်းက ဘော်လခဲမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ခင်မောင်ဆွေနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပြန်လည်ပြင်ဆင်ပေးစဉ်။

**ဝတ်ရည်(ပြန်/ဆက်)**

# ကန်းစ်ရုပ်ရှင်ပွဲတော်မှာ စိတ်ဝင်စားခြင်းအခံရဆုံးဖြစ်ခဲ့တဲ့ ဂျွန်ထရာဗိုတာ

ဟောလိဝုဒ်မင်းသားကြီး ဂျွန်ထရာဗိုတာဟာ လတ်တလောမှာ ကျင်းပခဲ့တဲ့ နိုင်ငံတကာရုပ်ရှင် ထူးချွန်ဆုပေးပွဲ တစ်ပွဲဖြစ်တဲ့ ကန်းစ်ရုပ်ရှင်ပွဲတော်မှာ အများရဲ့ စိတ်ဝင်စားခြင်းအခံရဆုံးသော ကြယ်ပွင့်တစ်ဦးဖြစ်ခဲ့ပါတယ်။ ဒီပွဲတော်မှာ မင်းသားကြီးပါဝင်ထားတဲ့ ရုပ်ရှင်ကို ထုတ်လွှင့်ပြသခဲ့ပြီး လူအများရဲ့အာရုံကို ဖမ်းစားနိုင်ခဲ့တဲ့ အကြောင်းအရင်းကတော့ ယင်းရုပ်ရှင်ကြောင့်မဟုတ်ဘဲ ဖျော်ဖြေပွဲမှာ အဆိုတော်နဲ့အတူ ကခုန်ခဲ့တဲ့ မင်းသားကြီးရဲ့ အပြုအမူများကြောင့်ဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် (၆၄) နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျွန်ထရာဗိုတာဟာ ပြီးခဲ့တဲ့ မေ ၁၅ ရက်က ရက်ပ်တေးသံရှင် ဖစ်ဖတီစန့်ရဲ့ဖျော်ဖြေပွဲမှာတော့ ဖျော်ဖြေရေးစင်မြင့်ပေါ်တက်ကာ စိတ်လွတ်ကိုယ်လွတ် ကခုန်ခဲ့တာဖြစ်ပါတယ်။ မင်းသားကြီးရဲ့ နာမည်ကျော်ရုပ်ရှင်တွေဖြစ်ကြတဲ့ "Saturday Night Fever"နဲ့ "Grease" ထဲကလို ကခုန်ခဲ့တဲ့ သွက်လက်တဲ့ လှုပ်ရှားဟန်တွေကို လက်ရှိ အသက်အရွယ်ရောက်သည့်တိုင်အောင် တွေ့မြင်နေခဲ့ရတာဖြစ်ပါတယ်။ ဂျွန်ထရာဗိုတာရဲ့ ကခုန်နေတဲ့ ပုံရိပ်တွေ ပါဝင်တဲ့ ဗီဒီယိုတွေဟာလည်း အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့နေခဲ့ပြီး မင်းသားကြီးရဲ့ အကစွမ်းရည်ကို အများက ချီးကျူးခဲ့ကြပါတယ်။

မေ ၁၅ ရက်မှာ ဂျွန်ထရာဗိုတာရဲ့ ရုပ်ရှင် "Gotti" ကို ထုတ်လွှင့်ပြသခဲ့ပါတယ်။ အဲဒီ နောက် ပါတီပွဲနဲ့အတူ ဖျော်ဖြေပွဲကိုလည်း ကျင်းပခဲ့တာ ဖြစ်ပါတယ်။



ဒီဖျော်ဖြေပွဲဟာ မင်းသားကြီး ဂျွန်ထရာဗိုတာ အတွက် ရည်ရွယ်ပြုလုပ်ပေးတဲ့ပွဲလည်း ဖြစ်ပါတယ်။ မင်းသားဟာ ယခုနှစ်ရဲ့ ပွဲတော်မှာ ရုပ်ရှင်စံပြဂုဏ်ပြုဆုကို ချီးမြှင့်ခံခဲ့ရတာဖြစ်ပြီး မင်းသားကြီးအတွက် ဂုဏ်ပြုဖျော်ဖြေတဲ့ပွဲလည်း ဖြစ်ပါတယ်။ ဒုစရိုက်လုပ်ငန်းတွေနဲ့ ကြီးပွားချမ်းသာလာသူ သူဌေးကြီး ဂျွန်ဂေါ်တီအကြောင်း ပုံဖော်ထားတဲ့ အတ္ထုပ္ပတ္တိရုပ်ရှင် "Gotti" မှာ အဓိက ဇာတ်ကောင်ဖြစ်တဲ့ ဂျွန်ဂေါ်တီအဖြစ် ပါဝင်ထားတာ ဖြစ်ပါတယ်။ ဒီရုပ်ရှင်ရဲ့ ဇာတ်ဝင်တေးကိုတော့ ပစ်ထ်ပူးလ်က သီဆိုထားတာဖြစ်တာကြောင့် ရုပ်ရှင်ရဲ့အဖွင့်ကို ပစ်ထ်ပူးလ်ရဲ့ ဖျော်ဖြေမှုနဲ့အတူ စတင်ဖို့ရာ စီစဉ်ထားတာ ဖြစ်ပါတယ်။ ဒါပေမယ့် အခမ်းအနားကျင်းပဖို့ နှစ်ရက်ခန့်အလိုမှာ ပစ်ထ်ပူးလ်အနေနဲ့ အသံပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာကြောင့် ဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့ကြောင်း ထုတ်ဖော်ပြောကြားလိုက်ရာ ပစ်ထ်ပူးလ်နေရာမှာ ဖစ်ဖတီစန့်က အစားထိုးဖျော်ဖြေပေးခဲ့တာ ဖြစ်ပါတယ်။

ယင်းဖျော်ဖြေပွဲမှာတော့ အော်စကာဆန်ခါတင်စာရင်းဝင်မင်းသားကြီး ဂျွန်ထရာဗိုတာဟာ ဖစ်ဖတီစန့်ရဲ့ ပြီးခဲ့တဲ့ ၂၀၀၅ ခုနှစ်အတွင်း အလွန်ကို ကျော်ကြားခဲ့တဲ့ တေးသီချင်း "Just a Lil Bit"ကို ဖျော်ဖြေနေစဉ် စင်မြင့်ထက်ကို ခုန်တက်ခဲ့ကာ ဖစ်ဖတီစန့်နဲ့အတူ ကခုန်ခဲ့တာ ဖြစ်ပါတယ်။ ဒီလို စင်မြင့်ထက်မှာ ပျော်ရွှင်စွာကခုန်နေတဲ့ ဂျွန်ထရာဗိုတာကို အောက်မှာကြည့်နေကြတဲ့ ပရိသတ်တွေဟာ ဖုန်းတွေနဲ့ ဗီဒီယိုရိုက်ယူခဲ့ကာ အွန်လိုင်းမီဒီယာပေါ်မှာ ထုတ်ဖော်ပြသခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ တေးသံရှင် ဖစ်ဖတီစန့်ကလည်း မင်းသားကြီးကနေတဲ့ ဗီဒီယိုဖိုင်ကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပြီး ဒီပွဲကို တက်ရောက်ဖျော်ဖြေဖြစ်ခဲ့တဲ့အကြောင်းမှာ ဂျွန်ထရာဗိုတာကြောင့်ဖြစ်ကြောင်းလည်း ရေးသားဖော်ပြခဲ့တာတွေ့ရပါတယ်။

ဒီပါတီပွဲအပြီး မီဒီယာတွေနဲ့ တွေ့ဆုံခဲ့စဉ်မှာတော့ ဂျွန်ထရာဗိုတာက အခုလို ကခုန်ခဲ့ရတဲ့အကြောင်းကို ပြောကြားခဲ့ပါတယ်။ မင်းသားကြီးက တေးသံရှင် ဖစ်ဖတီစန့်ဟာ ဒီဖျော်ဖြေပွဲမှာ တက်ရောက်ဖျော်ဖြေပေးဖို့ရာ နာရီ ၂၀ ကျော်ကြာ လေယာဉ်စီးကာ လာရောက်ခဲ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့် ဖစ်ဖတီစန့်အတွက် သူလုပ်ပေးနိုင်တဲ့အရာတွေကို စဉ်းစားခဲ့ရာမှာတော့ တွဲဖက်ကခုန်ပေးဖို့ ဖြစ်လာခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။



## တရုတ်မှာ ရောက်ရှိနေတဲ့ ယွန်းအွန်ဟေး

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ယွန်းအွန်ဟေးကို ဒီနှစ်ပိုင်းမှာ အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်တာတွေ့ရခဲပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ သူ့ကို တရုတ်နိုင်ငံမှာ ကျင်းပခဲ့တဲ့ အခမ်းအနားတစ်ခုကို တက်ရောက်လာတာ တွေ့ရကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁၄ ရက်မှာတော့ ယွန်းအွန်ဟေးက သူ့ရဲ့ တရုတ်လူမှုကွန်ရက်မှာ "Mileage"ရဲ့ နှစ်ပတ်လည်ကို တက်ရောက်လာတဲ့ သူ့ရဲ့ ပုံရိပ်တွေကို ထုတ်ဖော်ပြသခဲ့တာ ဖြစ်ပါတယ်။ အဆိုပါအခမ်းအနားကိုတော့ ယွန်းအွန်ဟေးဟာ ပန်းပွင့်တွေပါဝင်တဲ့ အနက်ရောင်ဂါဝန်ရှည်ကို နှုတ်ခမ်းနီရဲရဲနဲ့ တွဲဖက်ဆင်မြန်းကာ ဆွဲဆောင်မှုရှိရှိ လှပနေတာကိုလည်း တွေ့ရပါတယ်။

"Coffee Prince" ဇာတ်လမ်းတွဲရုပ်ရှင်နဲ့ မြန်မာပရိသတ်တွေနဲ့ စတင်ရင်းနှီးခဲ့တဲ့ ယွန်းအွန်ဟေးကို ကြိုက်နှစ်သက်ကြသော ပရိသတ်တွေအတွက် ဝမ်းသာစရာသတင်းစကားတစ်ခုလည်း ရှိနေပါတယ်။ အဲဒါကတော့ ယွန်းအွန်ဟေးဟာ မကြာမီမှာ ဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာဖို့ရာ လက်ခံစဉ်းစားပေးနေတာ ဖြစ်ပါတယ်။ ယွန်းအွန်ဟေး လက်ခံစဉ်းစားပေးနေတဲ့ ဇာတ်လမ်းတွဲကတော့ ဝက်ဘ်ဒရမ်မာဖြစ်တဲ့ "Love Alert" ဖြစ်ပြီး လတ်တလောအချိန်အထိတော့ ပါဝင်မှာဖြစ်ကြောင်း အတည်မပြုရသေးတာလည်း ဖြစ်ပါတယ်။



## သရုပ်ဆောင်နယ်ပယ်ဘက်ကို စတင်ခြေချလိုကြောင်း မက်ဟာန်ထရိန်နာ ဖွင့်ဟ

နာမည်ကျော် ပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ မက်ဟာန်ထရိန်နာက လတ်တလောမှာတော့ သူ့အနေနဲ့ ဂီတဘက်ကနေ သရုပ်ဆောင်နယ်ပယ်ဘက်ကို ခြေချလိုကြောင်း၊ သရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာလှုပ်ရှားမှုတွေကို စတင်လိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"All About That Bass" တေးသံရှင် မက်ဟာန်ထရိန်နာဟာ ဟောလိဝုဒ် ရုပ်ရှင်လောကမှာလည်း အောင်မြင်မှုတွေ သိမ်းပိုက်လိုတဲ့ ဆန္ဒရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့သရုပ်ဆောင်အရည်အချင်းတွေကို ချပြနိုင်ဖို့ မကြာမီမှာ လှုပ်ရှားမှုတွေ စတင်လိုတာဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်အတွင်း ရုံတင်ပြသခဲ့တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင် "Smurfs: The Lost Village" မှာ အသံနဲ့ ပါဝင်သရုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ဒ့ါအပြင် နာမည်ကျော်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ အေမီချူးမားရဲ့ ရုပ်ရှင် "I Feel Pretty" မှာလည်း သူ့ရဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Me Too" ပါဝင်ခဲ့ပါတယ်။ ဒီလိုသရုပ်ဆောင်လုပ်ငန်းနဲ့ နီးစပ်မှုတွေရှိခဲ့ပြီးဖြစ်တာကြောင့် မက်ဟာန်ထရိန်နာက ငွေရောင်ပိတ်ကားထက်ဝယ် နေရာရယူလိုတာဖြစ်ပါတယ်။

သရုပ်ဆောင်တစ်ဦးဖြစ်ချင်နေတဲ့ မက်ဟာန်ထရိန်နာက သူ့ရဲ့ စိတ်ကူးထဲက ရုပ်ရှင်ဟာ ဟာသရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "I Feel Pretty"လို ရုပ်ရှင်မျိုးဖြစ်တယ်လို့လည်း ဆိုပါတယ်။ ဒါပေမယ့် လက်ရှိအချိန်အထိတော့ အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်ရိုက်ကူးသွားဖို့ရာ အစီအစဉ်မရှိသေးဘူးလို့လည်း ဖွင့်ဟခဲ့ပါတယ်။ သူက အစမှာတော့ ရုပ်ရှင်တွေမှာ စမ်းသပ်သရုပ်ဆောင်ရင်း အစစ်ဆေးခံလိုကြောင်း၊ ရုပ်ရှင်တွေမှာ ဇာတ်ရံအဖြစ် တစ်ခန်းတလေ ပါဝင်ခဲ့ရာမှ နောက်ပိုင်းမှာ အဓိကဇာတ်ဆောင်တစ်ဦး ဖြစ်လာချင်ကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။

## တက္ကဆက်ဖျော်ဖြေပွဲအတွက် အသက်အန္တရာယ်ခြိမ်းခြောက်ခံခဲ့ရတဲ့ BTS အဖွဲ့ဝင် ဂျီမင်း

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော် အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ဟာ မကြာမီ တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မှုနဲ့အတူ နယ်လှည့်ဖျော်ဖြေပွဲတွေကိုလည်း စတင်သွားမှာဖြစ်ပါတယ်။ ယင်းဖျော်ဖြေပွဲတွေအနက် အမေရိကန်ပြည်ထောင်စု တက္ကဆက်မှာဖျော်ဖြေမယ့်ပွဲမှာတော့ အသက်အန္တရာယ် ခြိမ်းခြောက်ခံခဲ့ရတာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယင်းဖျော်ဖြေပွဲမှာ "BTS"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျီမင်းကို သေနတ်နဲ့ ပစ်ခတ်လုပ်ကြံမယ့်အစီအစဉ်တွေကို လူတစ်ဦးက အွန်လိုင်းအသုံးပြုကာ ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ ဒီလိုခြိမ်းခြောက်ခံခဲ့ရပြီးနောက်မှာတော့ ဒေသခံရဲတွေက လုံခြုံရေးတွေ တိုးမြှင့်လုပ်ဆောင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဂျီမင်းဟာ ပြီးခဲ့တဲ့ နှစ်အတွင်းမှာလည်း ယခုလို ခြိမ်းခြောက်ခံခဲ့ရပါတယ်။ အွန်လိုင်းကနေ သွေးတွေပေနေတဲ့ လက်ပုံကို ဖော်ပြပြီး အောက်မှာတော့ "ငါနဲ့အတူ အဖော်နှစ်ဦးက ဧပြီ ၁ ရက်မှာ ကျင်းပမယ့် ဖျော်ဖြေပွဲမှာ ဂျီမင်းကိုသတ်ဖို့ တက်ရောက်မှာဖြစ်တယ်လို့" ရေးသားဖော်ပြခဲ့ကြောင်းလည်း သိရပါတယ်။



အေးပြည့် ရေးသားသည်

# မိုးညှင်းမြို့လယ် နန့်ရင်းချောင်းကူး သံကူကွန်ကရစ်တံတားဆောက်လုပ်



**မိုးညှင်း မေ ၁၇**
ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့တွင် မြို့လယ်နန့်ရင်းချောင်းကူး သံကူကွန်ကရစ်တံတားကို အသစ်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားမှာ ကချင်ပြည်နယ်အစိုးရခွင့်ပြုချက်ဖြင့် ကျပ်သန်းပေါင်း ၅၁၃ ဒသမ ၀၇၇ အကုန်အကျခံ၍ အရှည်ပေ ၁၈၀၊ အကျယ်ပေ ၃၀ ရှိသော ဒုတိယမြောက် သံကူကွန်ကရစ်တံတားဖြစ်ကာ N.HKAI BUM.CO က တာဝန်ယူကာ ၂၀၁၈ ခုနှစ် မတ်လမှစတင်၍ တာဝန်ခံ အင်ဂျင်နီယာ ဦးသက်နိုင်ဝင်းနှင့် အဖွဲ့က ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းတံတားမှာ လွန်ခဲ့သည့် ၁၅ နှစ်ခန့်က အလျားပေ ၁၈၀၊ အကျယ် ၁၈ ပေရှိသော သံပေါင်ဘေလီတံတားကို ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါတံတားမှာ မိုးညှင်းမြို့နန့်ရင်းချောင်း အနောက်ပိုင်းရပ်ကွက်များနှင့် မီးရထားဘူတာရုံတို့မှ မိုးညှင်းဒီဂရီကောလိပ်သို့သွားရောက်ရာ အချက်အချာကျသည့် တံတားတစ်စင်းဖြစ်သည်။ **၀၅၈**

# ဇလွန်မြို့တွင် သဘာဝဘေးအန္တရာယ်လျှော့ချရေး လေ့ကျင့်ပညာပေးသင်တန်းဖွင့်

**ဇလွန် မေ ၁၇**
ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် သဘာဝဘေးအန္တရာယ်လျှော့ချရေး လေ့ကျင့်ပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၇ ရက် နံနက် ၁၀ နာရီက ရေလယ်သောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ကျင်းပခဲ့သည်။

ဇလွန်မြို့နယ် နန်းတော်ကျွန်းကျေးရွာအုပ်စု ရေလယ်သောင်ကျေးရွာအနီးတွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့်တည်ဆောက်ထားသည့် တိရစ္ဆာန်ရေလွတ်ကုန်း(Animal Safe Land)ကိုတည်ဆောက်ခဲ့ပြီးဖြစ်ရာသဘာဝဘေးအန္တရာယ်ကျရောက်ပါက တိရစ္ဆာန်များအား ထိရောက်စွာလက်တွေ့ကျကျအကူအညီပေးနိုင်ရေး၊ တိရစ္ဆာန်များ၏နေထိုင်ရေး အဆင်ပြေစွာ ဆောင်ရွက်တတ်စေရန်နှင့် တိရစ္ဆာန်များ၏ကျန်းမာရေးထိခိုက်မှုမရှိစေရန်ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်လျှော့ချရေးလေ့ကျင့်ပညာပေးသင်တန်းကိုဖွင့်လှစ်ရခြင်းဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိဒေါက်တာလေးမွန်ကြည်က ပြောကြားသည်။

အဆိုပါသင်တန်းကို ရေလယ်သောင်ကျေးရွာ၊ ငှက်ပျောတောကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**

# ဥပဒေဘွဲ့ရရှိသူများ တပေါင်းတစည်းတည်း စုစည်းရေး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဆွေးနွေး

**ရန်ကုန် မေ ၁၇**
ဥပဒေပညာရပ်ဖြင့် ဥပဒေဆိုင်ရာ အခွင့်အရေးများ မဆုံးရှုံးစေရန် လိုအပ်သော အကူအညီများပေးနိုင်ရေးနှင့် ဥပဒေဘွဲ့ရများ တပေါင်းတစည်းတည်း ညီညွတ်စွာ စုစည်းနိုင်ရေးတို့ကို ရည်ရွယ်၍ မေ ၁၂ ရက်နှင့် ၁၃ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ကရင်ပြည်နယ် ဘားအံမြို့တို့တွင် ဥပဒေလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့ ကြက်ခြေနီခန်းမ၌ မေ ၁၂ ရက် နံနက် ၁၀ နာရီက ဆွေးနွေးပွဲကျင်းပရာ မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ မွန်ပြည်နယ် ဥပဒေချုပ် ဒေါ်အေးအေးမို့၊ မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ဦးညီညီစိုးနှင့် မွန်ပြည်နယ် ဥပဒေအရာရှိ ဦးဌေးအောင်တို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်း နာယက ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်စိုးဗိုလ်က မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်း ဥက္ကဋ္ဌ ဦးဘတင့်ဆွေက အသင်းကြီးပေါ်ပေါက်လာပုံနှင့် အသင်းအထွေထွေအတွင်းရေးမှူး ဦးအောင်ဌေးဦးက အသင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြပြီး မွန်ပြည်နယ်ရှေ့နေများအသင်း ဥက္ကဋ္ဌ ဦးနီနီယုက အသင်းကြီးကို ကြိုဆိုကြောင်း ဆွေးနွေးပြောကြားကာ တက်ရောက်လာကြသော ဥပဒေဘွဲ့ရသူများနှင့် ဆွေးနွေးခြင်းနှင့် မေးမြန်းခြင်းများကို အသင်း၏ နာယက၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အလားတူ ကရင်ပြည်နယ် ဘားအံမြို့ရှိ HOTEL PERFECT HPA-AN တွင် မေ ၁၃ ရက် နံနက် ၁၀ နာရီ က အသင်းကြီး၏ လုပ်ငန်းစဉ် ဆွေးနွေးပွဲ ဆက်လက်ကျင်းပရာ ကရင်ပြည်နယ် ဥပဒေချုပ် ဦးစောမြင့်လေး၊ ကရင်ပြည်နယ် တရားသူကြီးချုပ်ကိုယ်စား ပြည်နယ်လွှတ်တော် တရားသူကြီး ဒေါ်ခင်ဆွေထွန်းတို့က အဖွင့်အမှာစကား ပြောကြားကြပြီးနောက် အသင်းကြီးနာယက ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်စိုးဗိုလ်၊ ဥက္ကဋ္ဌ ဦးဘတင့်ဆွေနှင့် အထွေထွေအတွင်းရေးမှူး ဦးအောင်ဌေးဦးတို့က အသင်းကြီးပေါ်ပေါက်လာပုံ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကရင်ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ခိုင်နှင့် ကရင်ပြည်နယ် ရှေ့နေများအသင်းဥက္ကဋ္ဌ ဦးမောင်ပုတို့က ညှိနှိုင်းဆွေးနွေးကြသည်။ အဆိုပါ မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်းကြီး၏ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်စည်းလုံးရေးနှင့် လုပ်ငန်းစဉ် ဆွေးနွေးပွဲများတွင် ပြည်နယ်များအတွင်းရှိ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရှေ့နေများနှင့် ဥပဒေဘွဲ့ရသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခင်မောင်သော်**

# ဘုရားဖူးပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ရေး စစ်ဆေး

**ပဲခူး မေ ၁၇**
အနယ်နယ်အရပ်ရပ်မှဘုရားဖူးလာပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်စေရန် မေ ၁၆ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့ ရွှေမော်ဓောဘုရားအနောက်ဘက်မုခ် ယာဉ်ရပ်နားဝင်းအတွင်းရှိ စားသောက်ဆိုင်များတွင် ဈေးသည်များရောင်းချနေမှုအား ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ဒေါက်တာဒေါ်နီနီအေး ဦးဆောင်သောအဖွဲ့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။

ထို့နောက် စားသောက်ဆိုင်များနှင့် ဈေးဆိုင်များတွင်ရောင်းချနေသော ဈေးသည်များအား မိမိတို့ရောင်းချသော အစားအစာများတွင် ဆိုးဆေးအန္တရာယ်များ ကင်းဝေးစေရေး၊ ရက်လွန်မှုများမရှိစေရေး၊ ရေများအသုံးချရာတွင်စနစ်တကျဖြစ်စေရေးနှင့် သန့်ရှင်းလတ်ဆတ်သောအစားအစာများကိုသာ ရောင်းချခြင်းပြုလုပ်ကြရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာရဲနိုင်ရှိန်းက ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျန်းမာရေးကွင်းဆင်းဆောင်ရွက်မှုတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေး၊ စားသုံးသူရေးရာ စည်ပင်သာယာရေးနှင့် ရွှေမော်ဓောဘုရားဂေါပကအဖွဲ့များ လိုက်ပါဆောင်ရွက်ကြကြောင်း သိရသည်။

**ဟိန်းထက်(ပြန်/ဆက်)**

# တာချီလိတ်၌ လူမှောင်ခို၊ လူကုန်ကူးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အသိပညာပေး

**တာချီလိတ် မေ ၁၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် လူမှောင်ခို၊လူကုန်ကူးမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးခြင်းကို မေ ၁၇ ရက် နံနက် ၈ နာရီခွဲက မကာဟိုခမ်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ပြုလုပ်သည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁)တာချီလိတ်မှ ရဲအုပ်လှဘုန်းက လူကုန်ကူးခံရသည့် ဖြစ်ရပ်မှန်ဇာတ်လမ်းများကို ပြသရှင်းလင်းဟောပြောပြီး တပ်ဖွဲ့စိတ်မှူး ရဲမှူးရင်ရင်အေးက လူကုန်ကူးမှုပေါ် ပေါက်လာပုံ၊ လူကုန်ကူးမှုများ တရားစွဲဆိုခွင့်တောင်းခံခြင်း လုပ်ငန်းစဉ်များ၊ လူကုန်ကူးမှု တိုက်ဖျက်ရေး (၅)နှစ်တာ စီမံချက်လုပ်ငန်းစဉ်များ၊ ကလေး သူငယ်များ အဓမ္မပြုကျင့်ခံရမှု မဖြစ်ပေါ်စေရေး ဆောင်ရန်၊ ရှောင်ရန်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှု ခြားနားချက်၊ ရွှေ့ပြောင်းသွားလာမှုမှတစ်ဆင့် လူကုန်ကူးမှု ဖြစ်ပေါ်ပုံတို့ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အမှတ်(၁၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(တာချီလိတ်ခရိုင်)မှ တာဝန်ခံ ဒုတိယရဲမှူး ဇော်မင်းသိန်းက ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ မဆုံးရှုံးစေရေးအတွက် မော်တော်ဆိုင်ကယ်အား ကိုယ်တိုင်စီးနင်းမောင်းနှင်ကျောင်းတက်ခြင်း မပြုရန်၊ ဆိုင်ကယ်မောင်းသူများနှင့် မော်တော်ယာဉ်မောင်းသူများ လိုက်နာရန် စည်းကမ်းများနှင့် သတိပြုရန်အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ လမ်းလျှောက်သူများ လမ်းဖြတ်ကူးရာတွင် သတိပြုရမည့်အချက်များကို ဆွေးနွေးပညာပေးဟောပြောခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# မြိတ်မြို့တွင် ဆရာ ဆရာမများ၏ သင်ကြားမှုစွမ်းရည်မြင့်မားရေး သင်တန်းဖွင့်

**မြိတ် မေ ၁၇**
ပညာရေးဌာနနှင့် CFG Energy Pte.Ltd တို့ ပူးပေါင်း၍ အမျိုးသားပညာရေးရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြောင်းလဲလာသည့်ပညာရေးစနစ်၏ သင်ကြားသင်ယူမှုတိုးတက်မြင့်မားလာစေပြီး ဆရာ ဆရာမများအတွက် အထောက်အကူဖြစ်စေမည့် သင်ကြားမှုစွမ်းရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ မေ ၁၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

သင်တန်းကို မြိတ်မြို့နယ်အတွင်းရှိ ဆရာ ဆရာမ ၅၀ တက်ရောက်ခဲ့ကြပြီး Smile Education Training Institute Myanmar မှ နည်းပြ လေးဦးက မေ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် (၂၁)ရာစု ပညာရေးဆိုင်ရာ အတွေးအခေါ်နှင့် စိတ်ပညာ၊ ကလေးသူငယ်ဆိုင်ရာ စိတ်ပညာ၊ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်တက်ကြွစွာ သင်ကြားသင်ယူပို့ချနည်းများ၊ ဉာဏ်ရည်ဉာဏ်သွေးနှင့် သင်ယူလေ့လာပုံခြားနားခြင်းဆိုင်ရာ သင်ခန်းစာ လေ့လာပြင်ဆင်ခြင်း၊ ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးကဏ္ဍ၊ အလွတ်ကျက်မှတ်စနစ်မှ ကလေးငယ်များ ကိုယ်ပိုင်တီထွင် တွေးခေါ်နိုင်ပြီး ဝေဖန် ပိုင်းခြားဆန်းစစ်နိုင်သည့် ဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သင်တန်းကြီးကြပ်ရေးအဖွဲ့မှ သိရသည်။



သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ CFG Energy Pte.Ltd နှင့် Corporate Social Responsibilities တို့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ထို့အတူ ဆရာ ဆရာမများအတွက် သင်ကြားမှုစွမ်းရည် အထောက်အကူဖြစ်စေမည့် သင်ကြားမှုစွမ်းရည်မြင့်မားရေးသင်တန်းကို ပညာရေးဌာနနှင့် CFG Energy Pte.Ltd တို့ ပူးပေါင်း၍ ကျွန်းစုမြို့နယ်တွင် မေ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် နှစ်ရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ထူး(ပြန်/ဆက်)**

## ကရင်ပြည်နယ်အတွင်း မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**ဘားအံ မေ ၁၇**
ကရင်ပြည်နယ်အတွင်း မြို့နယ် ခုနစ်မြို့နယ်တွင် တောင်သူများအား ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အနေဖြင့် မေ ၁၇ ရက်မှ စတင်ကာ မိုးစပါးစိုက်ပျိုးကာလအမီ ထုတ်ချေးပေးနေကြောင်း သိရသည်။

တောင်သူများအား ချေးငွေထုတ်ချေးရာတွင် တောင်သူတစ်ဦးချင်း အလိုက်ပိုင်ဆိုင်သော လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) မူရင်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အပေါင်အဖြစ်ပေးအပ်၍ တောင်သူတစ်ဦးချင်းက ကိုယ်တိုင်အာမခံသည့်စနစ်ဖြင့် ရှင်းလင်းလွယ်ကူစွာ ထုတ်ချေးမည့်ပုံစံသို့ ပြောင်းလဲဆောင်ရွက်မည်ဖြစ်ကြောင်း ဘားအံမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

တောင်သူများအတွက် စပါးတစ်ဧကေ ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ကရင်ပြည်နယ်တွင် မြို့နယ် ခုနစ်ခုလုံး ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်းကို မေ ၁၇ ရက်တွင် စတင်ထုတ်ချေးပြီး ချေးငွေထုတ်ချေးမည့် အစီအစဉ်များကို တောင်သူများ ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**မိတ္ထီလာ မေ ၁၇**
မိတ္ထီလာတွင် ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ဒေသခံ တောင်သူများထံသို့ မေ ၁၇ ရက် နံနက် ၁၁ နာရီက စတင်ထုတ်ချေးပေးလျက် ရှိကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(မိတ္ထီလာ) မန်နေဂျာ ဦးဝင်းဇော်ထံမှ သိရသည်။

"မိတ္ထီလာမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စု ၅၅ အုပ်စုက ဒေသခံ တောင်သူတွေကို စပါးတစ်ဧကကျပ် ၁၅၀၀၀၀၊ ပဲ၊ ပြောင်း၊ နှမ်း ၊ ဝါနဲ့ အခြားသီးနှံတစ်ဧကကို ကျပ်ငါးသောင်းနှုန်းနဲ့ ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်" ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(မိတ္ထီလာ) မန်နေဂျာ ဦးဝင်းဇော်က ပြောသည်။

မိတ္ထီလာမြို့နယ်အနေဖြင့် ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေမှာ စိုက်ပျိုးသီးနှံ စုစုပေါင်းဧက ၆၃၇၅၀ အတွက် ချေးငွေပေါင်း ငွေကျပ် ၅၁၃၇ ဒသမ ၅၀ သန်းကို ထုတ်ချေးပေးသွားမည်ဖြစ်ကာ ဇွန် ၃၀ ရက် နောက်ဆုံးထား၍ ကျေးရွာအုပ်စု ၅၅ စုအား စိုက်ပျိုးစရိတ်ချေးငွေများ အားလုံးပြီးစီးအောင် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေးအသိပညာပေး

**မြောက်ဥက္ကလာပ မေ ၁၇**
ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ် (၁၈) ရပ်ကွက် ရွှေပေါက်ကံစက်မှုဇုန် အင်းဝလမ်းပေါ်ရှိ KPH အထည်စက်ရုံ၌ မေ ၁၅ ရက် နံနက် ၁၁ နာရီခွဲက ရွှေပေါက်ကံနယ်မြေ ရဲစခန်းမှူးရဲအုပ်ချစ်ကိုကိုက သက်ငယ်မုဒိမ်းမှု ပပျောက်ရေး မှုခင်းအသိပညာပေး ဟောပြောခဲ့ရာ ရပ်ကွက်တာဝန်ခံ ဦးသောင်းခင်၊ KPH စက်ရုံ မန်နေဂျာနှင့် စက်ရုံရှိ အမျိုးသမီးအလုပ်သမား ၁၅၀ တက်ရောက်ခဲ့ကြသည်။ **ကြေးမုံ**

## Mid Range, Flagship စမတ်ဖုန်းများ ဈေးကွက်အတွင်း အသစ်ထပ်မံဝင်ရောက်လာတော့မည်




### One Plus 6

ယခုလ ၂၂ ရက်တွင် စတင်ရောင်းချပေးသွားမည်ဟု ကြေညာချက်နှင့်အတူ မိတ်ဆက်ပွဲအခမ်းအနားကိုလည်း ပြုလုပ်ခဲ့ပြီး Flagship စမတ်ဖုန်းအမျိုးအစားတစ်ခုဖြစ်ကာ ကင်မရာစွမ်းဆောင်ရည်အားသာချက်များနှင့်အတူ ဈေးကွက်အတွင်း ဝင်ရောက်လာတော့မည်ဖြစ်သည်။ One Plus 6 အမှတ်တံဆိပ်စမတ်ဖုန်းများသည် ကောင်းမွန်သည့်လုပ်ဆောင်ချက်များနှင့် ထူးခြားသည့်နည်းပညာများပါဝင်ခြင်းကြောင့် ဈေးကွက်အတွင်း နေရာတစ်ခုခိုင်မာလာပြီဖြစ်ပြီး အလယ်အလတ်တန်းစား တန်ဖိုးပေးရသော စမတ်ဖုန်းအမျိုးအစားများဖြစ်သည်။

ပါဝင်သည့်အချက်အလက်အချို့မှာ မျက်နှာပြင်ကျယ်ပြန့်သည့်စမတ်ဖုန်းဖြစ်ပြီး ၆ ဒသမ ၂၈ လက်မမျက်နှာပြင် အကျယ်တွင် ၁၉း၉ အချိုးဖြင့် နေရာယူထားပြီး Corning Gorilla Glass 5 ဖြင့်ကာကွယ်ထားကာ ဖန်သားစစ်စစ်နှင့် အလူမီနီယံသတ္တုပေါင်းစပ် ဖန်တီးထားသည့် ကိုယ်ထည်ဖြစ်သည်။ Qcta-Core SDM845 Snapdragon 845 ပရိုဆက်ဆာ၊ Android 8.1 လည်ပတ်မှုစနစ်၊ Adreno 630 ဂရပ်ဖစ်ပရိုဆက်ဆာတို့ မောင်းနှင်လည်ပတ်မည်ဖြစ်ကာ RAM 8GB အမျိုးအစားနှင့် 6GB အမျိုးအစားနှစ်မျိုးဖြစ်ပြီး သိုလှောင်သိမ်းဆည်းမှုအတွက် 64GB, 128GB, 256GB အမျိုးအစားများရွေးချယ်နိုင်ပြီး ဖုန်း၏စွမ်းဆောင်ရည်နှင့်လုပ်ဆောင်မှုများကို ၎င်းတို့ကထပ်မံအထောက်အပံ့ပေးထားသည်။

ထူးခြားသည့်ကင်မရာစွမ်းဆောင်ရည်ဖြစ်သော ကျောဘက်အဓိကကင်မရာမှာ 16MP ပမာဏတပ်ဆင်ပေးထားပြီး 4K အရည်အသွေးရှိသော ရုပ်သံများရိုက်ကူးနိုင်မည်ဖြစ်ကာ ထပ်မံ၍ 20MP ပမာဏရှိသော ကျောဘက်ကင်မရာတစ်လုံး တပ်ဆင်ထားပေးသည်။ အရှေ့ဘက်မျက်နှာပြင်တွင် Notch ပါဝင်ပြီး 16MP Selfie ကင်မရာထည့်သွင်းပေးထားကာ မျက်နှာဖတ်စနစ်ဖြင့် ဖုန်းကိုသုည ဒသမ ၄ စက္ကန့်အတွင်း Unlock ပြုလုပ်နိုင်ပြီး AI နည်းပညာများလည်း ထည့်သွင်းပေးထားသောကြောင့် လှပသည့်ဓာတ်ပုံများကိုယ်တိုင်ရိုက်ကူးနိုင်မည်ဖြစ်သည်။ Li-Po 3300 mAh ဘက်ထရီ ထည့်သွင်းပေးထားပြီး အရောင်သုံးမျိုးရရှိနိုင်ကာ တန်ဖိုးအမြင့်ဆုံးအမျိုးအစားကို ဒေါ်လာ ၆၃၀ ဖြင့် စတင်ဝယ်ယူနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

### Oppo Realme1

တန်ဖိုးသင့် မျက်နှာပြင်ကျယ်နှင့် ကင်မရာလုပ်ဆောင်ချက်ကောင်းမွန်မှုများပါဝင်သည့် စမတ်ဖုန်းတစ်မျိုးကို ယခုလ ၂၅ ရက်တွင် စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း Oppo က တရားဝင်ထုတ်ပြန်ကြေညာလိုက်သည်ဟု သိရသည်။ တန်ဖိုးသက်သာမည်ဖြစ်သောကြောင့် ဖုန်းအတွင်း လုပ်ဆောင်ချက်အချို့အား အနည်းငယ်လျှော့ချကာ AI နည်းပညာ စနစ်များစွာကို ပံ့ပိုးပေးထားသည်ဟု Oppo မှ ကြေညာထားသော စမတ်ဖုန်းမှာ Oppo Realme1 ဟု အမည်ပေးထားကြောင်း သိရသည်။

ခြောက်လက်မအရွယ်မျက်နှာပြင်နှင့် ကျောဘက်ကိုယ်ထည် ဒီဇိုင်းထူးခြားမှုရှိပြီး ကျောဘက် 13MP ကင်မရာနှင့် အရှေ့ဘက် 8 MP ကင်မရာ တစ်လုံးစီသာတပ်ဆင်ပေးထားသည်။ ထူးခြားချက်အဖြစ် AI နည်းပညာစနစ်များစွာ အထောက်အပံ့အဖြစ်ထည့်သွင်းပေးထားပြီး မျက်နှာဖတ်စနစ်၊ Beauty Mode, Portrait Mode ကဲ့သို့ လှပသည့် ဓာတ်ပုံဖန်တီးမှုများစွာ လုပ်ဆောင်နိုင်ပြီး Qcta-Core MT6771 Helio P60 ပရိုဆက်ဆာ၊ Android 8.1 လည်ပတ်မှုစနစ်၊ Mali-G72 MP3 ဂရပ်မစ်ပရိုဆက်ဆာနှင့် RAM 3GB, 4GB, 6GB သုံးမျိုးထုတ်လုပ်ထားပြီး သိုလှောင်သိမ်းဆည်းမှုအတွက်လည်း 32GB, 64GB, 128GB သုံးမျိုးရရှိနိုင်ကာ Micro SD 256GB ပမာဏအထိ ထပ်မံထည့်သွင်း အသုံးပြုနိုင်မည်ဟု သိရသည်။ ဘက်ထရီပမာဏ 3410 mAh ပမာဏပါဝင်ကာ အရောင်သုံးမျိုးရွေးချယ်နိုင်ပြီး အမြင့်ဆုံးတန်ဖိုးယူရို ၁၇၀ ဝန်းကျင်တွင် စတင်ဝယ်ယူနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

### Samsung Galaxy A8 Star, A8 Lite

ကမ္ဘာ့နံပါတ်တစ် စမတ်ဖုန်းရောင်းအားအကောင်းဆုံး Samsung အမှတ်တံဆိပ်သည် Mid Range အမျိုးအစား စမတ်ဖုန်းနှစ်မျိုးကို ယခုလ ၂၁ ရက်တွင် မိတ်ဆက်ပေးသွားနိုင်ဖွယ်ရှိကြောင်းသတင်းများထွက်ပေါ်နေခဲ့ပြီး ၎င်းစမတ်ဖုန်းနှစ်မျိုးတွင် ပါဝင်သည့်အချက်အလက်များလည်း ပေါက်ကြားထွက်ပေါ်လာခဲ့သည်။ ၆ ဒသမ ၂၈ လက်မ မျက်နှာပြင်အကျယ်နှင့် Snapdragon 6 60 SoC ပရိုဆက်ဆာ၊ Android 8.0 လည်ပတ်မှုစနစ်၊ RAM 4GB၊ သိုလှောင် သိမ်းဆည်းမှုအတွက် 64 GB ပမာဏများနှင့် ထွက်ပေါ်လာနိုင်ဖွယ်ရှိသည့် Samsung Galaxy A8 Star နှင့် Galaxy A8 Lite ဟုအမည်ရသော စမတ်ဖုန်းအမျိုးအစားနှစ်မျိုးကို Samsung မှ မကြာခင်ရက်ပိုင်းတွင် မိတ်ဆက်ပေးသွားတော့မည်ဟု ခန့်မှန်းထားကြကြောင်း သိရသည်။

ကျောဘက်ကင်မရာ 16MP+24MP နှစ်လုံးနှင့် အရှေ့ဘက်ကင်မရာ 24MP ပမာဏများထည့်သွင်းတပ်ဆင်ပေးထားနိုင်ဖွယ်ရှိပြီး ဘက်ထရီပိုင်းအတွက် လျင်မြန်သည့်အားသွင်းစနစ်နှင့် 3700 mAh ပမာဏအထိရှိသော ဘက်ထရီ ပါဝင်လာနိုင်ဖွယ်ရှိကာ တိကျသည့်ဈေးနှုန်းနှင့် အသေးစိတ်အချက်အလက်များကို မသိရှိရသေးဘဲ Samsung မှ တစ်မျိုးချင်း သို့မဟုတ် နှစ်မျိုးတစ်ပြိုင်နက်မိတ်ဆက်ပေးသွားနိုင်ဖွယ်ရှိနေကြောင်း သိရသည်။ **ဓာဏီ**

## တယ်လီနော လူငယ်ဖိုရမ်အတွက် မြန်မာလူငယ်များ စတင်လျှောက်ထားနိုင်

**ရန်ကုန် မေ ၁၇**
နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ဒီဇင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည့် တယ်လီနောလူငယ်ဖိုရမ် (TYF) တွင် ပါဝင်လိုသူ မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသူ လူငယ်များ စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။ လျှောက်ထားသူသည် အသက် (၂၀) မှ (၂၈) နှစ် အတွင်းရှိပြီး အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်ပိုင်နိုင်ရမည်ဖြစ်ကာ ပညာအရည်အချင်းအနေဖြင့် တက္ကသိုလ်တက်ရောက်ဆဲ သို့မဟုတ် ပြီးဆုံးထားသူ ဖြစ်ရမည် ဖြစ်သည်။ လျှောက်လွှာများကို မေ ၁၅ ရက်မှ ဇူလိုင် ၃၁ ရက်အတွင်း လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

တယ်လီနောလူငယ်ဖိုရမ်သည် တယ်လီနောလုပ်ငန်းစုနှင့် နိုဘယ်ငြိမ်းချမ်းရေးစင်တာ (NPC) တို့ ပူးပေါင်းစီစဉ်သည့် ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးပွဲတစ်ခုဖြစ်ပြီး ယခင်ကျင်းပပြီးစီးခဲ့သည့် TYF ဖိုရမ် ငါးကြိမ်တွင် မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ခဲ့သူ လူငယ်ရှစ်ဦးရှိခဲ့သည်။



"တယ်လီနော လူငယ်ဖိုရမ်က လူ့အဖွဲ့အစည်းအတွင်းမှာ လူမှုရေး၊ စီးပွားရေးနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုတွေကို ဦးဆောင်ဖို့ စိတ်အားထက်သန်တဲ့ ထူးချွန်လူငယ်တွေကို မွေးထုတ်ပေးတဲ့အစီအစဉ်တစ်ခု ဖြစ်ပါတယ်၊ တယ်လီနောအနေနဲ့ မြန်မာလူငယ်တွေကို ဒီဖိုရမ်ကိုတက်ရောက်ဖို့ တိုက်တွန်းလိုပါတယ်၊ တစ်ကမ္ဘာလုံးဆိုင်ရာ တိုးတက်ပြောင်းလဲမှုတွေမှာ တစ်ထောင့်တစ်နေရာက ပါဝင်နိုင်ဖို့ ဒီဖိုရမ်ကိုတက်ရောက်ပြီး အစွမ်းအစတွေ ထုတ်ပြကြနိုင်ဖို့ လျှောက်ထားကြပါလို့ တိုက်တွန်းလိုပါတယ်" ဟု တယ်လီနောမြန်မာ၏ အမှုဆောင် အရာရှိချုပ် Lars Erik Tellmann က ပြောကြားခဲ့ကြောင်း သိရသည်။

တယ်လီနော လူငယ်ဖိုရမ်တက်ရောက်သူများသည် ဖိုရမ်နှင့်ပတ်သက်၍ တစ်နှစ်ကြာ အချိန်ပေးရန်လိုအပ်မည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အော်စလိုမြို့နှင့် ၂၀၁၉ ခုနှစ် မေလတွင် ဗန်ကောက်မြို့တို့၌ အသီးသီးကျင်းပမည့် ဆွေးနွေးလုပ်ဆောင်မှုများအား စရိတ်ငြိမ်းသွားရောက်ပါဝင်ခွင့်ရရှိမည်ဖြစ်သည်။ အဖွဲ့တစ်ဖွဲ့ ချင်းစီအတွက် ဒီဇင်ဘာလအတွင်း အော်စလိုမြို့တွင် အစီအစဉ်စတင်ကျင်းပချိန်၌ အဖွဲ့လိုက်ခေါင်းစဉ်များ သတ်မှတ်ပေးထားမည်ဖြစ်ပြီး အဆိုပါ လူမှုရေးစိန်ခေါ်မှုများအား ဖြေရှင်းပေးနိုင်မည့် ဒစ်ဂျစ်တယ်နည်းလမ်းများအား အဖွဲ့လိုက် ပူးပေါင်းအဖြေရှာ ဖော်ထုတ်ရမည်ဖြစ်သည်။

အစီအစဉ်တစ်လျှောက်တွင် တယ်လီနောအုပ်စုမှ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက လူငယ်များကို ညွှန်ကြားသင်ပြပေးခြင်းများ ပြုလုပ်ပေးမည်ဖြစ်သည်။ TYF အစီအစဉ်တစ်ခုလုံးတွင် သင်ပြပေးသူများက လူငယ်များကို လက်တွေ့လုပ်ငန်းဆောင်ရွက်ခြင်းမှ ရရှိသည့် အတွေ့အကြုံများကို မျှဝေပေးရုံသာမက Service Design၊ Prototyping၊ Presenting၊ Exhibiting နှင့် Pitching စသည့် လက်ရှိ ကမ္ဘာတွင်ကျင့်သုံးနေသည့် ပညာရပ်များကို သင်ကြားပြသပေးကြမည်ဖြစ်သည်။

၂၀၁၇ ခုနှစ် TYF တွင်ပါဝင်သည့် လူငယ်များသည် အွန်လိုင်း လုံခြုံရေး၊ ဒစ်ဂျစ်တယ်သက်သေခံ ID၊ လုပ်ငန်းခွင်အခြေအနေ ကောင်းမွန်ရေးနှင့် လူမှုပတ်ဝန်းကျင် ကောင်းမွန်ရေးအတွက် Big Data ကို အသုံးပြုမှု စသည့်အကြောင်းအရာများကို ဖြေရှင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဖွဲ့ငယ်များသည် ၎င်းတို့ လုပ်ငန်းစဉ်များ၏ ထက်ဝက်ပြီးစီးနေပြီဖြစ်၍ လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ရန် ယခုလတွင် ဗန်ကောက်မြို့၌ တွေ့ဆုံဆွေးနွေးကြမည် ဖြစ်သည်။ ထို့နောက် ၎င်းတို့ဆောင်ရွက်နေသည့် ပရောဂျက်များကို နိုဘယ်ငြိမ်းချမ်းရေးစင်တာတွင် ခင်းကျင်းပြသသွားမည် ဖြစ်သည်ဟု ဆိုသည်။

တယ်လီနောလူငယ်ဖိုရမ် တစ်ခုပြီးဆုံးသည့်အခါတိုင်း အနိုင်ရရှိသည့်အဖွဲ့ကို ရွေးချယ်သွားမည်ဖြစ်ပြီး ၎င်းတို့၏ စိတ်ကူးများကို အကောင်အထည်ဖော်နိုင်ရန် နော်ဝေနိုင်ငံသုံး ငွေကြေး ခရိုနာ ၁ သိန်း (ကန်ဒေါ်လာ ၁၅၀၀၀) အား ရင်းနှီးမတည်ငွေအဖြစ် တယ်လီနောက ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ALEX**

# ဘဝအလင်းရောင် အဘိဓမ္မာသင်တန်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက် ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တဇဋိလ(ပိဋကတ်တစ်ပုံဆောင်)၏ဦးဆောင်လမ်းညွှန်မှုဖြင့် (၁၂-၅-၂၀၁၈)မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက်(၉)နာရီမှ (၁၂)နာရီထိ အဘိဓမ္မာစာမေးပွဲပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် ဖြေဆိုလိုသူများနှင့် အဘိဓမ္မာတရားသင်ကြားလိုသူများအတွက် ဓမ္မဒါနအဖြစ်သင်ကြားပို့ချပေးမည်ဖြစ်ပါသဖြင့် မည်သူမဆိုကုသိုလ်ဖြစ်တက်ရောက် နာယူသင်ကြားနိုင်ပါသည်။

**သင်တန်းမှူး - ဆရာမကြီးဒေါက်တာခင်ယုန္တယ်**

**နေရာ - ဓမ္မာရုံကျောင်း၊ သရက်တောကျောင်းတိုက်၊ လမ်းမတော်မြို့နယ်။**

**ဖုန်း- ၀၉-၅၁၄၀၅၅၆**

**ရွှေလမ်းခရီး ...095124678,09401589907**

### ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ရောဂါ အထူးကုဆေးရုံကြီး
### မန္တလေးမြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါအထူးကု ဆေးရုံကြီးသည် ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလထိ (၆)လအတွက် (FDA) အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများကို ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် အသိပေးအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများစတင် ရောင်းချမည့်ရက် - (၂၁-၅-၂၀၁၈)ရက်

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - (၂၀-၆-၂၀၁၈) (ညနေ ၄း၀၀ နာရီ)

၃။ လိုအပ်သော တင်ဒါစည်းမျဉ်းနှင့် ဆေးပစ္စည်းများအကြောင်းကို သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းသို့ စုံစမ်းနိုင်ပါသည်။

**မနနလ-ဆေးရုံကြီး၊ မန္တလေးမြို့**

**ဖုန်း-၀၂-၃၁၂၀၀၊ ၀၂-၂၁၁၀၆**

### သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်
### (၁၁၇)ကြိမ်မြောက် နယုန်လ(၇)ရက်
### အထူးတရားစခန်းပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာ အဖွဲ့ချုပ်၏ ဓမ္မာရုံတော်ကြီးတွင် နှစ်စဉ်ကျင်းပပြုလုပ်သည့် (၁၁၇)ကြိမ်မြောက် နယုန်လ(၇)ရက် အထူးတရားစခန်းပွဲကို ၁၃၈၀ခုနှစ် နယုန်လဆန်း(၁၁)ရက်မှ ၁၃၈၀ခုနှစ်၊ နယုန်လပြည့်ကျော်(၂)ရက်အထိ (၂၅-၅-၂၀၁၈)မှ (၃၁-၅-၂၀၁၈)ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြတ်စွာဘုရား၏ ဆန္ဒတော်နှင့်အညီ ဓမ္မာနုပဿနာ သတိပဋ္ဌာန်းတရားတော်များကို ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာများဖြစ်သော ဦးဇောတိက၊ နာယကကြီး ဦးမြင့်သိန်း၊ ဦးမြင့်သန်းနှင့် အရုံတရားဟော ဓမ္မကထိကများက သစ္စာသိကြောင်း အလုပ်ပေးတရားတော်များကို မဖျိုမပဖို့ ပဒါနည်းကျ ဟောကြားပြသပေးကြမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် (၂၄-၅-၂၀၁၈)ရက် ကြာသပတေးနေ့ ညနေ(၅)နာရီထက် နောက်မကျဘဲကြွရောက်ကြပါရန် စခန်းပွဲသို့ဆက်သွယ် လှူဒါန်းလိုသောအလှူရှင်များနှင့် ယောဂီများအနေဖြင့် နာယကဦးအေးကို-ဖုန်း- (၀၉-၂၅၀၅၁၆၂၀၆)၊ ဥက္ကဋ္ဌဦးကျော်ဦး-ဖုန်း(၀၉-၂၅၂၄၂၄၀၅၀)၊ အတွင်းရေးမှူး ဦးကျော်လေး-ဖုန်း(၀၉-၇၉၄၃၅၁၆၀၆)၊ ဘဏ္ဍာရေးမှူးဦးလှမျိုး-ဖုန်း (၀၉-၅၀၆၁၁၃၈)၊ စာရင်းစစ်ဒေါ်ညိုညို-ဖုန်း (၀၉-၇၉၉၅၂၃၄၇)၊ ဒေါ်နီလာ-ဖုန်း (၀၉-၄၂၃၇၀၆၈၄၈)၊ ဒေါ်ဘေဘီဝင်း-ဖုန်း (၀၉-၅၀၇၉၅၁၁)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**




ဦးသန်းထွေး + ဒေါ်သန်းသန်းမြင့်

မှုသပထမ **တီဗွီ (1)**

**ကားမောင်း၊ စက်ပြင်သင်တန်း**

- မ/ဒဂုံယာဉ်မောင်းသင်ကွင်း။ ☎:01-706862,09-73047755,09-73322177,09-73235757
- သီမိဖြူကားကတ်ဆက်တန်း။ ☎:01-201188, 09-73047744, 09-73047766
- (218)၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်းဈေးမှတ်တိုင်။ ☎:01-549764, 01-545155
- အမှတ်(3-F) တန်တော်မှန်အိမ်ရာ၊ လေးထောင့်ကန်လမ်းမကြီး။ ☎:01-573986, 01-573988



## စာသင်သား သံဃာတော်များ လက်ခံသည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မရုံကျောင်း ပရိယတ္တိစာသင်တိုက်တွင်

၁။ ဓမ္မာစရိယတန်း ရဟန်း/သာမဏေများ
၂။ ပထမကြီးတန်း ရဟန်း/သာမဏေများ
၃။ ပထမလတ်တန်း ရဟန်း/သာမဏေများ
၄။ ပထမငယ်တန်း ရဟန်း/သာမဏေများ
၅။ အခြေပြုမူလတန်း ရဟန်း/သာမဏေများ
၆။ သာသနာ့ပြုသင်တန်းအသီးသီးသို့ တက်ရောက်သင်ကြားလိုသော ရဟန်း/သာမဏေများ
၇။ အစိုးရနိုင်ကာယ်စာမေးပွဲဖြေကြားလိုသော ရဟန်း/သာမဏေများကို စည်းကမ်းချက်နှင့်အညီ နယုန်လကွယ်နေ့ နောက်ဆုံးထား၍ ဆက်သွယ် လျှောက်ထားနိုင်ပါသည်။

**ဓမ္မာရုံကျောင်းစာသင်တိုက်**

ဖုန်း ၀၉-၄၂၀၀၈၀၃၆၇၊ ၀၉-၄၃၁၁၄၄၃၇၊ ၀၉-၂၅၀၁၄၈၆၈၆

**မြတ်မောင်**
(July-25)
(July-25)
India GSM Simcard
Internet Wifi Free Service
**(DVD)**
Ph : 09 49338595, 09 788304828, 09 263125261, 09 420134528
Ph : 09 797512889,0991038589
( June-3)
MBK, Duty Free (Air Ticket, A/C Express) ( 170 USD)
(Air Ticket, A/C Bus) ( 200 USD)
( May -25 )

**မင်္ဂလာပါ**
09-450042704
09-250095116
09-420096286

**မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း**
"Social Business"

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | [illegible] | [illegible] | [illegible] |
| ၁-တန်း | ။ | [illegible] | [illegible] |
| ၂-တန်း | ။ | [illegible] | [illegible] |
| ၃-တန်း | ။ | [illegible] | [illegible] |
| ၄-တန်း | ။ | [illegible] | [illegible] |
| ၅-တန်း | ။ | [illegible] | [illegible] |
| ၆-တန်း | ။ | [illegible] | [illegible] |
| ၇-တန်း | ။ | [illegible] | [illegible] |
| ၈-တန်း | [illegible] | [illegible] | [illegible] |
| ၉-တန်း | ။ | [illegible] | [illegible] |
| ၁၀-တန်း | ။ | [illegible] | [illegible] |

**မေ ၇ ရက်နေ့ ကျောင်းစတင်ဖွင့်မည်**

**ပညာနန်းတော်**
အ.ထ.က
**ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်**

**မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း**
Laptop Projector, Powerpoint, documentary Mobile Phone

118 A/B VIP-1 Tel : 01-577 605, 09 782 216 338 pnndschool A-8




FIFA WORLD CUP
RUSSIA 2018
FIFA WORLD CUP
RUSSIA 2018
SKY NET
OFFICIAL BROADCASTER
June 14 - July 15
ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျာ
ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလား
ဘောလုံးပြိုင်ပွဲကြီး၏ ဖွင့်ပွဲ၊ ပိတ်ပွဲ အပါအဝင် ယှဉ်ပြိုင်ကစားကြမည့်
ပွဲစဉ်များအားလုံးကို SKY NET ရုပ်သံလိုင်းများမှမြန်မာနိုင်ငံတစ်ဝန်းလုံးတွင်
တစ်ဦးတည်းမူပိုင် (Exclusive Rights) တိုက်ရိုက် (Live)
ထုတ်လွှင့်ပြသမည်ဖြစ်ပါကြောင်း ရိုသေလေးစားစွာ သတင်းကောင်းပါးအပ်ပါသည်။
Live On
SKY NET SPORTS 6
SKY NET SPORTS HD
SKY NET SPORTS 1
Official Broadcast Sponsors
ooredoo
bellaMEN CARE
CB BANK
www.skynetdth.com
skynetdthofficial
Hot Line : 09 261 115 103 ~ 107/ 09 261 118 901 ~ 902


MAB
Myanma Apex Bank
VISA
FIFA WORLD CUP RUSSIA 2018
worldwide partner
EMBRACE YOUR LIFESTYLE
FIRST VERTICAL VISA CARD IN MYANMAR
COURTESY OF VISA
VISA PLATINUM CREDIT CARD
VISA CLASSIC CREDIT CARD
MAB VISA FIFA WORLD CUP™ CREDIT CARD
Visa နှင့် MAB Bank မှပေးသော Discount နှင့် အကျိုးခံစားခွင့်များ ရရှိနိုင်ခြင်း
ကတ်အခမဲ့လျှောက်ထား နိုင်ခြင်း
MAB iBanking အကောင့် ကိုအခမဲ့ဖွင့်ပေးခြင်း
Get MAB CARD
APPLY NOW!
Available at Any MAB Branches
(While Stock Last)
CALL CENTER : 01 8610612
Scan QR Code with your Smart Phone to Find MAB Branches




HOTLINE
+959 777 773 770
/THECENTRALYANGON

PROJECT LOCATION
Corner of Kabar Aye Pagoda Road
and Kanbe Road, Yankin Township,
Yangon, Myanmar

GALLERY SHOWROOM
No. 7-8, Kabar Aye Pagoda Road,
Yankin Township, Yangon, Myanmar.
www.thecentral.com.mm

# ဝန်ကြီးဌာန လေးခု၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် မေ ၁၇**

ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး**က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့်

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳**



ဝန်ကြီးဌာနလေးခု၏ သတင်းစာရှင်းလင်းပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပစဉ်။

# ဘင်္ဂလားဒေ့ရှ်သို့ ရောက်ရှိနေသူများ ပြန်လည်ခေါ်ယူရေးဆိုင်ရာ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် မေ ၁၇

**နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရောက် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူများ ပြန်လည်ခေါ်ယူရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ဒုတိယအကြိမ်မြောက် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေး တက်ရောက်ရန် မေ ၁၅ ရက်မှ ၁၈ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ သွားရောက်ခဲ့သည်။**

အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရတို့မှ ကိုယ်စားလှယ်များလည်း လိုက်ပါသွားခဲ့သည်။

ဒုတိယအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးကို မေ ၁၇ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရဧည့်ဂေဟာ၌ ကျင်းပရာ အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ရှာဟီဒူလ်ဟတ်ခ်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ပြန်လည်ဝင်ရောက်လာသူများအတွက် အဆင်ပြေစေမည့်ပတ်ဝန်းကျင် ဖန်တီးထားရှိမှုအခြေအနေ၊ လုံခြုံရေးအစီအမံများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများ၏ လက်ရှိအခြေအနေ၊ နိုင်ငံတကာ နယ်နိမိတ်မျဉ်းအနီးတွင် နေထိုင်လျက်ရှိသည့်

**စာမျက်နှာ ၂ ကော်လံ ၃ သို့ ○**

# စက်သုံးဆီဈေးနှုန်းများ ဆက်တိုက်မြင့်တက်

## တစ်လီတာ ကျပ် ၉၀၀ နီးပါး ရောက်ရှိလာ

**ရန်ကုန် မေ ၁၇**

ယခုနှစ် သင်္ကြန်ကာလမတိုင်မီမှ စတင်၍ ပြည်တွင်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာရာ လက်ရှိတွင် အမြင့်ဆုံးဈေးနှုန်းသို့ ရောက်လာခဲ့ကြောင်း ပြည်တွင်းစက်သုံးဆီဈေးကွက်မှ သိရသည်။

တဖြည်းဖြည်းမြင့်တက်လာသော စက်သုံးဆီဈေးနှုန်းသည် အစိုးရဝန်ထမ်းများ၏ လစာတိုးမြှင့်မည်ဟု ကြေညာချက်ထွက်ပေါ်ခဲ့သည့် ဧပြီလကုန်ပိုင်း လက်ရှိအချိန်အထိ အမြင့်ဆုံးဈေးနှုန်းသို့ မြင့်တက်သွားခဲ့ကြောင်း ဈေးကွက်ပေါက်ဈေးများအရ သိရသည်။

လက်ရှိ ရန်ကုန်မြို့ စက်သုံးဆီအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသောဈေးနှုန်းများမှာ အောက်တိန်း ၉၂ တစ်လီတာလျှင် ကျပ် ၈၃၀၊ အောက်တိန်း ၉၅ တစ်လီတာလျှင် ကျပ် ၈၈၀၊ ဒီဇယ်တစ်လီတာလျှင် ၈၆၅ ကျပ်၊ အဆင့်မြင့် ဒီဇယ်တစ်လီတာလျှင် ၈၈၅ ကျပ်အထိရှိလာခဲ့ကြောင်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**




နိုင်ငံတကာ(၁၂)တန်းနှင့် ညီမျှ ACT, USA မှ ထောက်ခံသည့်

**AMERICAN COLLEGE PROGRAM** အတွက် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

အပတ်စဉ် - (၁၅) ဇူလိုင်လ ၂၀၁၈

**Program လျှောက်ထားရန် လိုအပ်သည့် ပညာအရည်အချင်း**

- မြန်မာ ဆယ်တန်းအောင်မြင်ထားသူများ
- IGCSE အနည်းဆုံး (၅) ဘာသာကို Grade " C " ဖြင့် အောင်မြင်ထားသူများ
- Grade 11 နှင့် ညီမျှသည့် ပညာရေးပြီးဆုံးထားသူများ

**ဝင်ခွင့်စာမေးပွဲ**

- အင်္ဂလိပ်စာ
- သင်္ချာ

(လျှောက်ထားသူ၏ ပညာအရည်အချင်းနှင့် ရမှတ်များပေါ် မူတည်ပြီး ဝင်ခွင့်စာမေးပွဲ ကင်းလွတ်ခွင့်ရှိသည်။)

**သင်တန်းကာလ - (၁၂)လ**

သင်ကြားမည့် ဘာသာရပ်များ -
- Academic English
- Mathematics
- Computing / Business / Science / Social Science / Psychology
- IELTS & ACT (American College Test)

**သင်ကြားမှုပုံစံ** | **စစ်ဆေးမှုပုံစံ**




အဆိုပါ ပရိုဂရမ်ပြီးဆုံးပါက အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ်/ကောလိပ်များမှ အသိအမှတ်ပြု အမေရိကန် (၁၂)တန်း လက်မှတ် ရရှိမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူများ၏ GPA (Grade Point Average) အမှတ်များပေါ်မူတည်ကာ အမေရိကန်၊ ယူကေ၊ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်နှင့် ကိုရီးယားတက္ကသိုလ်များသို့ ပညာသင်ဆုများ၊ ဘာသာရပ် ကင်းလွတ်ခွင့်များဖြင့် ဆက်လက် တက်ရောက်နိုင်မည်ဖြစ်ပြီး ကျောင်းလျှောက်ထားမှုများအတွက် အခမဲ့ ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။

ဝင်ခွင့်စာမေးပွဲနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက
CROWN Education & Royal Academic Institute
KANBAWZA Tower, အမှတ် (၂၅၅)၊ ၁၀၀မီတာ၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်။
ဖုန်း - ၀၁ ၅၂၂ ၈၃၈၊ ၀၉ ၄၄ ၈၈ ၆၆ ၇၀၀ နှင့် ၀၉ ၄၅၀ ၅၆ ၃၀၀



**YGN အိမ် ခြံ မြေအကျိုးဆောင်**

လူကြီးမင်းတို့ပိုင်ဆိုင်သော တိုက်ခန်း၊ လုံးချင်းနှင့် ကွန်ဒိုအား အမြန်ဆုံး ရောင်း/ဝယ်/ငှား ပြုလိုပါက ဆက်သွယ်အပ်နှံနိုင်ပါပြီ။ 09 779933549, 09 262626177


### ပျောက်ဆုံးကြောင်း

ဦးထွန်းလှ [၁၂/မရက(နိုင်)၁၁၀၀၆၈]နှင့် ဒေါ်အေးအေးခိုင် [၆/ထဝန(နိုင်)၀၁၉၂၉၁]တို့၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၅၂၃၈၃**

### ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန
### မကွေးတက္ကသိုလ်၊ မကွေးမြို့
### တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာရေးနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် မကွေးတက္ကသိုလ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
(က) အဓိပတိလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း
(ခ) ကျောင်းသားအိပ်ဆောင်(၄)ဆောင်၊ ပါမောက္ခချုပ်နေအိမ်၊ အားကစားရုံ၊ ဘောလုံးကွင်းသွားလမ်း ကွန်ကရစ်ခင်းခြင်း
(ဂ) ဘက်စုံခန်းမ (Sound Proof System)နှင့် အပူရှိန်ထိန်းရန်(Aluminium Foil)ထည့်၍ ကျွန်းအလှကာ နံရံတပ်ဆင်ခြင်း
(ဃ) (၄)ခန်းတွဲ (၄)ထပ် အရာထမ်းအိမ်ရာ(၁)လုံးဆောက်လုပ်ခြင်း
(င) (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ(၁)လုံး ဆောက်လုပ်ခြင်း
(စ) ဘောလုံးကွင်း Chain Link ခြံစည်းရိုးကာရံခြင်း
(ဆ) ကျောင်းသားအိပ်ဆောင်(၂)လုံးနှင့် ဆရာမများဆောင် Chain Link ခြံစည်းရိုးကာရံခြင်း
(ဇ) ဖန်ခါးဆောင် Chain Link ခြံစည်းရိုးကာရံခြင်း

၂။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် -၁၁-၅-၂၀၁၈ရက်
တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်-ရုံးချိန်အတွင်း
တင်ဒါပိတ်မည့်ရက်/အချိန် -၅-၆-၂၀၁၈ရက်၊ ညနေ ၄း၀၀နာရီ
တင်ဒါတင်သွင်းရမည့်နေရာ -ဌာနမှူး(စီမံ/ဘဏ္ဍာ)ရုံးခန်း မကွေးတက္ကသိုလ်၊ မကွေးမြို့

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန-ဖုန်း-၀၆၃-၂၈၁၃၁
မကွေးတက္ကသိုလ်၊ ဌာနမှူး(စီမံ/ဘဏ္ဍာ) ဖုန်း-၀၉-၉၆၁၅၈၈၉၀၄

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ**


ငွေ မြဲ အိမ် San brotherhood

"စာရင်းဆေးဆေးသပ်(အခမဲ့)"

Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်

တပ်ဆင်ပြီးဈေးနှုန်း (၃ နှစ်အာမခံ)

1HP 300000Ks

Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

FMI City (လှိုင်သာယာ) 709373, 09-5084831, 3682445(Ext)1421
Capital (ဒဂုံ) 09-5053114, 73251545, 01-708842
Super 1 (လှိုင်သာယာ) 01-704487, 09-73217035
01-704101, 09-5002738, 09-450023810
3681854, 706193, 09-73116475
01-704649, 09-73066836, 09-73004800
09-43083868, 01-703241
09-5190383, 09-73251535
CNG 01-703684, 09-43130068
09-5012419, 09-73126244
(တ/ဒ) 01-709114, 09-5019316



**ဆုံသစ္စာ**

Car rental

Ph : 09799566761
095504667



Ph: 09795549249, 095418128
09-795546884



(1) Juntion Ph: 571545, 09-5126882
(2) Ph: 200917, 09-43122884
(3) Ph: 566592, 09-421008133


### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)ရှိ သိုလှောင်ကန် (TAC-57)မှ ဆီပြာ (Blue Oil) ၉၅၀၀၀ ဂါလန် (ဂါလန်ကိုးသောင်းငါးထောင်တိတိ)အား သံကန်အပြောင်ရှင်းစနစ်ဖြင့်လည်းကောင်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ စီဂျီအို (CGO) ၁၀၀၀၀၀၀ ဂါလန် (ဂါလန်တစ်သန်းတိတိ) အားလည်းကောင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်- ၂၉-၅-၂၀၁၈ရက်(အင်္ဂါနေ့)၊
အချိန်နှင့် နေရာ ၁၃း၀၀နာရီ
- မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရုံးချုပ်) ရုံးအမှတ်(၄၄)၊ နေပြည်တော်

၃။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၂၉-၅-၂၀၁၈ (အင်္ဂါနေ့)၊ ၁၄း၀၀နာရီ

၄။ သတ်မှတ်ထားသည့် တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website တွင် ၁၅-၅-၂၀၁၈ရက်မှစ၍ Download ရယူလျှောက်ထားနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂ နှင့် ၀၆၇-၃၄၁၁၀၉၃သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**


**THREE STAR**

Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်

Split Type Air-con Brand New

1HP

300000-Ks

(Copper Pipe-10', Drain Pipe, Wire, Safeguard, Frame, Transportation)

"အနီးဆုံးဆိုင်သို့ ဆက်သွယ်ရန်"

- 705784, 09-5163480
- 09-401505153, 09-420186543
- 09-428192157, 09-252833530
- 09-450047285, 09-250161435
- 09420047153, 09-250069932
- 0943131601, 09400882811



LEUCODERMA




# အထူးလိုက်လှဲဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈)ဖြင့် ဇန်နဝါရီလ ၄ ရက်တွင် နိုင်ငံတော်မှချီးမြှင့်သော **သီဟသုဓမ္မသိင်္ဂီဘွဲ့**နှင့် ၁၀-၅-၂၀၁၈ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ ပေးအပ်သော **Outstanding ASEAN Women Enterpreneurs Award 2018** ဆုကို ထိုက်ထိုက်တန်တန်ဆုချီးမြှင့်ခြင်းခံရသော **သီဟသုဓမ္မသိင်္ဂီ ဒေါ်ဖြူဖြူစိမ်း (Spike ချိုချိုဖြူကုမ္ပဏီ)**အား မိသားစုနှင့်အတူ အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

| | |
|---|---|
| သုဓမ္မသိင်္ဂီဒေါ်ဝင်းစိန် | (ဝင်းမေတ္တာ စက်ပစ္စည်းနှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ ကျိုက်လတ်မြို့။) |
| ဒေါ်ကျင်သန်း | (ရွှေဒေါင်းဆန်စက်၊ ကျိုက်လတ်မြို့။) |
| သုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းဦး | (မဥ္ဇူထွန်းမြင့်ကုမ္ပဏီလီမိတက်၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်ရောင်းဝယ်ရေး၊ ရန်ကုန်မြို့။) |
| ဒေါ်နွယ်နွယ်ဌေး | (မုံရွာဘုတ်ဆုံနှင့်မောင်နှမများ စတီးပစ္စည်းရောင်းဝယ်ရေး၊ ရန်ကုန်မြို့။) |
| မကေသီ၊ မဒေဇီ | (စိန်ရတနာ ရောင်းဝယ်ရေးနှင့် ဘုရင့်ရုပ်ရှင်ရုံ မော်လမြိုင်မြို့။) |
| မမိုးမိုးခိုင် | (Khitt Silk & Gift ဗိုလ်ချုပ်ဈေး) |








သီဟလင်း
01-570307
09-5112729
09-5126394


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း(၄၀)၊ အမှတ်(၁၄၆)၊ ပထမထပ်(ယာ)၊ အခန်းအားလွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံကြေညာသူ ဦးစံဝင်း (KTDA-၀၀၉၁၃၈) ဦးအောင်ထွန်းလင်း (KTDA- ၀၀၉၂၄၅) ထံမှ ကျွန်ုပ်ဦးစောထွန်း [၁၂/ကတတ(နိုင်)၀၃၄၂၆၇]၊ ဒေါ်မြဝင်း[၁၂/တကန(နိုင်)၀၇၂၄၅၂]မှ ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးတိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစောထွန်း [၁၂/ကတတ(နိုင်)၀၃၄၂၆၇]**
**ဒေါ်မြဝင်း [၁၂/တကန(နိုင်)၀၇၂၄၅၂]**
**ဖုန်း-၀၉-၂၅၁၀၃၅၄၁၆၊ ၀၉-၇၆၅၅၈၇၃၈၈**


★STAR★
ဒုံမြို့ပေါ်အ၊ဆေးဆိုင်း၊
တောင်ပိုင်း၊မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
Ph:09-43088052
09-260660405
09-421067330


## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ဈေးချိုရပ်ကွက်၊ တောင်ဝိုင်းထိပ်၊ သစ္စာလမ်း၊ အိမ်အမှတ်(၂၁)နေ၊ [ဦးကျင်ထွန်း(ခ)ချင်းချောင်း] [၁၄/ညတန(နိုင်)၀၆၇၄၈၁]နှင့် ဒေါ်သန်းသန်းဝေ [၁၄/ညတန(နိုင်)၀၅၂၃၇၈]တို့၏သမီး မနွယ်မီထွန်း [၁၄/ညတန(နိုင်)၁၀၂၇၁၉]သည် မိခင်နှင့်ညီကိုမောင်နှမများအား အကြိမ်ကြိမ်အရှက်ရအောင် ပြုလုပ်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်ခြင်း၊ မိခင်အား လူအများရှေ့တွင် ရိုင်းပျစွာပြောဆိုခြင်းတို့ကြောင့် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်း၏ အရှုပ်အရှင်းကိစ္စများမသက်ဆိုင်ပါ။ လုံးဝဖြေရှင်းပေးမည်လည်းမဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်သန်းသန်းဝေ**


ISO 9001/2000 ထောက်ခံချက်ရ
STEEL DRAGON
STAINLESS STEEL & ALUMINIUM COMPOSITE
STEEL DRAGON အား ယုံကြည်မှုအပြည့်ဖြင့် အစဉ်တစိုက် အားပေးလာကြသော
မိတ်ဆွေကြီးများကို ကျေးဇူးတုံ့ပြန်မည့်
SUPER JACKPOT 2018
LUCKY DRAW
ကံစမ်းမဲကာလ မေ(၁၈)ရက် မှ
ဇော်တင်ဘာလ (၃၀)ရက် ၂၀၁၈ အထိ
ပထမဆု
Suzuki Ciaz
2018 Model
ကားအသစ်(၁)စီး
ဒုတိယဆု
Suzuki Pickup
2018 Model
ကားအသစ်(၂)စီး
တတိယဆု
Loujia 110
(2018 Model)
ဆိုင်ကယ်အသစ်(၁၀၀)စီး
အခြားဆုမဲပေါင်းများစွာ
STEEL DRAGON ဆိုင်များတွင် ကျပ်(၁၀၀၀၀၀) ဖိုးဝယ်ယူအားပေးပြီး
ကံစမ်းမဲ ကူပွန်တစ်စောင် ရယူကံစမ်းနိုင်ပါပြီ...